# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ – ၇၈)


၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက် | ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၂)၊ အမှတ် (၁၁၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai တို့ နှစ်သစ်ကူးပွဲတော်အခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၂၀၂၃) ခုနှစ် တရုတ်နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် ချစ်ကြည်ရေး ဘတ်စကက်ဘောပြိုင်ပွဲပိတ်ပွဲနှင့် တရုတ်နှစ်သစ်ကူးပွဲတော်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**နေပြည်တော် ဇန်နဝါရီ ၂၁**

(၂၀၂၃)ခုနှစ် တရုတ်နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် ချစ်ကြည်ရေး ဘတ်စကက်ဘောပြိုင်ပွဲ ပိတ်ပွဲနှင့် တရုတ်နှစ်သစ်ကူးပွဲတော်အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့ တက်ရောက်ချီးမြှင့်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai ၊ မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ် ဥက္ကဋ္ဌ ဦးအိုင်ထွန်း၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် (၂၀၂၃) ခုနှစ် တရုတ်နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် ချစ်ကြည်ရေး ဘတ်စကက်ဘောပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများ၊ တရုတ်ရိုးရာ နဂါးအကအဖွဲ့များနှင့် ခြင်္သေ့အကအဖွဲ့များ၊ ဘင်ခရာအဖွဲ့များ၊ ပန်းပွားအကအဖွဲ့များက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ဘင်ခရာ တီးမှုတ်၍ အလေးပြုကြသည်။

ယင်းနောက် အမှတ်(၂)အခြေခံ ပညာအထက်တန်းကျောင်း(လသာ)မှ ကျောင်းသား ကျောင်းသူလေးများ၏ ဘင်ခရာအဖွဲ့နှင့် ပန်းပွားအကအဖွဲ့တို့က *စာမျက်နှာ ၃ ကော်လံ ၁ ➜*

**ယနေ့ ဖတ်စရာ**

*မြန်မာ – ရုရှား သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် အထိမ်းအမှတ်ဆောင်းပါး*

## မြန်မာ– ရုရှား စိန်ရတု သံတမန်ဆက်ဆံရေး



ဆောင်းပါး | စာ – ၁၆

**အချပ်ပို (၈) မျက်နှာပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဆောင်းပါးရှင် တက္ကသိုလ်မြတ်သူ၏ "အံ့သြဖွယ် မကုန် ပီတိရသ . . . ဖြင့် ဆင်နွှဲခဲ့သည့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အောင်ပွဲ" ဆောင်းပါး အချပ်ပို (၈) မျက်နှာ ပါရှိပါသည်။



မြန်မာ့အလင်း

# ယုံကြည်စိတ်ချရသည့် အိမ်နီးချင်း

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့သည် တရုတ်ရိုးရာလပြက္ခဒိန်အရ ကျားနှစ်မှ ယုန်နှစ်သို့ ကူးပြောင်းသည့် နှစ်သစ်ကူးနေ့ဖြစ်သည်။ နွေဦး၊ နွေ၊ ဆောင်းဦး၊ ဆောင်းဟူ၍ ရာသီ လေးခုရှိသည့် တရုတ်နိုင်ငံတွင် နှစ်သစ်ကူးပွဲတော်သည် နွေဦးပွဲတော်လည်းဖြစ်ပြီး အားလပ်ရက်ရှည်ကာလလည်း ဖြစ်သည်နှင့်အညီ လှပခမ်းနားသည့် ပွဲသဘင်များ၊ မိသားစု စုံညီပြန်လည်တွေ့ဆုံကြသည့် ဓလေ့ထုံးတမ်းအစဉ်အလာများနှင့် လွန်စွာစည်ကားလျက်ရှိသည့် အချိန်အခါလည်း ဖြစ်သည်။

နှစ်ပေါင်းထောင်ချီ တည်တံ့လာခဲ့သည့် ရိုးရာအစဉ်အလာဖြစ်သော တရုတ်နှစ်သစ်ကူးပွဲတော်ကို တရုတ်နွယ်ဖွားများ ပျံ့နှံ့နေထိုင်ရာ အရှေ့အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများ၊ ကမ္ဘာအရပ်ရပ်ရှိ နိုင်ငံများတွင်လည်း အစဉ်အလာမပျက် ကျင်းပကြရာ မြန်မာနိုင်ငံတွင်လည်း နှစ်စဉ်စည်ကားစွာ ကျင်းပကြသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် နှစ်နိုင်ငံနယ်နိမိတ်ချင်း ရှည်လျားစွာ ထိစပ်နေသကဲ့သို့ ကူးလူးဆက်ဆံမှုမှာလည်း ရှည်လျားသည့် သမိုင်းကြောင်းရှိသည်။ ရေချင်း၊ မြေချင်း ဆက်စပ်နေသည့်အလျောက် တစ်ဖက်မှတစ်ဖက်သို့ အခြေချနေထိုင်မှုများမှာလည်း ရှေးကတည်းကပင်ရှိသည်။ မြန်မာတို့ နေ့စဉ်စားကြသည့် အစားအစာများထဲတွင်လည်း တရုတ်ရိုးရာအစားအစာများစွာ ပါရှိနေပြီး နှစ်ခြိုက်စွာ စားသုံးနေကြခြင်းလည်းဖြစ်သည်။ မြန်မာနိုင်ငံ၏ ဒေသအနှံ့အပြားတွင် တရုတ်နွယ်ဖွားတို့ ပျံ့နှံ့နေထိုင်ကြသည့်နည်းတူ တရုတ်ယဉ်ကျေးမှုဓလေ့ထုံးစံတို့မှာလည်း မြန်မာတို့နှင့် ရင်းနှီးကျွမ်းဝင်လျက်ပင်ရှိနေပြီ ဖြစ်သည်။

ရန်ကုန်မြို့တွင် ကျင်းပသည့် တရုတ်နှစ်သစ်ကူးပွဲတော် အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နှစ်သစ်ဆုမွန်ကောင်းစကား ပြောကြားရာတွင် “မြန်မာနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် တရုတ်လူမျိုးများ၊ တရုတ်နွယ်ဖွား မြန်မာနိုင်ငံသားများအတွက် မျက်နှာနှစ်ဖက် ဆက်ဆံရေးမျိုးမရှိသည့် ယုံကြည်စိတ်ချရသည့် အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံသည်လည်း မြန်မာနိုင်ငံအတွက် အရေးကြီးသည့် အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်သကဲ့သို့ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံတစ်ခုလည်းဖြစ်ပါကြောင်း” ထည့်သွင်းပြောကြားခဲ့ပြီး မိမိတို့အားလုံး ပိုမို၍ချစ်ခင်ကြပါစေရန်၊ ငြိမ်းချမ်းမှုနှင့် သာယာဝပြောမှု ပိုမိုရရှိကြပါစေရန်နှင့် မြန်မာနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာအနှံ့တွင် နေထိုင်နေကြသည့် တရုတ်နွယ်ဖွားများ၊ တရုတ်နိုင်ငံသားများအားလုံး ပျော်ရွှင်စေရန်၊ စီးပွားလာဘ်လာဘတိုးပွားစေရန်၊ ကျန်းမာဘေးကင်း၊ လိုအင်ဆန္ဒပြည့်ဝစေရန်အတွက်ပါ ဆုတောင်းမေတ္တာ ပို့သခဲ့သည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနှင့် မိတ်ဝတ်မပျက် ဆက်ဆံနေထိုင်ရာတွင် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်ကို လက်ခံကျင့်သုံးသည်။ အိမ်နီးချင်းနိုင်ငံများဆိုသည်မှာလည်း ထာဝရယှဉ်တွဲနေထိုင်သွားကြရမည်ဖြစ်သည့်အလျောက် ရင်းနှီးချစ်ကြည်စွာ နေထိုင်သွားကြရမည်ဟူသည့် အချက်ပေါ်တွင် မြန်မာနိုင်ငံက စွဲမြဲစွာ ရပ်တည်ကျင့်သုံးလျက်ရှိပါကြောင်း။ ။




## ၂၀၂၃ ခုနှစ်၊ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝစဉ်တည်တံ့ရေးနှင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ပြည်တွင်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်ရေး။

၂။ ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားလူမျိုးများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၃။ တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာဖူလုံစေရေး၊ အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ် အောင်မြင်စေရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီ လက်တွဲဆောင်ရွက်ရေး။

၄။ ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင်ဆောင်ရွက်ပေးရေး။

၅။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး။

**တိုင်းရင်းသားများ စည်းလုံးအားဖြင့် လက်တွဲမပျက် ရှေ့သို့ဆက်။**

### အများအားဖြင့် သာယာမည်

နေပြည်တော် ဇန်နဝါရီ ၂၁

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

## ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့နှင့် ဦးစီးဌာနမိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၂၁

ပြည်ထဲရေးဝန်ကြီးဌာန အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ ကူးတို့ဆိပ်ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ မြို့မ ရွှေကြာရုံကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ သာသနာ့ရက္ခိတကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ရာမညနိကာယ သာသနာ့ရက္ခိတပရိယတ္တိမွန်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ထေရဝါဒဓမ္မရောင်ခြည် ပရိယတ္တိစာသင်တိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ မဟာအတုလ ဝေယံဘုံသာတိပိဋကရွှေပါရမီကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်ရှိ ပညာပါရမီကျောင်းတိုက်နှင့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ပုဗ္ဗာရုံကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ သရက်တောကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ ပညာစက္ကရာမကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မိုးကုတ်ရိပ်သာ(မြောက်)ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ နဂါးပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ နောင်အင်ပရိယတ္တိစာသင်တိုက်နှင့် လားရှိုးမြို့နယ်ရှိ လွယ်ဝိန်းတောရကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့နှင့် ဦးစီးဌာနများမှ သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းသည်။ **သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်ကြသူများ ချစ်ကြည်ရေးဘတ်စကက်ဘောပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်။

○ ရှေ့ဖုံးမှ

ကွင်းအတွင်း နေရာယူကြပြီး ပန်းပွားအကများ၊ ဘင်ခရာ စွမ်းရည်ပြမှုများဖြင့် လည်းကောင်း၊ တရုတ်ရိုးရာ နဂါးအကအဖွဲ့က စွမ်းရည်ပြသရပ်ဖော်ကပြမှုများဖြင့် လည်းကောင်း အသီးသီးဖျော်ဖြေတင်ဆက်ကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၊ မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်၊ တရုတ်–မြန်မာ ချစ်ကြည်ရေးအသင်း၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်ဘတ်စကက်ဘောအသင်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ တရုတ်နွယ်ဖွားမြန်မာနိုင်ငံသားများနှင့် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ယင်းနောက် ချစ်ကြည်ရေးဘတ်စကက်ဘောပြိုင်ပွဲအဖြစ် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးအသင်းနှင့် လူငယ်ဘတ်စကက်ဘောအသင်းတို့က ပထမပွဲစဉ်အဖြစ်လည်းကောင်း၊ ဒုတိယပွဲစဉ်အဖြစ် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးအသင်းနှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအားကစားသမားဟောင်းကြီးများ



အသင်းတို့က ဒုတိယပွဲစဉ်အဖြစ် လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

### တရုတ်ရိုးရာပဝါဖြင့်ဂါရဝပြု

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် တရုတ်နှစ်သစ်ကူးပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပမည့် နေရာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက တရုတ်ရိုးရာ ပဝါဖြင့် ဂါရဝပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ ဒုတိယသံအမတ်ကြီးနှင့် တာဝန်ရှိသူများက တရုတ်နှစ်သစ်ကူးပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

### စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးတို့က နှစ်သစ်ကူးပွဲတော်အခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် တရုတ်နှစ်သစ်ကူးပွဲတော်ကို စတင်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် တရုတ်ရိုးရာနဂါးအကအဖွဲ့များမှ ဂါရဝပြု ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး အကအဖွဲ့များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြကာ တရုတ်ရိုးရာယဉ်ကျေးမှုပြခန်းများနှင့် ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုကြသည်။ ၎င်းနောက် တရုတ်နှစ်သစ်ကူးပွဲတော်အခမ်းအနား အထိမ်းအမှတ် မီးရှူးမီးပန်းပစ်ဖောက်မှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ၂၀၂၃ ခုနှစ် တရုတ်နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် ချစ်ကြည်ရေး ဘတ်စကက်ဘောပြိုင်ပွဲ ပိတ်ပွဲနှင့် တရုတ်နှစ်သစ်ကူးပွဲတော်အခမ်းအနားအထိမ်းအမှတ် ညစာစားပွဲကို ကျင်းပပြုလုပ်ရာ ဦးစွာတရုတ်ရိုးရာ ခြင်္သေ့မျက်လုံးဖွင့်မင်္ဂလာ အခမ်းအနားကိုပြုလုပ်ခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က တရုတ်ရိုးရာခြင်္သေ့အား တရုတ်ထုံးတမ်းစဉ်လာများနှင့်အညီ ဂုဏ်ပြု ဆေးခြယ်သပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တရုတ်နှစ်သစ်ကူးပွဲတော် နှစ်သစ်ဆုမွန်ကောင်းစကား ပြောကြားရာတွင် ကမ္ဘာတွင် အသုံးများနေသည့် ပြက္ခဒိန်အရ နှစ်သစ်ကူးနေ့ကို ဇန်နဝါရီလ ၁ ရက်နေ့အဖြစ် ယေဘုယျမှတ်ယူကြပါကြောင်း၊ သို့သော်လည်း ကမ္ဘာပေါ်တွင် နေထိုင်ကြသည့် လူမျိုးစုများသည် ၎င်းတို့၏ကိုယ်ပိုင် ပြက္ခဒိန်နှင့် ကိုယ်ပိုင်နှစ်သစ်ကူးနေ့များရှိကြပါကြောင်း၊ မနက်ဖြန်တွင် ကျရောက်မည့် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့သည်လည်း လက်ရှိကမ္ဘာ့လူ့ဦးရေ အများဆုံးဖြစ်သည့် တရုတ်လူမျိုးတို့၏ နှစ်သစ်ကူးနေ့ဖြစ်ပါကြောင်း၊ ထိုကဲ့သို့သောနေ့တွင် နှုတ်ခွန်းဆက်စကား ပြောခွင့်ရသည့်အတွက် အင်မတန်ဝမ်းသာဂုဏ်ယူမိပါကြောင်း၊ နှစ်သစ်ကူးသည်ဆိုခြင်းသည် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းခြင်းဖြစ်ပါကြောင်း၊ ထိုကဲ့သို့ကူးပြောင်းကြသည့်အခါ၌ မိမိတို့အားလုံးသည် နှစ်ဟောင်းက ကြုံတွေ့ခဲ့ရသည့် အကောင်း အဆိုး၊ အကြောင်းအကျိုးများကို သေချာလေ့လာ စိစစ်ဝေဖန်ပိုင်းခြားပြီး နှစ်သစ်တွင် ပိုမိုကောင်းမွန် တိုးတက်အောင် အချင်းချင်းစည်းလုံးညီညွတ်စွာ ဝိုင်းဝန်းကူညီဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့အားလုံးဟု

*စာမျက်နှာ ၄ သို့*

- ✻ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ဆက်ဆံရေးသည် ရှေးမြန်မာဘုရင်များလက်ထက်ကပင် ရွှေလမ်းငွေလမ်းခင်းကာ နှစ်ပြည်ထောင်ချစ်ကြည်ရေးကို တည်ထောင်ခဲ့ကြခြင်းဖြစ်ပါကြောင်း၊ အေဒီ ၈၀၂ ခုနှစ်ခန့်က တရုတ်ပြည်ထန်မင်းဆက်ဘုရင်လက်ထက်၌ ပျူသံတမန်အဖွဲ့သည် တရုတ်ပြည်သို့ သွားရောက်၍ အနုသုခုမပညာများဖြင့် ဖျော်ဖြေခဲ့သည့် မှတ်တမ်းများရှိခဲ့သကဲ့သို့ မြန်မာသက္ကရာဇ် ၆၄၀ ပြည့်နှစ် ပုဂံမင်း နရသီဟပတေ့လက်ထက်တွင်လည်း ဆရာတော်ရှင်ဒိသာပါမောက္ခသည် ငြိမ်းချမ်းရေးသံတမန်အဖြစ် တရုတ်ပြည်သို့ ကြွရောက်ခဲ့ဖူး
- ✻ မြန်မာနိုင်ငံသည် ၁၉၄၉ ခုနှစ် ဒီဇင်ဘာ ၁ ရက်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို အသိအမှတ်ပြုသည့် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ပါကြောင်း၊ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကိုလည်း ၁၉၅၀ ဇွန် ၈ ရက်တွင် စတင်နိုင်ခဲ့ပြီး လာမည့် ၂၀၂၃ ခုနှစ် ဇွန် ၈ ရက်တွင် တရုတ် - မြန်မာ သံတမန်ဆက်ဆံရေးသည် ၇၃ နှစ် ပြည့်မြောက်မည်ဖြစ်ပါကြောင်း၊ ၁၉၆၀ ပြည့်နှစ် အောက်တိုဘာ ၁ ရက်တွင်လည်း ဝန်ကြီးချုပ် ဦးနုနှင့် ဝန်ကြီးချုပ် ချူအင်လိုင်းတို့က မြန်မာ - တရုတ် နယ်နိမိတ်စာချုပ်ကို ချုပ်ဆိုနိုင်ခဲ့





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နှစ်သစ်ကူးပွဲတော် နှစ်သစ်ဆုမွန်ကောင်းစကား ပြောကြားစဉ်။

*စာမျက်နှာ ၃ မှ*

ဆိုရာတွင် တစ်ဦးချင်း တစ်ယောက်ချင်းမှစ၍ မိသားစုအချင်းချင်း၊ ရပ်ကွက်အချင်းချင်း၊ မြို့အချင်းချင်းနှင့် နိုင်ငံအချင်းချင်းအထိ ပါဝင်ပါကြောင်း။

### တန်ဖိုးရှိလှသည့် ပေါင်းစည်းမှု

၂၀၂၃ ခုနှစ်သည် တရုတ်ရိုးရာယုန်နှစ် ဖြစ်ပါကြောင်း၊ တရုတ်ရာသီခွင်အရ လေးခုမြောက်နှစ်ဖြစ်ပြီး အဓိပ္ပာယ်မှာ ချစ်ခင်ခြင်း၊ ငြိမ်းချမ်းခြင်း၊ သာယာဝပြောခြင်းတို့ဖြစ်ကြောင်း၊ နှစ်သစ်ကြို အိမ်သန့်ရှင်းခြင်း၊ အိမ်တံခါးများတွင် မင်္ဂလာစာလုံးများကပ်ခြင်း၊ မည်မျှပင် အဝေးသို့ရောက်ရှိနေပါစေ မိသားစုများ ပြန်လည်ဆုံစည်းကြခြင်း၊ နှစ်သစ်ကူးထမင်းဝိုင်းကို မိသားစုနှင့် ဝိုင်းဖွဲ့စားသောက်ခြင်း၊ နှစ်သစ်ကူး၏ ပထမဆုံးခေါင်းလောင်းသံကို စောင့်ခြင်း၊ ဆွေမျိုးများကို နှုတ်ဆက်ခြင်း စသည့် ချစ်စဖွယ်ရိုးရာဓလေ့များကို ဆောင်ရွက်ကြပါကြောင်း၊ ယနေ့ အခမ်းအနားတွင်လည်း တစ်အိမ်တည်းနေမိသားစုများ၊ တစ်မြေတည်း တစ်မိုးတည်းအောက်တွင်နေကြသည့် ဆွေမျိုး၊ သားချင်း၊ မိတ်ဆွေများ ပြန်လည်စုစည်းတွေ့ဆုံပြီး နှစ်သစ်ကိုကြိုဆိုကြခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းသည် နှစ်သစ်ကူး၏ တန်ဖိုးရှိလှသည့် ပေါင်းစည်းမှုလည်း ဖြစ်ပါကြောင်း။

### တရုတ်နိုင်ငံကို အသိအမှတ်ပြုကြေညာ

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ဆက်ဆံရေးသည် ရှေးမြန်မာဘုရင်များ လက်ထက်ကပင် ရွှေလမ်းငွေလမ်းခင်းကာ နှစ်ပြည်ထောင်ချစ်ကြည်ရေးကို တည်ထောင်ခဲ့ကြခြင်းဖြစ်ပါကြောင်း၊ အေဒီ ၈၀၂ ခုနှစ်ခန့်က တရုတ်ပြည်ထန်မင်းဆက် ဘုရင်လက်ထက်၌ ပျူသံတမန်အဖွဲ့သည် တရုတ်ပြည်သို့ သွားရောက်၍ အနုသုခုမပညာများဖြင့် ဖျော်ဖြေခဲ့သည့် မှတ်တမ်းများရှိခဲ့သကဲ့သို့ မြန်မာသက္ကရာဇ် ၆၄၀ ပြည့်နှစ် ပုဂံမင်း နရသီဟပတေ့ လက်ထက်တွင်လည်း ဆရာတော် ရှင်ဒိသာပါမောက္ခသည် ငြိမ်းချမ်းရေးသံတမန်အဖြစ် တရုတ်ပြည်သို့ ကြွရောက်ခဲ့ဖူးကြောင်း၊ မြန်မာနိုင်ငံသည် ၁၉၄၉ ခုနှစ် ဒီဇင်ဘာ ၁ ရက်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို အသိအမှတ်ပြုသည့် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ပါကြောင်း၊ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကိုလည်း ၁၉၅၀ ဇွန် ၈ ရက်တွင် စတင်နိုင်ခဲ့ပြီး လာမည့် ၂၀၂၃ ခုနှစ် ဇွန် ၈ ရက်တွင် တရုတ်-မြန်မာ သံတမန်ဆက်ဆံရေးသည် ၇၃ နှစ် ပြည့်မြောက်မည်ဖြစ်ပါကြောင်း၊ ၁၉၆၀ ပြည့်နှစ် အောက်တိုဘာ ၁ ရက်တွင်လည်း ဝန်ကြီးချုပ် ဦးနုနှင့် ဝန်ကြီးချုပ် ချူအင်လိုင်းတို့က မြန်မာ-တရုတ် နယ်နိမိတ်စာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံသည် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးဖြစ်ပြီး အိမ်နီးချင်းတရုတ်နိုင်ငံနှင့် နယ်နိမိတ်ထိစပ်မှုကို ကြည့်မည်ဆိုပါကလည်း ကီလိုမီတာပေါင်း ၂၂၀၀ ကျော်ခန့် ထိစပ်နေသည်ကို တွေ့ရမည်ဖြစ်သည့် အပြင် သံလွင်မြစ်သည်လည်း တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအထိပါ ဖြတ်သန်း စီးဆင်းနေခြင်းဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံ၌ မိမိတို့ တိုင်းရင်းသားလူမျိုးစုများ နေထိုင်လျက်ရှိသကဲ့သို့ တရုတ်နွယ်ဖွားများသည်လည်း မိမိတို့နိုင်ငံတွင် လာရောက်အခြေချပြီး အေးချမ်းစွာနေထိုင်လျက်ရှိပါကြောင်း။

လူတစ်ယောက်၏ ဘဝလမ်းခရီး ကောင်းမွန်စွာ လျှောက်လှမ်းနိုင်ရေးအတွက် ကာယကံရှင်တစ်ဦးတစ်ယောက်တည်းကောင်းနေ၍ မရပါကြောင်း၊ ယင်းနှင့် ဆက်စပ်နေသည့် ပတ်ဝန်းကျင်၊ လူ့အဖွဲ့အစည်းများလည်း ကောင်းရန် လိုအပ်ပါကြောင်း၊ ထိုကဲ့သို့ပင် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်ဆိုပါကလည်း ယင်းနိုင်ငံတစ်ခုတည်း ကောင်းအောင်ကြိုးစားနေရုံမက နယ်နိမိတ်ချင်းထိစပ်နေသည့် အိမ်နီးချင်းများသည်လည်း အိမ်နီးချင်းနိုင်ငံကောင်းများ ဖြစ်ရန်လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အပြန်အလှန်အိမ်နီးချင်း

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနား တက်ရောက်ကြသူများ တရုတ်ရိုးရာနဂါးအကအဖွဲ့များ ဂါရဝပြု ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

- **မြန်မာနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် တရုတ်လူမျိုးများ၊ တရုတ်နွယ်ဖွားမြန်မာနိုင်ငံသားများအတွက် မျက်နှာနှစ်ဖက် ဆက်ဆံရေးမျိုးမရှိသည့် ယုံကြည်စိတ်ချရသည့် အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံသည်လည်း မြန်မာနိုင်ငံအတွက် အရေးကြီးသည့် အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်သကဲ့သို့ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံတစ်ခုလည်းဖြစ်**
- **ယခုကဲ့သို့ မင်္ဂလာရှိသည့် တရုတ်နှစ်သစ်ကူးနေ့တွင် ယုန်နှစ်ဖြစ်သည့်အလျောက် မိမိတို့အားလုံး ပိုမို၍ချစ်ခင်ကြပါစေ၊ ငြိမ်းချမ်းမှုနှင့် သာယာဝပြောမှု ပိုမိုရရှိကြပါစေ၊ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တရုတ်နွယ်ဖွားမြန်မာနိုင်ငံသားများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွင်းရှိ တရုတ်နိုင်ငံသားများ၊ ကမ္ဘာအနှံ့ မှီတင်းနေထိုင်ကြသည့် တရုတ်နွယ်ဖွားများအားလုံး နှစ်သစ်ကူးပွဲတော်၌ ပျော်ရွှင်ပါစေ၊ မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေ၊ စီးပွားလာဘ်လာဘများ တိုးပွားပါစေ၊ အစစအရာရာ အဆင်ပြေချောမွေ့ပြီး ကံကောင်းခြင်းများ ပွင့်လန်းပါစေ၊ ကျန်းမာဘေးကင်းပါစေ၊ လိုအင်ဆန္ဒများ ပြည့်ဝပါစေ**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တရုတ်ရိုးရာယဉ်ကျေးမှုပြခန်းများနှင့် ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးက နှစ်သစ်ကူးလက်ဆောင်မွန် ဂါရဝပြုပေးအပ်စဉ်။

*စာမျက်နှာ ၄ မှ*

နိုင်ငံကောင်းများဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို လက်ခံကျင့်သုံးနေသည့် နိုင်ငံဖြစ်ပြီး ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ရပ်ကို လက်ခံကျင့်သုံးနေသည့် နိုင်ငံဖြစ်ပါကြောင်း၊ မိမိကိုယ်တိုင်လည်း ၂၀၂၁ ခုနှစ် မေ ၂၀ ရက်တွင် တရုတ်နိုင်ငံ Phoenix ရုပ်သံမီဒီယာနှင့် အင်တာဗျူး၌ နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပတ်သက်၍ ယုံကြည်မှုနှင့် ချစ်ခင်ရင်းနှီးစွာနေခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း၊ အိမ်နီးချင်းဟူသည်မှာ အရင်းနှီးဆုံး အိမ်နီးချင်းကောင်းများ ဖြစ်ရမည့်အကြောင်း၊ မြန်မာနိုင်ငံသည် နယ်နိမိတ်ချင်းထိစပ်နေသည့် အိမ်နီးချင်း ၅ နိုင်ငံနှင့် ရင်းနှီးချစ်ကြည်စွာ နေထိုင်သွားမည်ဖြစ်သည့်အကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံသည် ငြိမ်းချမ်းစွာအတူယှဉ်တွဲရေးမူ ၅ ချက်ကို ကမ္ဘာတွင် စပြီး လက်မှတ်ထိုးသည့် နိုင်ငံဖြစ်ကြောင်းကို ဖြေကြားခဲ့ပါကြောင်း၊ မိမိဖြေဆိုခြင်းဖြစ်သည် ဆိုသော်လည်း မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများ အပေါ်ထားသည့် ရပ်တည်ချက်ဆိုပါကလည်း မမှားပါကြောင်း။



မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Mr. Chen Hai နှစ်သစ်ဆုတောင်းစကားပြောကြားစဉ်။

တရုတ်နိုင်ငံအနေဖြင့် ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁၀ ရက်တွင် တရုတ်(တိုင်ပေ)နှင့် ပတ်သက်၍ တတိယအကြိမ် စက္ကူဖြူစာတမ်း ထုတ်ပြန်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မည်သူတရားပျက်ပျက် ကိုယ်မပျက်စေနှင့် ဟူသည့်အတိုင်း အိမ်နီးချင်းကောင်းပီသစွာ တရုတ်တစ်နိုင်ငံတည်းမူဝါဒ (One China Policy) ကို အစဉ်ထောက်ခံရပ်တည်လျက်ရှိကြောင်းကို ပြောကြားလိုပါကြောင်း။

### ဆွေးနွေးဖက်နိုင်ငံအဖြစ် သတ်မှတ်

တစ်နိုင်ငံတည်း ဗိုလ်ကျစိုးမိုးနေသည့် ကေဝင်ရိုးမှ ဗဟုဝင်ရိုးကို ပြောင်းလဲနိုင်ရေးအတွက် အခြားကမ္ဘာ့နိုင်ငံများနှင့် ပူးပေါင်းလုပ်ဆောင်သွားမည့်ကိစ္စများအပေါ်၌လည်း ကြိုဆိုအားပေးပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် မိမိတို့နိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အလွန်အကျိုးဖြစ်ထွန်းစေမည့်ကိစ္စများဖြစ်ပါကြောင်း၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Shanghai Cooperation Organization)၌ မြန်မာနိုင်ငံကို ဆွေးနွေးဖက်နိုင်ငံအဖြစ် (Dialogue Patner) သတ်မှတ်ပေးခဲ့သည်ကိုလည်း အထူးပင်ကျေးဇူးတင်ရှိကြောင်းကို ပြောကြားလိုပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တရုတ်ရိုးရာအကအဖွဲ့များကို အမှတ်တရပန်းခြင်း ပေးအပ်စဉ်။

မြန်မာနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် တရုတ်လူမျိုးများ၊ တရုတ်နွယ်ဖွား မြန်မာနိုင်ငံသားများအတွက် မျက်နှာနှစ်ဖက် ဆက်ဆံရေးမျိုး မရှိသည့် ယုံကြည်စိတ်ချရသည့် အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံသည်လည်း မြန်မာနိုင်ငံအတွက် အရေးကြီးသည့် အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်သကဲ့သို့ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံတစ်ခုလည်း ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ မင်္ဂလာရှိသည့် တရုတ်နှစ်သစ်ကူးနေ့တွင် ယုန်နှစ်ဖြစ်သည့်အလျောက် မိမိတို့ အားလုံးပိုမို၍ချစ်ခင်ကြပါစေ၊ ငြိမ်းချမ်းမှုနှင့် သာယာဝပြောမှုပိုမိုရရှိကြပါစေ၊ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တရုတ်နွယ်ဖွားမြန်မာနိုင်ငံသားများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွင်းရှိ တရုတ်နိုင်ငံသားများ၊ ကမ္ဘာအနှံ့ မှီတင်းနေထိုင်ကြသည့် တရုတ်နွယ်ဖွားများအားလုံး နှစ်သစ်ကူးပွဲတော်၌ ပျော်ရွှင်ပါစေ၊ မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေ၊ စီးပွားလာဘ်လာဘများ တိုးပွားပါစေ၊ အစစအရာရာ အဆင်ပြေချောမွေ့ပြီး ကံကောင်းခြင်းများ ပွင့်လန်းပါစေ၊ ကျန်းမာဘေးကင်းပါစေ၊ လိုအင်ဆန္ဒများ ပြည့်ဝပါစေကြောင်းဖြင့် ပြောကြားသည်။

### နိုင်ငံ့အကြီးအကဲကိုယ်တိုင် တက်ရောက်

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက နှစ်သစ်ဆုတောင်းစကားပြောကြားရာတွင် တရုတ်နှစ်သစ်ကူးပွဲတော်သို့ ယခုကဲ့သို့ နိုင်ငံ့အကြီးအကဲကိုယ်တိုင် တက်ရောက်သည်မှာ ပထမဦးဆုံးအကြိမ်ဖြစ်ပြီး တက်ရောက်ချီးမြှင့်ပေးခဲ့သည့်အတွက် ကျေးဇူးအထူးတင်ရှိပါကြောင်း၊ နှစ်သစ်တွင် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်အတူ ဆွေမျိုးပေါက်ဖော်သံယောဇဉ်ကို ဆက်လက်လက်ဆင့်ကမ်းပြီး တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်မှုကို စဉ်ဆက်မပြတ်ဖော်ဆောင်ကာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ရလဒ်များဖြင့် နှစ်နိုင်ငံပြည်သူများအတွက် အကျိုးကိုပိုမိုဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုများ ယခုထက် ပိုမိုတိုးတက်ခိုင်မြဲပြီး အစွန့်ရှည်တည်တံ့ပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။ ဆက်လက်ပြီး မြန်မာနိုင်ငံ တရုတ်ကုန်သည်များ အသင်းချုပ်ဥက္ကဋ္ဌက နှစ်သစ်ဆုတောင်းစကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ တရုတ်ရိုးရာနှစ်သစ်ကူးအထိမ်းအမှတ် ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။ ညစာသုံးဆောင်နေစဉ်အတွင်း တရုတ်တူရိယာ(ယူနန်ဘုံကျောင်း)အဖွဲ့မှ တီးမှုတ်ဖျော်ဖြေကြပြီး မင်္ဂလာနဂါးအဖွဲ့က ကပြဖျော်ဖြေကြသည်။

ယင်းနောက် ဘတ်စကက်ဘောပြိုင်ပွဲ ဆုပေးပွဲကိုကျင်းပပြုလုပ်ရာ အလွတ်တန်း(အမျိုးသား)ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ အလွတ်တန်း (အမျိုးသမီး) ပထမဆုရရှိသည့် A – Studio အသင်း၊ အသက် ၅၀ ကျော် (အမျိုးသား) ပထမဆုရ Great Wall အသင်း၊ အသက် ၅၀ ကျော် (အမျိုးသမီး) ပထမဆုရ Sweet Angle အသင်းတို့အား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဆုဖလားများကို ပေးအပ်ချီးမြှင့်သည်။

၎င်းနောက် ဘတ်စကက်ဘောပြိုင်ပွဲဝင်အသင်းများအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အမှတ်တရဂုဏ်ပြုတံဆိပ်များ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် တရုတ်ရိုးရာအကအဖွဲ့များနှင့် အနုပညာရှင်များ၏ ဖျော်ဖြေမှုအစီအစဉ်များကို ကြည့်ရှုအားပေးကြသည်။

### နှစ်သစ်ကူးလက်ဆောင်မွန်ဂါရဝပြုပေးအပ်

ဖျော်ဖြေမှုများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံသို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးက တရုတ်နှစ်သစ်ကူး လက်ဆောင်မွန်ကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် တရုတ်ရိုးရာအကအဖွဲ့များနှင့် သီဆိုဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များကို အမှတ်တရပန်းခြင်းများ ပေးအပ်ခဲ့ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဘတ်စကက်ဘောပြိုင်ပွဲတွင် ဆုရရှိသည့်အသင်းအား ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။



# လက်ရှိအချိန်တွင် မိမိတို့နိုင်ငံ၏စီးပွားရေးသည် အတိုင်းအတာတစ်ခုအထိ ပြန်လည်တိုးတက်လာသည်ကိုတွေ့ရှိရမည်

## တပ်မတော်အတွင်း၌ တပ်မတော်သားများ၏ သက်သာချောင်ချိရေးကို အထောက်အကူပြုစေသည့် တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ရန်လို





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရခိုင်ပြည်နယ် သံတွဲတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် သံတွဲတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား နယ်မြေခံတပ်ရှိ ငပလီခန်းမ၌ သွားရောက်တွေ့ဆုံ အမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် တာဝန်ရှိသူများ၊ သံတွဲတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

### နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာ၌ သံတွဲတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအားလုံးကို တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ လုံခြုံရေး၊ ကာကွယ်ရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များကို ထမ်းဆောင်လျက်ရှိပြီး ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် အကြမ်းဖက်မှုများ မရှိစေရေးအတွက်လည်း ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း ဦးစွာပြောကြားပြီး ကမ္ဘာ့နိုင်ငံများတွင် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် မြန်မာနိုင်ငံ၏ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့သည့် အခြေအနေများ၊ ထိုကဲ့သို့သော မဲမသမာမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိခဲ့ဘဲ နိုင်ငံတော်တွင် ဖြစ်ပေါ်လာခဲ့သည့် အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရမှု အခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်ခဲ့ရသည့် အကျပ်အတည်းများနှင့် နိုင်ငံရေးအမြတ်ထုတ်လိုသူများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်မှု ဖြစ်စဉ်ဖြစ်ရပ်များကို ဥပဒေနှင့်အညီ ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်နေမှု အခြေအနေများနှင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးတို့အတွက် မူဝါဒများ၊ ဦးတည်ချက်များ ချမှတ်၍ ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သံတွဲတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို တိုင်းမှူးထံ ပေးအပ်စဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်၏ စီးပွားရေးမြှင့်တင်ဆောင်ရွက်နေမှုများအား ဆက်လက်ပြောကြားရာတွင် ယခင်အစိုးရသက်တမ်းတွင် စီမံခန့်ခွဲအားနည်းခြင်းနှင့် ပြည်တွင်းစီးပွားရေးကို အားပေးမှုမရှိခြင်းကြောင့် နိုင်ငံ့စီးပွားရေးကျဆင်းခဲ့ပြီး ကုန်သွယ်မှုလိုငွေများလည်း များစွာဖြစ်ပေါ်ခဲ့ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးခြင်း မရှိခြင်းကြောင့် ပြည်ပသို့ သွားရောက်လုပ်ကိုင်ရမှုများရှိကြောင်း။

### နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိ

ထိုကဲ့သို့သော အခြေအနေများကြောင့် ကျဆင်းခဲ့သည့်စီးပွားရေးများ ပြန်လည်တိုးတက်လာစေရေးအတွက် မိမိတို့အနေဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိပြီး နိုင်ငံ့စီးပွားရေးနှင့် ကိုက်ညီသင့်တော်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး MSME လုပ်ငန်းများကို အဓိကထား အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် မိမိတို့နိုင်ငံ၏

*စာမျက်နှာ ၇ သို့*

**☆ မိမိတို့အနေဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိပြီး နိုင်ငံ့စီးပွားရေးနှင့် ကိုက်ညီသင့်တော်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး MSME လုပ်ငန်းများကို အဓိကထား အားပေးဆောင်ရွက်လျက်ရှိ**

**☆ ယခုကဲ့သို့ နိုင်ငံ့စီးပွားရေးအားကောင်းလာစေရန်အရှိန်အဟုန်ဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက မကြာမီ အချိန်တွင် အာဆီယံနိုင်ငံများ၌ အလယ် အလတ် အဆင့်သို့ ရောက်ရှိနိုင်မည်၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်မည်ဆိုပါက နိုင်ငံ့ဝင်ငွေများ ပိုမိုရရှိမည်ဖြစ်**

*စာမျက်နှာ ၆ မှ*

စီးပွားရေးသည် အတိုင်းအတာတစ်ခုအထိ ပြန်လည်တိုးတက်လာသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ပြည်ပချေးငွေများကိုလည်း ပြန်လည်ပေးဆပ်လျက်ရှိကြောင်း၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို ယခုထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် အဖိုးတန် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတများ များစွာရှိပြီးဖြစ်သဖြင့် အဆိုပါသယံဇာတများဖြင့် ရှိပြီးသားလူသားအရင်းအမြစ်များကို စနစ်တကျအသုံးချမည်ဆိုပါက စီးပွားရေးလုပ်ငန်းများတိုးတက်လာမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ နိုင်ငံ့စီးပွားရေးအားကောင်းလာစေရန် အရှိန်အဟုန်ဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဆိုပါက မကြာမီအချိန်တွင် အာဆီယံနိုင်ငံများ၌ အလယ်အလတ်အဆင့်သို့ ရောက်ရှိနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်မည်ဆိုပါက နိုင်ငံ့ဝင်ငွေများ ပိုမိုရရှိမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ပြီး ကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးအား ဆီဆေးပန်းချီကား ပေးအပ်စဉ်။

## တပ်မတော်သားများ၏ သက်သာချောင်ချိရေး၊ ပညာရည်မြင့်မားရေးအတွက် ဖြည့်ဆည်းဆောင်ရွက်

တပ်မတော်အတွင်း၌လည်း တပ်မတော်သားများ၏ သက်သာချောင်ချိရေးကို အထောက်အကူပြုစေသည့် တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသည် သမာအာဇီဝကျသည့် လုပ်ငန်းတစ်ခုဖြစ်ပြီး အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်မည်ဆိုပါကများစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် မှီခိုသူများ၏ စားရေး၊ ဝတ်ရေးနှင့် နေရေးတို့ကို တတ်နိုင်သမျှ ပြည့်စုံအောင် စီမံဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း။

ထို့ပြင် မိမိတို့နိုင်ငံ၌ ပညာရေးအားနည်းမှုများရှိသဖြင့် ပညာရည်မြှင့်တင်မှုလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်သားများ၏ ပညာရည်မြင့်မားရေးအတွက်လည်း ဆောင်ရွက်ခဲ့ကြောင်း၊ အတန်းပညာများရှိရန် လိုအပ်သကဲ့သို့ စာဖတ်မှ စာတတ်မည်၊ စာတတ်မှ အသိပညာနှင့် အတတ်ပညာများ ရရှိမည်ဖြစ်ကြောင်း၊ စာပေပညာများ တတ်ကျွမ်းမှသာလျှင် သက်ဆိုင်ရာပညာရပ်အလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့၏ သားသမီးများ ပညာရည်မြင့်မားရေးအတွက်လည်း မိဘကောင်းသဖွယ်စိတ်ဓာတ်ဖြင့် အားပေးမြှင့်တင်ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ တပ်မတော်သားများ၏ မိသားစုဝင်များ ပညာရည်မြင့်မားရေးအတွက် တပ်မတော်မှ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အရာရှိ၊ စစ်သည်များ ဗဟုသုတနှင့် အသိအမြင်များ တိုးတက်ရေးအတွက် တပ်ရင်းတပ်ဖွဲ့များရှိ စာကြည့်တိုက်များတွင် စာအုပ်စာစောင်များကို ပြည့်စုံစွာ ဖြည့်ဆည်းပေးထားကြောင်း၊ ထို့ကြောင့် အသိပညာအတတ်ပညာများ တိုးပွားရေးအတွက် စာအုပ်စာစောင်များကို အမြဲမပြတ်ဖတ်ရှုလေ့လာနေရန်လိုကြောင်း၊ စားဝတ်နေရေးအပြင် အသိပညာနှင့် ဗဟုသုတများ ပြည့်စုံစေရေးအတွက်ကိုပါ ဆောင်ရွက်ပေးထားခြင်းဖြစ်သဖြင့် နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာစောင့်သိပြီး မိမိတို့၏ လုပ်ငန်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြရန်လိုကြောင်း။

တပ်မတော်အနေဖြင့် နိုင်ငံ၏ ကောင်းရာကောင်းကျိုးကို ဆောင်ရွက်နေခြင်းဖြစ်ပြီး အရာရှိ၊ စစ်သည်များအနေဖြင့် ရန်သူကို နေလိုမီးလိုကျင့်ရန်နှင့် ပြည်သူကို ရေလိုလလို ကျင့်ရန်လိုကြောင်း၊ နိုင်ငံ၏အကျိုးကို ဆောင်ရွက်နေသကဲ့သို့ မိမိတို့ကိုယ်ကို ကောင်းအောင်လုပ်ဆောင်ရန်၊ မိမိတို့တပ်မတော်ကို ကောင်းအောင်လုပ်ဆောင်ရန်နှင့် မိမိတို့နိုင်ငံကို ကောင်းအောင်လုပ်ဆောင်ရန် လိုအပ်ကြောင်း မှာကြားသည်။

## စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တိုင်းမှူးကလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တိုင်းမှူး၏ဇနီးက လည်းကောင်း အသီးသီးလက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ တင်ပြချက်များကို လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲကာလအတွင်း ၁၈၂၄ ခုနှစ် မေလ ၁၇ ရက်တွင် ရခိုင်စစ်မျက်နှာ၌ စစ်သူကြီး မဟာဗန္ဓုလ ကွပ်ကဲမှုအောက်ရှိ မဟာသီဟသူရ (မြဝတီမင်းကြီး ဦးစ) ဦးစီးသော မြန်မာဘုရင့်တပ်များသည် ပန်းဝါမြစ်ကို ဖြတ်ကူး၍ ထိုမြစ်အနီးရှိ ရေကန်ဘေးတွင် အခိုင်အမာခြေကုပ်ယူစခန်းချနေသည့် ဗြိတိသျှတပ်ဖွဲ့များအား ပြင်းပြင်းထန်ထန် ချေမှုန်းတိုက်ခိုက်နေပုံကို သရုပ်ဖော်ရေးဆွဲထားသည့် ဆီဆေးပန်းချီကားအား အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

# ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့် ထိုင်းဘုရင့်တပ်မတော် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာ

နေပြည်တော် ဇန်နဝါရီ ၂၁

**မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်သည့် မြန်မာ - ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး 8th High Level Committee Meeting သို့ တက်ရောက်ခဲ့သည့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi ဦးဆောင်သည့် ထိုင်းဘုရင့်တပ်မတော် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် ထိုင်းဘုရင့်တပ်မတော် အထူးလေယာဉ်ဖြင့် မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ်မှ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြသည်။**



ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ ထိုင်းဘုရင့်တပ်မတော် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်စဉ်။

**ပို့ဆောင်နှုတ်ဆက်**

အဆိုပါ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့် ထိုင်းဘုရင့်တပ်မတော် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်း



စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် ဇနီး၊ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်တပ်မတော်မှ (ကြည်း၊ ရေ၊ လေ) စစ်သံမှူးများနှင့် ဇနီးများ၊ တာဝန်ရှိသူများက မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ (ဓာတ်ပုံ)

**အလှူငွေများ လှူဒါန်း**

ထိုင်းဘုရင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့် ထိုင်းဘုရင့်တပ်မတော် အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်နှင့် ခြောက်ထပ်ကြီးဘုရားသို့ သွားရောက်ဖူးမြော်ကြပြီး ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ခြင်း၊ အလှူငွေများ လှူဒါန်းခြင်းနှင့် ဗိုလ်ချုပ်အောင်ဆန်းဈေးသို့ သွားရောက်လေ့လာ လည်ပတ်ခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ခရီးသွားလုပ်ငန်းသုတေသနစင်တာလက်စွဲစာအုပ်ပါ သုတေသနနည်းလမ်းများအသုံးပြုနည်း သင်တန်းဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၁**

ခရီးသွားလုပ်ငန်း သုတေသနစင်တာ လက်စွဲစာအုပ်ပါ သုတေသနနည်းလမ်းများ အသုံးပြုနည်း သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ Park Royal Hotel ၌ ကျင်းပသည်။



အခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဌေးအောင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ ယဉ်ကျေးမှုသံမှူးကြီးနှင့် တာဝန်ရှိသူများ၊ တရုတ် - မြန်မာ ခရီးသွားမြှင့်တင်ရေး လုပ်ငန်းအဖွဲ့၊ မြန်မာ - တရုတ်ချစ်ကြည်ရေးအသင်း(ရန်ကုန်)၊ တရုတ် - မြန်မာ ကုန်သည်ကြီးများအသင်း (ရန်ကုန်)၊ အမျိုးသားစီမံခန့်ခွဲမှု ပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ပုဂ္ဂလိကအသင်းအဖွဲ့မှ ကိုယ်စားလှယ်များ၊ သင်တန်းသား သင်တန်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ခရီးသွားလုပ်ငန်းကဏ္ဍတွင် အထူးရန်ပုံငွေ ၂၀၂၁ ဖြင့် ခရီးသွားလုပ်ငန်း သုတေသနစင်တာ စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းစီမံကိန်းမှာ မြန်မာနိုင်ငံရှိ ခရီးသွားလုပ်ငန်းအတွက် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ခရီးသွားလုပ်ငန်းဈေးကွက်၏ ဝယ်လိုအားနှင့် ရောင်းလိုအားကို အချက်အလက်များနှင့် ကိန်းဂဏန်းများဖြင့် ဖော်ထုတ်နိုင်ရန်၊ ခရီးသွားလုပ်ငန်း ထုတ်ကုန်အသစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အစီအစဉ်များနှင့် မဟာဗျူဟာများ ချမှတ်နိုင်ရန်၊ ခရီးသွားလုပ်ငန်းအတွက် အလားအလာရှိသော ဈေးကွက်များ ရှာဖွေဖော်ထုတ်နိုင်ရေး စဉ်ဆက်မပြတ် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များနှင့် နှစ်အလိုက် စီမံချက်များကို ပံ့ပိုးကူညီရန် ရည်ရွယ်ပါကြောင်း။

ခရီးသွား လုပ်ငန်းတွင် နယ်ပယ်ကျယ်ပြန့်ပြီး ဆက်စပ်နေသော လုပ်ငန်းများစွာရှိသဖြင့် စီမံကိန်းမှရရှိသော အကျိုးကျေးဇူးများအား ခရီးသွားလုပ်ငန်းသာမက ဆက်စပ်ဆောင်ရွက်နေသော လုပ်ငန်းများပါ ရရှိနိုင်မည်ဖြစ်သဖြင့် သင်တန်းသို့ ပါဝင်တက်ရောက်မည့် သင်တန်းသား သင်တန်းသူများအနေဖြင့် ကြိုးကြိုးစားစား လေ့လာသင်ယူကြရန်နှင့် သင်တန်းမှရရှိလာသော ဗဟုသုတများအား လက်တွေ့လုပ်ငန်းနယ်ပယ်တွင် အကျိုးရှိစွာ ပြန်လည်အသုံးချစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ သုတေသနပညာရှင် အဖွဲ့ခေါင်းဆောင် ဦးအောင်မင်းက ခရီးသွားလုပ်ငန်း သုတေသနစင်တာ လက်စွဲစာအုပ်ပါ အကြောင်းအရာများနှင့် သင်တန်းဖွင့်လှစ်ပို့ချခြင်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ယဉ်ကျေးမှုသံမှူးထံသို့ သုတေသနလက်စွဲစာအုပ်ကို အမှတ်တရလက်ဆောင်အဖြစ်ပေးအပ်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးသည် ဧည့်လမ်းညွှန် (အခြေခံ) သင်တန်းအမှတ်စဉ် (၆၃) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများအား ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ပြီး ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်သည်။ အဆိုပါ ဧည့်လမ်းညွှန် (အခြေခံ) သင်တန်းအမှတ်စဉ် (၆၃) ကို ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၂ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၉ ရက်အထိ သုံးလတာ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပုဂံမြို့သို့ရောက်ရှိပြီး ပုဂံညောင်ဦးလေဆိပ်မှ ပြန်လည်ထွက်ခွာတော့မည့် Wide View Travels & Tours ကုမ္ပဏီ၏ စီစဉ်မှုဖြင့် မြန်မာနိုင်ငံသို့ Package Tour ဖြင့် လာရောက်လည်ပတ်နေသော ထိုင်းနိုင်ငံသား ခရီးသွားဧည့်သည်များကို ရင်းနှီးစွာ တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် Aureum Palace Hotel ၌ Hybrid စနစ်ဖြင့် ကျင်းပသော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းကို သင်တန်းသား သင်တန်းသူ ၃၅ ဦးဖြင့် ငါးရက်ကြာ အထူးပြုသင်တန်းကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် မောင်တောဒေသသို့ သွားရောက်ကြည့်ရှုစစ်ဆေး

## နယ်မြေအတွင်း တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး



**နေပြည်တော် ဇန်နဝါရီ ၂၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်သည် ဇန်နဝါရီလ ဒုတိယပတ်အတွင်း ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်းရှိ ကျီးကန်းပြင်၊ ဇင်ပိုင်ညာ၊ မြင်းလွတ်၊ အင်းဒင်နှင့် ကြိမ်ချောင်းနယ်မြေများ၌ နယ်စပ်ဒေသလုံခြုံရေးတာဝန် ထမ်းဆောင်နေကြသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ လုံခြုံရေးတပ်ဖွဲ့များ၏ လုံခြုံရေးဆောင်ရွက်နေမှုများ၊ တပ်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများ၊ သက်သာချောင်ချိရေး ဆောင်ရွက်ပေးနိုင်မှုနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး မိသားစုဝင်များနှင့်တွေ့ဆုံကာ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးအား သက်ဆိုင်ရာတပ်ဖွဲ့များမှ တာဝန်ရှိသူများက နယ်စပ်ဒေသလုံခြုံရေး၊ နယ်မြေဒေသလုံခြုံရေးနှင့် တပ်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နိုင်မှုများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ခိုးဝင်ဘင်္ဂါလီများမရှိရေး၊ တရားမဝင်ကုန်သွယ်မှုကိစ္စများမရှိရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ ဆက်သွယ်ရေးလမ်းကြောင်းများအပါအဝင် နယ်မြေအတွင်း တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

### ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ခရီးစဉ်အတွင်း တပ်မိသားစုများကို တပ်ဖွဲ့တစ်ခုချင်းအလိုက် သီးခြားတွေ့ဆုံပြီး လက်ရှိလုံခြုံရေးဆောင်ရွက်နေမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပေါ်ပေါက်လာသည့် အခြေအနေ၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ရမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ် ချမှတ်ဆောင်ရွက်နေမှုမှ တရားမျှတသော ရွေးကောက်ပွဲဆိုင်ရာ အကြိုပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လုံခြုံရေးဆိုင်ရာများ ဆောင်ရွက်ရာတွင် ဆောင်ရန်ရှောင်ရန်များ၊ နိုင်ငံတော်အကြီးအကဲ၏ မှာကြားမှုများနှင့်အညီ အမျိုးသားရေးရည်မှန်းချက်ချမှတ်ထားရှိမှုနှင့်အညီ တပ်ဖွဲ့ဝင်နှင့် မိသားစုများအနေဖြင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိရိုသေစွာ လိုက်နာတာဝန်ထမ်းဆောင်ကြရေး၊ ရဲတပ်ဖွဲ့အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး ရည်မှန်းချက်တွင် အထောက်အကူပြုသည့် မိမိတို့နှင့် သက်ဆိုင်သည့် လုပ်ဆောင်ရမည့်၊ လိုက်နာဆောင်ရွက်ရမည့် တပ်တည်ဆောက်ရေး လုပ်ငန်းတာဝန်ကြီး(၄)ရပ် တိုးတက်အောင်မြင်အောင် ဆောင်ရွက်ရေး၊ တပ်တွင်းတစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ယခုထက် ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်ရေး၊ မိသားစုဝင်များ၏ သားသမီးများကို ပညာရေးအဆင့်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရေးနှင့် တပ်တွင်းစည်းလုံးညီညွတ်မှု ပိုမိုခိုင်မာရေးတို့ကို မှာကြားပြီး မိသားစုဝင်များအတွက် ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်သည်။

### စည်းလုံးညီညွတ်စွာနေထိုင်ရေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ နေထိုင်နေကြသည့် မိသားစုလိုင်းခန်းများကို စစ်ဆေးပြီး**(အပေါ်ပုံ)** စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တစ်ပိုင်တစ်နိုင် ဆောင်ရွက်ရေး၊ စည်းလုံးညီညွတ်စွာနေထိုင်ရေး၊ လုံခြုံရေးဆိုင်ရာများတွင် ပါဝင်ဆောင်ရွက်ရေးတို့ကို မှာကြားပြီး ရေ၊ မီး ရရှိရေးဆိုင်ရာများ ပေါင်းစပ်ညှိနှိုင်းပေးကာ မိသားစုဝင်သားသမီးများအား ထောက်ပံ့ငွေများ တစ်ဦးချင်းပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့်အတူ နေ့လယ်စာနှင့် ညစာအတူတကွ သုံးဆောင်ပြီး မိသားစုဝင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို အားပေးကာ ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မောင်တောခရိုင်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများကို တွေ့ဆုံခြင်း၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ခရိုင်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံခြင်းကို သီးခြားစီဆောင်ရွက်ပြီး ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ ရေရရှိရေး၊ လမ်းကောင်းမွန်ရေး၊ မဲပေးပိုင်ခွင့်ရရှိရန်နှင့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ တင်ပြချက်များအပေါ် ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးပြီး ခရိုင်အဆင့်ဌာနဆိုင်ရာများ ဌာနအချင်းချင်း ပေါင်းစပ်ရန်လိုအပ်သည့်ကိစ္စရပ်များ၊ နိုင်ငံ့ဝန်ထမ်းများ လိုက်နာရမည့် ကျင့်ဝတ်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ထားရှိသည့် မူဝါဒလမ်းညွှန်ချက်များအပေါ် တာဝန်ကျေပွန်စွာ ဆောင်ရွက်နိုင်ရေးနှင့် နိုင်ငံအပေါ် သစ္စာစောင့်သိရေးတို့ကို မှာကြားဆွေးနွေး၍ မြို့နယ်ဌာနဆိုင်ရာများနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ ပျော်ပွဲရွှင်ပွဲနှင့် မိတ်ဆုံစားပွဲများပြုလုပ်ရေး သီးခြားစီ ငွေကြေးထောက်ပံ့ပေးသည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကညင်ချောင်းဒေသ စီးပွားရေးဇုန်နယ်မြေနှင့် မြင်းလွတ်နယ်မြေရှိ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ်ဒေသ လုံခြုံရေးဆောင်ရွက်ထားရှိသည့် နယ်စပ်ခြံစည်းရိုးလုပ်ငန်းများကို မြေပြင်ကြည့်ရှုစစ်ဆေးပြီး ခြံစည်းရိုးများ၏ လက်ရှိ အရည်အသွေးခိုင်မာမှု၊ ပျက်စီးမှု၊ ပြန်လည်ပြင်ဆင်ရမည့် အခြေအနေများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ခြံစည်းရိုးတစ်လျှောက် ကင်းလှည့်ဆောင်ရွက်မှုကို ကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စစ်တွေမြို့၌ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ မောင်တောဒေသသို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း သက်ဆိုင်ရာ ဌာနဆိုင်ရာအကြီးအကဲများ၏ တင်ပြချက်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ တင်ပြချက်များနှင့် နယ်မြေခံနယ်ခြားစောင့်ရဲတပ်ဖွဲ့များ၏ လိုအပ်ချက်များကို ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ရေး မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# နိုင်ငံခြားရေးဝန်ကြီးဌာန၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်အထိမ်းအမှတ် သားကောင်းတမန်မဂ္ဂဇင်း(၂၀၂၂)ခုနှစ် ထုတ်ဝေခြင်းအခမ်းအနားနှင့် ဂုဏ်ပြုနေ့လယ်စာစားပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၁**

နိုင်ငံခြားရေးဝန်ကြီးဌာန၏ (၇၅) နှစ်မြောက် စိန်ရတုနှစ်ပတ်လည် အထိမ်းအမှတ် သားကောင်းတမန် မဂ္ဂဇင်း(၂၀၂၂)ခုနှစ် ထုတ်ဝေခြင်း အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက ရန်ကုန်မြို့ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ကျင်းပသည်။



အခမ်းအနားသို့ နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ နိုင်ငံခြားရေး ဝန်ကြီးဌာနမှတာဝန်ရှိ ပုဂ္ဂိုလ်များ၊ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည် အထိမ်းအမှတ် သားကောင်းတမန်မဂ္ဂဇင်း (၂၀၂၂) ခုနှစ် ထုတ်ဝေရေး ကော်မတီဝင်များ၊ စာမူရှင်များ၊ ကြော်ငြာရှင်များနှင့် ဖိတ်ကြားသော ဧည့်သည်တော်များ တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ရှေးဦးစွာ နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က အမှာစကား ပြောကြားပြီး**(ဝဲပုံ)** စာမူရှင်များကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) ဦးညွန့်ဆွေက နှုတ်ခွန်းဆက်စကားပြောကြားသည်။

နိုင်ငံခြားရေး ဝန်ကြီးဌာန၏ နှစ်ပတ်လည် မဂ္ဂဇင်းများကို ၁၉၈၇ ခုနှစ်မှ စတင်ထုတ်ဝေခဲ့ခြင်းဖြစ်ပြီး ယခုထုတ်ဝေသော (၇၅)နှစ်မြောက် စိန်ရတု နှစ်ပတ်လည် အထိမ်းအမှတ် သားကောင်းတမန်မဂ္ဂဇင်း (၂၀၂၂) ခုနှစ်သည် (၂၅)ကြိမ်မြောက် ထုတ်ဝေသော စာအုပ်ဖြစ်ကြောင်းနှင့် အဆိုပါ မဂ္ဂဇင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှု မှတ်တမ်းများနှင့် ဝါရင့်သံတမန်ကြီးများ၊ လက်ရှိ တာဝန်ထမ်းဆောင်နေသော အရာထမ်း၊ အမှုထမ်းများ အပြင် ပြင်ပစာမူရှင်များက သံတမန်ရေးရာ၊ နိုင်ငံတကာရေးရာများနှင့် အတွေ့အကြုံဗဟုသုတများကို မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာတို့ဖြင့် သုတ၊ ရသ စုံလင်စွာ ရေးသားဖော်ပြထားရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ရန်ကုန်မြို့ရှိ မြစ်ကမ်းများသာယာလှပရေး၊ မြစ်ကမ်းထိန်းသိမ်းရေးလုပ်ငန်းများနှင့် ရန်ကုန်ဘူတာကြီးရှိ ပြုပြင်ပြီးစီးသော RBE ရထားတွဲများကို ကြည့်ရှုစစ်ဆေး





**နေပြည်တော် ဇန်နဝါရီ ၂၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ယနေ့တွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အဆိုပါဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် မြစ်ကမ်းသာယာလှပရေး၊ မြစ်ကမ်းထိန်းသိမ်းရေးလုပ်ငန်းနေရာများနှင့် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်ဘူတာကြီးရှိ ပြုပြင်ပြီးစီးသော RBE ရထားတွဲများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးချုပ်သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံရာ ညွှန်ကြားရေးမှူးချုပ်က ဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**စားသောက်ဖွယ်ရာများ ပေးအပ်**

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် နိုင်ငံအတွင်း မြစ်ချောင်းများ ပေါကြွယ်ဝသဖြင့် ရေလမ်းထိန်းသိမ်းရေးလုပ်ငန်းများ၊ ကမ်းပြိုကမ်းထိန်းကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေရသည့် ဌာနတစ်ခုဖြစ်သည့်အပြင် နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများကို ဖွံ့ဖြိုးတိုးတက်အောင် အားပေးလျက်ရှိရာ အဓိကလိုအပ်သည့် ရေအရင်းအမြစ်များကို တာဝန်ယူ ရှာဖွေထိန်းသိမ်းပေးနေရသောကြောင့် နိုင်ငံအတွက် အရေးပါသည့် ဌာနတစ်ခုဖြစ်ပါကြောင်း၊ ရေလမ်းကြောင်းကောင်းမွန်ရေးအတွက် ကမ်းပြိုကမ်းထိန်းလုပ်ငန်းများကို သတ်မှတ်ဒီဇိုင်း၊ စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး၊ အသုံးပြုသည့် စက်ပစ္စည်းနှင့် ယန္တရားများကို စွမ်းအားပြည့်အသုံးပြုနိုင်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ရေး၊ ဝန်ထမ်းများ၊ ရုံးအဆောက်အဦများ၊ စာရွက်စာတမ်းနှင့် သတင်းလုံခြုံမှုတို့ကို အလေးထားလိုက်နာကြစေရေးတို့ကို မှာကြားပြီး ဝန်ထမ်းများကို စားသောက်ဖွယ်ရာများ လက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဦးစီးဌာန၏ မှီငြမ်းစာကြည့်တိုက် (Refrence Library)အတွက် ပြင်ဆင်ထားရှိမှု၊ တည်ဆောက်ဆဲ ရေယာဉ်များ၊ ရေစိုလွန်းကျင်း၊ ယန္တရားများ၊ ရုံးအဆောက်အဦများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ (၂၉) ရပ်ကွက်ရှိ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော ပေ ၁၉၁၀ အရှည်ရှိသည့် ကမ်းထိန်းလုပ်ငန်းနေရာရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက မြစ်ကမ်းပါးတစ်လျှောက် အမြဲစိမ်းလန်းစိုပြည်၍ သာယာလှပရေး၊ သန့်ရှင်းသပ်ရပ်ရေးကိစ္စများကို သက်ဆိုင်ရာ မြို့နယ်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်သွားရန် မှာကြားသည်။

**အများပြည်သူ အပန်းဖြေနိုင်ရေး**

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သာကေတမြို့နယ် ကမာကြည်အိမ်ရာအနီးတွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးကြပ်ဆောင်ရွက်ပြီးဖြစ်သည့် အလျားပေ ၄၁၀ ၊ အကျယ် ၂၆ ပေအကျယ်အဝန်းရှိသော ဆိပ်ကမ်းသာယာလှပရေး၊ ကမ်းထိန်းကာကွယ်ရေးလုပ်ငန်းခွင်နေရာသို့ ရောက်ရှိစစ်ဆေးပြီး(**အပေါ်ပုံ**) ပြည်ထောင်စုဝန်ကြီးက အများပြည်သူ စိတ်ချမ်းမြေ့စွာဖြင့် လာရောက်အပန်းဖြေနိုင်ရေးအတွက် ယင်းနေရာတစ်ဝိုက် အမြဲသန့်ရှင်းသာယာလှပရေးတို့ကို သက်ဆိုင်ရာ မြို့နယ်တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရန်ကုန်ဘူတာကြီးသို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက ရထားခရီးစဉ်များ တိုးချဲ့ပြေးဆွဲနိုင်ရေးအတွက် ပြုပြင်မွမ်းမံဆောင်ရွက်လျက်ရှိသော RBE (Rail Bus Engine) ရထားတွဲဆိုင်းများ၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့် ထိုင်းနိုင်ငံ ချင်းမိုင်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

**ချင်းမိုင် ဇန်နဝါရီ ၂၁**

တိုင်းရင်းသားရေးရာ ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ် (ဒုတိယအကြိမ်) ဖြင့် ထိုင်းနိုင်ငံ၌ ရောက်ရှိနေသော တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်သည် ထိုင်းနိုင်ငံ ချင်းမိုင်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Wiraphong Rhitrot နှင့်အဖွဲ့အား ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ချင်းမိုင် အပြည်ပြည်ဆိုင်ရာ လေဆိပ် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ မြန်မာ – ထိုင်း နှစ်နိုင်ငံရှိ တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်တွင်အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံ ယဉ်ကျေးမှုဖလှယ်ရေးကိစ္စရပ်များနှင့် သက်မွေးဝမ်းကျောင်းနည်းပညာဖလှယ်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကရင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းကို၊ တနင်္သာရီတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လှူသာ၊ ကောင်စစ်ဝန်ချုပ် ဦးအောင်ကျော်လင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီး၌ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**ရန်ကုန် ဇန်နဝါရီ ၂၁**

(၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး၌ အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၃)၌ ပြုလုပ်သည်။

ဦးစွာ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား ကျင်းပရေး ဦးစီးကော်မတီ နာယက တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ပြည်ထောင်စုနေ့ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်သွားရေး လုပ်ငန်းကော်မတီများ အနေဖြင့် လိုအပ်ချက်များကို ဦးစီးကော်မတီသို့ တင်ပြဆောင်ရွက်သွားရန်နှင့် တက်ရောက်လာကြသူများကလည်း အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေး ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးရန် ပြောကြားသည်။

ထို့နောက် အခမ်းအနား ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး (မြို့တော်ဝန်) ဦးဗိုလ်ဌေးက ၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို တိုင်းဒေသကြီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်သွားနိုင်ရေး လုပ်ငန်းကော်မတီရှစ်ခုမှ တာဝန်ရှိသူများ အနေဖြင့် လုပ်ငန်းကဏ္ဍအလိုက် ဝိုင်းဝန်း ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ဆက်လက်၍ အခမ်းအနား ကျင်းပရေး ဦးစီးကော်မတီအဖွဲ့ဝင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်က လုံခြုံရေးအစီအမံများ ဆောင်ရွက်ထားရှိမှုများကို ပြောကြားပြီး လုပ်ငန်းကော်မတီရှစ်ခုမှ တာဝန်ရှိသူများက ကော်မတီအလိုက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အခမ်းအနား ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌက အခမ်းအနားကို စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရန် ပြောကြားသည်။ **ဆန်းကျော်ဦး(ပြန်/ဆက်)**



## မြန်မာ့ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး မြန်မာ့ခရီးသွားပြပွဲ ၂၀၂၃ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၁**

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းမှ ကြီးမှူး၍ မြန်မာ့ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးရည်ရွယ်ချက်ဖြင့် မြန်မာ့ခရီးသွားပြပွဲ ၂၀၂၃ ကို ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ဝန်ကြီးများရုံး၌ ဝင်ကြေးအခမဲ့ဖြင့် ကျင်းပမည်ဖြစ်သည်။

ခရီးသွားလုပ်ငန်းရှင်များအနေဖြင့် ခရီးသွားလုပ်ငန်းများပြန်လည်လုပ်ကိုင်ဆောင်ရွက်ရာတွင် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ပြန်လည်ချိတ်ဆက်ဆောင်ရွက်နိုင်ပြီး အများပြည်သူတို့ ခရီးသွားလုပ်ငန်းနှင့် ပတ်သက်ပြီး ပြည်တွင်းနှင့် ပြည်ပသို့ ခရီးသွားရာတွင် သတင်းအချက်အလက်များနှင့် ခရီးသွားလုပ်ငန်းကုမ္ပဏီများကို ပိုမိုသိရှိနိုင်စေရန် ရည်ရွယ်ချက်ဖြင့် ပြပွဲကျင်းပရခြင်းဖြစ်သည်။

အဆိုပါပြပွဲတွင် လေကြောင်းလိုင်းများ၊ ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ ဆေးရုံများ၊ အာမခံလုပ်ငန်းများ၊ အမှတ်တရပစ္စည်းဆိုင်များ၊ လက်မှုပစ္စည်းအရောင်းဆိုင်များ၊ ပြည်တွင်းထွက်ဒေသထုတ်ကုန်များ၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့်လုပ်ငန်းများနှင့် တာဝန်ယူမှုအပြည့်ရှိသောလိုင်စင်ရ ခရီးသွားကုမ္ပဏီများ အပါအဝင် ပြခန်းပေါင်း ၅၀ ခန့် ပါဝင်ပြသသွားမည်ဖြစ်သည်။

ပြပွဲတွင် ပြည်တွင်း ပြည်ပ ခရီးစဉ်များ၊ လေယာဉ်လက်မှတ်များကို အထူးဈေးနှုန်းဖြင့် ခရီးသွားအေဂျင်စီများထံတွင် ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။ ထို့ပြင် ပြပွဲလာရောက်ကြည့်ရှုသူများကို ပြည်တွင်း ပြည်ပ လေယာဉ်လက်မှတ်များ၊ ခရီးစဉ်များကို ကံစမ်းမဲဖောက်၍ ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များ အသင်းသည် မြန်မာနိုင်ငံ၏ နိုင်ငံတကာခရီးသွားပြပွဲကို ခုနစ်ကြိမ်တိုင် ကျင်းပခဲ့သည်။

**မျိုးမင်းသူရ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ နန်ချိုရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် အပူစွမ်းအင်သုံးဓာတ်အားပေးစက်ရုံ တည်ဆောက်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၁**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ နန်ချိုရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် အပူစွမ်းအင်သုံးဓာတ်အားပေးစက်ရုံ တည်ဆောက်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နန်ချိုရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ၏ ရေထိန်းတမံနှင့် ရေယူအဆောက်အအုံသို့ ရောက်ရှိပြီး ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။(ယာပုံ)အဆိုပါ ရေထိန်းတမံသည် အမြင့် ၁၆၇ ပေရှိသော တိုက်ရိုက်ရေသွယ်စနစ် (Run Off River Type) CVC ကွန်ကရစ်တမံအမျိုးအစားဖြစ်ကာ အကျယ် ၃၄၉ ပေရှိ ရေပိုလွှဲနှင့် သဲနုန်းထုတ်ပေါက်တံခါးတို့ကို ထည့်သွင်းတည်ဆောက်ထားသည်။ အဆိုပါ ရေထိန်းတမံမှ ရေကို ရေယူအဆောက်အအုံမှတစ်ဆင့် ရေသွယ်ဥမင်လိုဏ်ဂူ အလျား အရှည်ပေ ၇၃၃၀ ဖြင့် သယ်ယူပြီး ယခုကာလတွင် တစ်နေ့လျှင်နှစ်ကြိမ် ရေထိန်းကန်သို့ ပို့လွှတ်လျက်ရှိသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေထိန်းကန်သို့ရောက်ရှိပြီး ရေထိန်းကန်အတွင်း ရေသိုလှောင်ထားမှုအခြေအနေ၊ ဓာတ်အားပေးစက်ရုံသို့ ဖိအားမြင့်သံမဏိပိုက်လိုင်းဖြင့် ရေပို့လွှတ်မှုနှင့် ရေအားအဆောက်အအုံများ၏ ကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။ အဆိုပါရေထိန်းကန်သည် ရေဂါလန်ပေါင်း ၂၆ သိန်းခန့် သိုလှောင်နိုင်ပြီး အချင်း ၁၃ ပေ၊ အလျား ၈၇၆ ပေရှိ ဖိအားမြင့်သံမဏိပိုက်လိုင်းဖြင့် ဓာတ်အားပေးစက်ရုံသို့ ပို့လွှတ်ပေးလျက်ရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ကို စက်ရုံအစည်းအဝေးခန်းမ၌ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဇော်မင်းက စစ်တောင်းမြစ်ဝှမ်းအတွင်း ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးမင်းခိုင်က နန်ချိုရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်တည်ဆောက်ခဲ့မှုကို လည်းကောင်း၊ နန်ချိုဓာတ်အားပေးစက်ရုံမှူးက စက်ရုံဆိုင်ရာအချက်အလက်များ၊ ဓာတ်အားပေးစက်များ မောင်းနှင်ဓာတ်အားထုတ်လုပ်ပေးနေမှု၊ နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်၍ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှုနှင့် စက်ရုံလုံခြုံရေးဆိုင်ရာ ဆောင်ရွက်ထားမှုကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြားခဲ့ပြီး ဓာတ်အားပေးစက်ရုံရှိ ဓာတ်အားထိန်းချုပ်ခန်းအတွင်း နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ ဝန်ထမ်းများ၏တင်ပြချက်များ၊ ဝန်ထမ်းရေးရာကိစ္စရပ်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

နန်ချိုရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသည် ရေအားအမြင့် ၃၂၈ ပေရှိပြီး ဒေါင်လိုက် ဖရန်စစ်တာဘိုင် ၂၀ မဂ္ဂါဝပ် စက်နှစ်လုံးဖြင့် တပ်ဆင်အင်အား ၄၀ မဂ္ဂါဝပ်ရှိကာ နှစ်စဉ် ကီလိုဝပ်နာရီသန်းပေါင်း ၁၅၂ သန်း ထုတ်လုပ်ပေးလျက်ရှိသော တိုက်ရိုက်ရေသွယ်စနစ် (Run Off River Type) စက်ရုံတစ်ရုံဖြစ်ပြီး နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပို့လွှတ် ဖြန့်ဖြူးပေးလျက်ရှိသည်။

ထို့ပြင်ဒေသဖွံ့ဖြိုးရေးအတွက်အကောင်အထည်ဖော် တည်ဆောက်ပေးလျက်ရှိသော စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့အနီး တည်ဆောက်ဆဲဖြစ်သည့် နမ့်ပငရေအားလျှပ်စစ်စီမံကိန်း ၆ မဂ္ဂါဝပ်နှင့် နာဂဒေသတွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် ရေအားလျှပ်စစ်စီမံကိန်းများကိုလည်း တိုက်ရိုက်ရေသွယ်စနစ် (Run Off River Type) အသုံးပြု ဓာတ်အားပေးစက်ရုံများအဖြစ် အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇေယျာသီရိမြို့နယ် ပေါင်းလောင်းရေလှောင်တမံအနီးရှိ အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်မည့်နေရာကို ရောက်ရှိရာ တာဝန်ရှိသူများက မြေနေရာရွေးချယ်ထားမှု၊ ရေရရှိနိုင်မှု၊ အောက်ခံကျောက်သား ဘူမိဗေဒအခြေအနေတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက စီမံကိန်းအကောင်အထည်ဖော် တည်ဆောက်မှုဆိုင်ရာ အဓိကလိုအပ်ချက်များ ပြည့်စုံမှုရှိစေရေး လိုအပ်သည်များကို မှာကြားခဲ့ပြီး အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် မြေနေရာများ လျာထားရွေးချယ်ထားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်တွေမြို့နယ်၌ ကျပ်သန်း ၄၅၀ ဖြင့် ကျေးလက်အိမ်ရာများ ဆောက်လုပ်ပေးမည်

**စစ်တွေ ဇန်နဝါရီ ၂၁**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၄၅၀ ဖြင့် ကျေးလက်အိမ်ရာများ တည်ဆောက်ခြင်းလုပ်ငန်းကို ဇော်မဒတ်နှင့် မြစ်နားကျေးရွာတို့၌ ဆောင်ရွက်ပေးမည်ဖြစ်ရာ စစ်တွေခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးစောဝေ၊ မြို့နယ်ဦးစီးမှူး ဦးညီညီနှင့် တာဝန်ရှိသူများက ဇန်နဝါရီ ၂၀ ရက်က ကျေးရွာများသို့ ကွင်းဆင်းတိုင်းတာမှုများ ဆောင်ရွက်သည်။

ဆင်းရဲနွမ်းပါးသော ကျေးလက်နေပြည်သူများ ဘေးကင်းလုံခြုံစွာ နေထိုင်နိုင်ရေးအတွက် ဇော်မဒတ်ကျေးရွာ၌ အလျား ၂၄ ပေ၊ အနံ ၁၈ ပေ၊ အမြင့် ကိုးပေရှိ ကျေးလက်အိမ်ရာ ၁၀ လုံးကို ကျပ်သန်း ၁၅၀ ဖြင့် လည်းကောင်း၊ မြစ်နားကျေးရွာ၌ ကျေးလက်အိမ်ရာ အလုံး ၂၀ ကို ကျပ်သန်း ၃၀၀ ဖြင့် လည်းကောင်း ဆောင်ရွက်ပေးရန် လျာထားကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။ **အောင်လှဖြူ(ရမ်းဗြဲ)**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၂၁**

ထူးခြားသည့် ညအပူချိန်များမှာ နမ့်စန်မြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့၊ မိုင်းယန်းမြို့နှင့် ဟားခါးမြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီ၊ ကျောက်မဲမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်နှင့် ပူတာအိုမြို့၊ လွိုင်လင်မြို့၊ ပြင်ဦးလွင်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ပြည်သူ့အကျိုးပြု ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ပုသိမ် ဇန်နဝါရီ ၂၁**

ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ယနေ့နံနက်ပိုင်းက မအူပင်ခရိုင် မအူပင်မြို့နယ် မင်းဘောကျေးရွာ၌ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် 66 KW Solar Pumping System ပြောင်းလဲတပ်ဆင်ခြင်း (မင်းဘောဒီဇယ်ရေတင်) လုပ်ငန်းဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့ပြီး အရည်အသွေးပြည့်မီစေရေး၊ အချိန်မီပြီးစီးစေရေး၊ စိုက်ပျိုးရေအား တောင်သူများ အကျိုးရှိရှိ အသုံးချစေရေး အလေးထားဆောင်ရွက်စေရေး မှာကြားခဲ့သည်။



ဆက်လက်၍ ကွန်ပျူတာ တက္ကသိုလ်(မအူပင်) RC သုံးထပ် ပင်မကျောင်းဆောင်အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အစိုးရနည်းပညာအထက်တန်းကျောင်း(မအူပင်) ဆောက်လုပ်ခြင်းကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

ယင်းနောက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မအူပင်မြို့နယ် စည်ပင်သာယာရေးရန်ပုံငွေဖြင့် ဆောင်ရွက်သော အရှည်ပေ ၁၁၇၀၊ အကျယ် ပေ ၃၀၊ ထု ရှစ်လက်မရှိသည့် အမှတ်(၃)ရပ်ကွက် ကမ်းနားလမ်း (စည်ပင်လမ်းနှင့် ၃ လမ်းကြား) ကွန်ကရစ်လမ်းကို (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** ကွန်ကရစ်လမ်းသစ်အား ကြည့်ရှုစစ်ဆေးခဲ့သည်။ ဆက်လက်ပြီး မအူပင်မြို့နယ် မလက်တိုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား အချိန်ပိုသင်ကြားပို့ချနေမှုကို ကြည့်ရှုအားပေးခဲ့ပြီး ကျောင်းသုံးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ထို့နောက် မလက်တိုကျေးရွာအုပ်စု ပလောင်ရွာ၌ ၂၀၂၃ ခုနှစ် နွေစပါးတစ်ဧက တင်း ၁၂၀၊ ဧက ၁၀၀ စံပြကွက်အား ကြည့်ရှုအားပေးခဲ့ပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် သွင်းအားစုများ ထောက်ပံ့ပေးပြီးဖြစ်၍ စိုက်ခင်းများသို့ အပြည့်အဝထည့်သွင်းအသုံးပြုစေရေး၊ အထွက်တိုးစေရေးနှင့် ဆီထွက်သီးနှံနေကြာအား တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးစားကြရန် မှာကြားသည်။

ဆက်လက်ပြီး မရဲ့အုန်းပင်စုကျေးရွာအုပ်စု မရဲ့အုန်းပင်စုကျေးရွာရှိ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ ဧက ၅၀၀ စံပြကွက်သို့ သွားရောက်ခဲ့ရာ တာဝန်ရှိသူတစ်ဦးက ဧက ၅၀၀ စံပြကွက် စိုက်ပျိုးထားရှိမှုနှင့် နွေစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် သွင်းအားစုများ ထောက်ပံ့ပေးပြီးဖြစ်၍ စိုက်ခင်းများသို့ အပြည့်အဝထည့်သွင်းအသုံးပြုစေရေး၊ အထွက်တိုးစေရေးနှင့် သဘာဝမြေဩဇာ၊ ဇီဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ အချိုးကျသုံးစွဲစေရေး မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# စလေတိုက်နယ်တောင်သူများ အဆင်ပြေစေရန် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းကို ဆောင်ရွက်ပေးခြင်းဖြစ်

**မကွေး ဇန်နဝါရီ ၂၁**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင် သည် ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက ချောက်မြို့နယ်၌ ဥမင်ကိုးပေါက် လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ကြည့်ရှုစစ်ဆေး၍ စလေတိုက်နယ်တောင်သူများနှင့် တွေ့ဆုံသည်။(ယာပုံ)

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ချောက်မြို့နယ် ဥမင်ကိုးပေါက် လျှပ်စစ်မြစ်ရေတင် လုပ်ငန်းသို့ ရောက်ရှိစဉ် တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ (ရေအရင်းအမြစ်) တိုင်း၊ ခရိုင်ဦးစီးမှူးတို့က ၂၀၂၁-၂၀၂၂ နွေသီးနှံ၊ ၂၀၂၂-၂၀၂၃ မိုးရာသီ ရေပေးဝေမှုနှင့် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှု အခြေအနေများ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က စိုက်ကေပြည့်မီစွာ ရေပေးဝေ စိုက်ပျိုးနိုင်ရေး အလေးထား ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် စလေတိုက်နယ် ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ ဒေသခံများ၏ စိုက်ပျိုးရေးကဏ္ဍ လိုအပ်ချက်များအား မေးမြန်းကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မကွေးတိုင်းဒေသကြီးသည် စိုက်ပျိုးရေးကို အခြေခံသည့် ဆီထွက်သီးနှံအများဆုံး စိုက်ပျိုးထုတ်လုပ်ရာ တိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း၊ စိုက်ပျိုးရေး ကဏ္ဍဖွံ့ဖြိုးရေးသည် နိုင်ငံ၏ ကျောရိုးသဖွယ် အရေးပါသည့် ကဏ္ဍတစ်ခုဖြစ်သည့် အတွက် စလေတိုက်နယ်မှ ဒေသခံတောင်သူများ ကြီးပွားတိုးတက်အဆင်ပြေစေရန် ယခုမြစ်ရေတင်စီမံကိန်းကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေလုံလောက်စွာ ရရှိစေရန်အတွက် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းကို ဆောင်ရွက်ပေးခြင်း ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် စိုက်ပျိုးသီးနှံများ ဖြစ်ထွန်းအောင်မြင်စေရန်နှင့် ရေကိုချွေတာ သုံးစွဲနိုင်ရန်အတွက် ရာသီအလိုက် စိုက်ပျိုးသီးနှံများကို သတ်မှတ်ချိန်အတွင်း အပြီးစိုက်ပျိုးရန် လိုအပ်ကြောင်း၊ မိမိတို့ ဒေသအတွင်း သီးနှံများ စိုက်ပျိုးရာတွင် တစ်နှစ်ကို သီးနှံသုံးသီး စိုက်ပျိုးနိုင်အောင် ကြိုးစားဆောင်ရွက်ကြစေ လိုကြောင်း၊ သီးနှံအထွက်တိုးရန်အတွက် မျိုးကောင်းမျိုးသန့်များ သုံးစွဲရန် လိုအပ်ပြီး မျိုးကောင်းမျိုးသန့် ရရှိရေးနှင့် နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များကိုလည်း စိုက်ပျိုးရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားပြီး တောင်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် ပူးပေါင်းဆောင်ရွက်သည့် စလေမြို့ JUMJEL သဘာဝစလေဆီးသီးနှင့် မန်ကျည်းအနှစ် ဖျော်ရည်၊ ပွင့်ကောင်း ပဲကြော်၊ ပဲလှော်နှင့် ကောင်းမော် ပုံးရည်ကြီးလုပ်ငန်းအား ကြည့်ရှုစစ်ဆေးသည်။

**မောင်ညီညာ**

# ဖြူးမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား လူငယ်စကားဝိုင်းပြုလုပ်ပေး

**ဖြူး ဇန်နဝါရီ ၂၁**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယမန်နေ့က ဖြူးမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပသည်။

လူငယ်စကားဝိုင်းကို ဖြူးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောမင်းသူက တက်ရောက်အမှာစကား ပြောကြားသည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဒေါ်သီသီကြိုင်က ကျောင်းသားလူငယ်များအား လူငယ်စကားဝိုင်း ပြုလုပ်ပေးခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အိမာဟိန်းက လူငယ်စကားဝိုင်း ပြုလုပ်ခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ လူငယ်စကားဝိုင်း ပြုလုပ်ရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ဦးဆောင်ဆွေးနွေးပြီး ကျောင်းသား ကျောင်းသူ ခြောက်ဦးတို့က လူငယ်နှင့် ခေါင်းဆောင်မှု၊ လူငယ်နှင့် ပရဟိတ၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့် စာဖတ်ခြင်း၊ လူငယ်နှင့် ပညာရေး ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့သည်။ အလားတူ လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများကလည်း စကားဝိုင်း၏ ခေါင်းစဉ်အလိုက် သိရှိလိုသည့် အချက်များကို မေးမြန်းဆွေးနွေးခြင်း၊ ပြန်လည်ဖြေကြားဆွေးနွေးခြင်းများ ပြုလုပ်ကြကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# တရုတ်-မြန်မာ ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်သွားမည်

**ရန်ကုန် ဇန်နဝါရီ ၂၁**

တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံကြား ယဉ်ကျေးမှုနှင့် ခရီးသွားရေးပိုင်းတွင် အပြန်အလှန်ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်မည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၈ ရက်က ရန်ကုန်မြို့ အလုံမြို့နယ် ဗဟိုလမ်းရှိ ရန်ကုန် တရုတ်ယဉ်ကျေးမှု စင်တာ၌ ကျင်းပသည့် "ပျော်ပျော်ရွှင်ရွှင်တို့ဆင်နွှဲ ယုန်နှစ်နွေဦးနှစ်သစ်ကူးပွဲတော်" မီဒီယာတွေ့ဆုံပွဲတွင် ရန်ကုန် တရုတ်ယဉ်ကျေးမှုစင်တာ တာဝန်ခံ Ms.Xu Ling က ပြောသည်။



"ကျွန်မတို့ ဒီနှစ်လုပ်ငန်းဆောင်တာတွေကို ပိုပြီးလုပ်ဆောင်သွားဖို့ရှိပါတယ်။ ရန်ကုန်တရုတ်ယဉ်ကျေးမှုစင်တာရဲ့ အွန်လိုင်းမီဒီယာပလက်ဖောင်းကနေ ၂၀၂၃ ခုနှစ် တရုတ်နိုင်ငံမြောက်ပိုင်း ရေခဲဆီးနှင်းခရီးသွားလာမှုပြည်ပမိတ်ဆက်ခြင်း၊ ယုန်နှစ်မင်္ဂလာ-တရုတ် (၁၂)ရာသီခွင် ယဉ်ကျေးမှုနှီးနှောဖလှယ်ခြင်း၊ တိုင်းရင်းသားရိုးရာဂီတတူရိယာများနဲ့ ယဉ်ကျေးမှု နှီးနှောဖလှယ်ခြင်းတို့ကို အွန်လိုင်းကဏ္ဍတွဲအစီအစဉ်များ ဆက်လက်တင်ဆက်မှာ ဖြစ်ပါတယ်" ဟု တာဝန်ခံက ပြောသည်။

အဆိုပါ နှစ်သစ်ကူးပွဲတော်သို့ တရုတ်-မြန်မာချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ Myanmar One Belt One Road Chamber of Commerce ဥက္ကဋ္ဌ ဦးမျိုးနိုင်နှင့် ဧည့်သည်တော်များ တက်ရောက်၍ အစီအစဉ်များကို ကြည့်ရှုအားပေးကြသည်။

**အာကာလင်း**

**ဓာတ်ပုံ-တင်စိုး**

## အမေရိကန်နိုင်ငံ၌ တုပ်ကွေးရောဂါကြောင့် ဖျားနာသူပေါင်း ၂၅ သန်းနှင့် သေဆုံးသူပေါင်း ၁၇၀၀၀ ရှိလာ

**လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၂၁**

အမေရိကန်နိုင်ငံ၌ ယခုနှစ်တုပ်ကွေးရာသီတွင် လက်ရှိအချိန်အထိ တုပ်ကွေးရောဂါကြောင့် ဖျားနာသူ ၂၅ သန်းထက် မနည်းရှိပြီး ဆေးရုံတက်ရောက်ကုသမှုခံယူရသူ ၂၇၀၀၀၀ နှင့် သေဆုံးသူပေါင်း ၁၇၀၀၀ ရှိလာကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (စီဒီစီ) ၏ ဇန်နဝါရီ ၂၀ ရက် ထုတ်ပြန်ချက်အရ သိရသည်။

ဇန်နဝါရီ ၁၄ ရက်အဆုံးသတ်သော နောက်ဆုံးရက်သတ္တပတ်အတွင်း အမေရိကန်နိုင်ငံတွင် တုပ်ကွေးရောဂါကြောင့် ဆေးရုံတက်ရောက်ကုသမှုခံယူနေရသူ ၆၃၀၀ ကျော်ရှိကြောင်း အဆိုပါထုတ်ပြန်ချက်အရ သိရသည်။ ထို့အပြင် ယခုသီတင်းပတ်အတွင်း တုပ်ကွေးနှင့်ဆက်စပ်သောဖြစ်စဉ်ကြောင့် ကလေးငယ် ခြောက်ဦး ထပ်မံသေဆုံးသည့်အတွက် လက်ရှိအချိန်အထိ ကလေးငယ်သေဆုံးသူ စုစုစုပေါင်း ၈၅ ဦး ရှိလာပြီ ဖြစ်သည်။

တုပ်ကွေးရောဂါကူးစက်ခြင်းနှင့် ပြင်းထန်သောရောဂါလက္ခဏာများဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ရန်အတွက် နှစ်စဉ်တုပ်ကွေးရောဂါကာကွယ်ဆေးထိုးနှံမှုခံယူကြရန် ပြည်သူများကို စီဒီစီက တိုက်တွန်းထားသည်။ **ဆင်ဟွာ**



လော့စ်အိန်ဂျလိစ်၌ ကလေးငယ်တစ်ဦးအား တုပ်ကွေးကာကွယ်ဆေး ထိုးနှံပေးစဉ်။

## ဂါဘွန်နိုင်ငံခြားရေးဝန်ကြီး မိုက်ကယ်မော်ဆာအဒမ်မို နှလုံးဖောက်ကာ သေဆုံး

**လီဗရာဗီးလ် ဇန်နဝါရီ ၂၁**

ဂါဘွန်နိုင်ငံခြားရေး ဝန်ကြီး မိုက်ကယ်မော်ဆာ အဒမ်မိုသည် အစိုးရအဖွဲ့ အစည်းအဝေးတက်ရန် စောင့်ဆိုင်းနေစဉ် နှလုံးဖောက်ပြန်မှုကြောင့် ဇန်နဝါရီ ၂၀ ရက်တွင် သေဆုံးခဲ့ကြောင်း အစိုးရနှင့် သမ္မတရုံး သတင်းရင်းမြစ်၏ ဖော်ပြချက်အရ သိရသည်။

အသက် ၆၂ နှစ်အရွယ် မော်ဆာအဒမ်မို နှလုံးဖောက်ကာ မသေဆုံးမီ ပါရဂူများက သတိပြန်လည်လာအောင် ကြိုးစားလုပ်ဆောင်ခဲ့ကြကြောင်း သတင်းစာရှင်းလင်းပွဲတစ်ခုတွင် အစိုးရက ပြောသည်။ ၎င်းသည် အစိုးရအဖွဲ့ အစည်းအဝေး မစတင်မီ ၎င်း၏ လုပ်ဖော်ကိုင်ဖက်များ၏ ရှေ့မှောက်၌ စောင့်ဆိုင်းခန်းအတွင်း ထိုင်နေခဲ့ကြောင်း သမ္မတအိမ်တော်နှင့် နီးစပ်သည့် သတင်းရင်းမြစ်တစ်ခုက အေအက်ဖ်ပီသို့ ပြောသည်။



၎င်းသတိလစ်မေ့မြောနေစဉ် တပ်မတော်ဆေးရုံသို့ ပို့ဆောင်ခဲ့သော်လည်း မွန်းလွဲပိုင်းတွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။ ၎င်းသေဆုံးမှုနှင့် ပတ်သက်ပြီး သမ္မတ ဘွန်ဂိုက မော်ဆာအဒမ်မိုသည် အမြော်အမြင်ကြီးမားသော နိုင်ငံ့ခေါင်းဆောင်ကောင်း တစ်ဦးဖြစ်ခြင်းကြောင့် ဂါဘွန်နိုင်ငံအတွက် ကြီးမားသော ဆုံးရှုံးမှုတစ်ခုဖြစ်ကြောင်း တွစ်တာမှတစ်ဆင့် ပြောသည်။ **အေအက်ဖ်ပီ**

## မာလဝီနိုင်ငံ၌ ငါးဦးမြောက် ပိုလီယိုရောဂါကူးစက်ဖြစ်ပွားမှု တွေ့ရှိ

**လီလွန်ဂွေးလ် ဇန်နဝါရီ ၂၁**

မာလဝီနိုင်ငံ မြို့တော်လီလွန်ဂွေးလ်၌ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလက ပိုလီယိုရောဂါကူးစက်ဖြစ်ပွားမှုကို ပထမအကြိမ် တွေ့ရှိပြီးနောက် ယခုအခါ အဆိုပါ ရောဂါကူးစက်ခံရသူတစ်ဦး ထပ်မံတွေ့ရှိသည့်အတွက် ပိုလီယိုရောဂါကူးစက်ဖြစ်ပွားသူ စုစုပေါင်း ငါးဦးအထိ ရှိလာပြီဖြစ်ကြောင်း မာလဝီကျန်းမာရေးအာဏာပိုင်များက အတည်ပြုပြောသည်။


ဘလာတိုင်ရီခရိုင်မှ အသက် ၁၄ နှစ်အရွယ် မိန်းကလေးတစ်ဦးတွင် ပိုလီယိုရောဂါဖြစ်ပွားကြောင်း အတည်ပြုဖော်ထုတ်နိုင်ခဲ့သော နိုင်ငံတောင်ပိုင်း ဘလာတိုင်ရီခရိုင်မှ ကျန်းမာရေးဆိုင်ရာ ဒါရိုက်တာ ဂစ်ဖ်ကဝါလာဖီရာကို ကိုးကား၍ ပြည်တွင်းသတင်းဌာနက ဇန်နဝါရီ ၂၀ ရက်တွင် ဖော်ပြသည်။ မာလဝီနိုင်ငံ၌ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ၁၉၉၂ ခုနှစ်တွင် ပိုလီယိုရောဂါကူးစက်ဖြစ်ပွားမှု အမြစ်ပြတ်ကြောင်း ထုတ်ပြန်ကြေညာပြီးနောက် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ပထမဆုံးပိုလီယိုရောဂါဖြစ်ပွားမှုကို တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် နောက်ထပ်ပိုလီယိုရောဂါကူးစက်ဖြစ်ပွားသူ သုံးဦးတွေ့ရှိကြောင်း သိရသည်။ မာလဝီနိုင်ငံ၌ ပိုလီယိုရောဂါကာကွယ်ဆေးကို သုံးကြိမ်မြောက် ထိုးနှံမှုပြုလုပ်ထားပြီး နောက်ဆုံးအကြိမ်မှာ ၂၀၂၂ ခုနှစ် ဩဂုတ်လက ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## အမေရိကန်၌ ကိုဗစ်-၁၉ နောက်ထပ်ကူးစက်မှုများ၏ တစ်ဝက်မှာ အိုမီခရွန်မျိုးကွဲ XBB.1.5 ကြောင့်ဖြစ်

**ဝါရှင်တန် ဇန်နဝါရီ ၂၁**

အမေရိကန်တွင် နောက်ထပ်ကိုဗစ် -၁၉ ကူးစက်မှုများ၏ တစ်ဝက်မှာ အိုမီခရွန်မျိုးကွဲ XBB.1.5 ကြောင့် ဖြစ်သည်ဟု အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (စီဒီစီ)၏ နောက်ဆုံးထုတ်ပြန်ထားသည့် အချက်အလက်များအရ သိရသည်။




ပြီးခဲ့သည့် သီတင်းပတ်အတွင်း နောက်ထပ်ကူးစက်မှုများ၏ ၄၉ ဒသမ ၁ ရာခိုင်နှုန်းမှာ ကူးစက်မှုမြန်ဆန်သည့် မျိုးကွဲကြောင့်ဖြစ်ကြောင်း စီဒီစီက ပြောသည်။ ဇန်နဝါရီ ၁၇ ရက်အထိ ကိုဗစ်-၁၉ ကြောင့် နေ့စဉ်ဆေးရုံတက်ရသူဦးရေမှာလည်း ၄၈၀၀ ခန့်ရှိပြီး ပြီးခဲ့သည့် သီတင်းပတ်နှင့် နှိုင်းယှဉ်လျှင် ၂၀ ရာခိုင်နှုန်းနီးပါး ကျဆင်းသွားခြင်းဖြစ်သည်။

ကိုဗစ်-၁၉နှင့် ဆက်စပ်၍ သေဆုံးသူ ဦးရေမှာလည်း ဇန်နဝါရီ ၁၈ ရက်တွင် ၅၇၀ ဝန်းကျင်ရှိပြီး ၅၀၀ ကျော်လာသည်မှာ နှစ်ပတ်ဆက်တိုက်ရှိလာပြီဖြစ်သည်။ XBB.1.5မှာ အခြားသော အိုမီခရွန်မျိုးကွဲများထက်ပို၍ ခုခံအားကို ရှောင်လွှဲနိုင်ပြီး ယင်းအချက်ကြောင့်ပင် တစ်ကမ္ဘာလုံးအနှံ့ကူးစက်မှုများ ပို၍ များပြားလာနိုင်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောသည်။

သို့သော်လည်း XBB.1.5မှာ ပို၍ ပြင်းထန်သော ရောဂါလက္ခဏာများ ဖြစ်စေနိုင်သလားဆိုသည်ကို ဆုံးဖြတ်ရန်မှုလုံလောက်သည့် အချက်အလက်မရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောသည်။ **အင်န်အိတ်ချ်ကေ**

## နိုင်ဂျီးရီးယား၌ မူလတန်း ကျောင်းသား ကျောင်းသူ ခြောက်ဦး ပြန်ပေးဆွဲခံရ

**လေဂို့စ် ဇန်နဝါရီ ၂၁**

နိုင်ဂျီးရီးယားနိုင်ငံ အလယ်ပိုင်း နာဆာရာဝါပြည်နယ်၌ ကျောင်းသို့ သွားရာလမ်းတွင် ကျောင်းသား ကျောင်းသူ ခြောက်ဦး ပြန်ပေးဆွဲခံရကြောင်း ရဲတပ်ဖွဲ့က ဇန်နဝါရီ ၂၀ ရက်တွင် ပြောသည်။

အစိုးရမူလတန်းကျောင်းမှ အသက် ခုနစ်နှစ်နှင့် ရှစ်နှစ်ကြားရှိသော အဆိုပါ ကျောင်းသား ကျောင်းသူ ခြောက်ဦးကို အယ်ဝါဇာမြို့ လမ်းတစ်ခုမှ အမည်မသိ သေနတ်သမားများက ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက ဆိုင်ကယ်များဖြင့် ခေါ်ဆောင်သွားခြင်းဖြစ်ကြောင်း နာဆာရာဝါပြည်နယ် ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ရာမန်နန်ဇယ်က ပြည်နယ်၏ မြို့တော်လာဖီယာရှိ သတင်းထောက်များကို ပြောသည်။

### ပြန်ပေးဆွဲသူများနောက် ခြေရာခံလိုက်

ရဲတပ်ဖွဲ့သည် ကျောင်းစီမံအုပ်ချုပ်သူနှင့် ပြန်ပေးဆွဲခံရသော ကျောင်းသား ကျောင်းသူများ၏ မိဘများနှင့် တွေ့ဆုံပြီး ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ဆောင်ရန် ပူးတွဲလုံခြုံရေးအဖွဲ့တစ်ဖွဲ့ကို စုရုံးပြင်ဆင်ခဲ့ကြောင်းနှင့် ပြန်ပေးဆွဲသူများနောက် ခြေရာခံလိုက်နေကြောင်း နန်ဇယ်က ပြောသည်။

### ရဲတပ်ဖွဲ့ထံ သတင်းပေးပို့ရန် တောင်းဆို

ပြန်ပေးဆွဲခံရသူများကို ကယ်တင်ရန်နှင့် ပြန်ပေးဆွဲသူများကို ဖမ်းဆီးရန် သတင်းအချက်အလက် တစ်စုံတစ်ရာရရှိပါက ရဲတပ်ဖွဲ့ထံ သတင်းပေးပို့ရန် ပြည်သူများကို ၎င်းက တောင်းဆိုထားသည်။ **ဆင်ဟွာ**

# ထိုင်ခုံခါးပတ်မပတ်သည့်အတွက် ဗြိတိန်ဝန်ကြီးချုပ် ဆူနက် ဒဏ်ရိုက်ခံရ

**လန်ဒန် ဇန်နဝါရီ ၂၁**

ကားနောက်ခန်းတွင် ထိုင်နေသည့် ဗီဒီယိုဖိုင်ထဲ၌ ဗြိတိန်ဝန်ကြီးချုပ် ရစ်ရှီဆူနက် ထိုင်ခုံခါးပတ် ပတ်မထားသည်ကိုတွေ့ရသဖြင့် ဒဏ်ရိုက်ခံရကြောင်း သိရသည်။

ဇန်နဝါရီ ၁၉ ရက်က အင်စတာဂရမ်ပေါ်တွင် တင်ထားသည့် ဗီဒီယိုဖိုင်ထဲတွင် ဆူနက်က ကားပေါ်ထိုင်နေပြီး အစိုးရအဖွဲ့၏ စီးပွားရေးလုပ်ဆောင်မှုများကို ရှင်းပြနေသည်။ ဇန်နဝါရီ ၂၀ ရက်တွင် မူ ဝန်ကြီးချုပ်ကို ဒဏ်ရိုက်ကြောင်း ဒေသခံရဲဌာနက ထုတ်ပြန်ခဲ့သည်။ ယင်းသို့ဒဏ်ရိုက်ခြင်းကို လက်ခံပြီး အမှားလုပ်မိသည့်အတွက် ဝန်ခံကြောင်း ဝန်ကြီးချုပ်ရုံးက ပြောသည်။ ဗြိတိန်နိုင်ငံတွင် ကားစီးစဉ်အတွင်း ထိုင်ခုံခါးပတ် ပတ်မထားပါက ဒဏ်ငွေအဖြစ် ပေါင် ၅၀၀ အထိ ဒဏ်ရိုက်နိုင်ကြောင်း သိရသည်။

ယခုတစ်ကြိမ် ဒဏ်ရိုက်ခံရခြင်းမှာ ဆူနက်အတွက် ဒုတိယအကြိမ် ဒဏ်ရိုက်ခံရခြင်းဖြစ်ပြီး ဘဏ္ဍာရေးအကြီးအကဲ ဖြစ်စဉ်ကလည်း ကိုဗစ် -၁၉ စည်းကမ်းချက်များကို ချိုးဖောက်ခဲ့သည့်အတွက် ၎င်းမှာ ဒဏ်ရိုက်ခံရသည်။ ဆူနက်မှာ ယခင်ဝန်ကြီးချုပ်ဟောင်း ဘောရစ်ဂျွန်ဆင်ပြီးလျှင် ဒဏ်ရိုက်ခံရသည့် ဒုတိယမြောက်ဝန်ကြီးချုပ် ဖြစ်လာသည်။ အတိုက်ခံလေဘာပါတီမှ ဒုတိယခေါင်းဆောင်ဖြစ်သူ အန်ဂျလာရေးနာကလည်း ဆူနက်မှာ တာဝန်ယူမှုရှိသူဟု တွစ်တာပေါ်တွင် ပြောကြားခဲ့သည်။



ဗြိတိန်ဝန်ကြီးချုပ် ရစ်ရှီဆူနက်

**အင်န်အိတ်ချ်ကေ**

# သီရိလင်္ကာ၏ ဒေသဆိုင်ရာကောင်စီများအတွက် ရွေးကောက်ပွဲများကို မတ်လတွင် ကျင်းပမည်

**ကိုလံဘို ဇန်နဝါရီ ၂၁**

သီရိလင်္ကာ အမျိုးသားရွေးကောက်ပွဲကော်မရှင်က ဒေသဆိုင်ရာ ကောင်စီ ရွေးကောက်ပွဲများကို မတ် ၉ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၁ ရက်က ကြေညာသည်။

အဓိက နိုင်ငံရေးပါတီများအားလုံးကို ဇန်နဝါရီ ၂၁ ရက်တွင် နောက်ဆုံးထား၍ အမည်စာရင်း တင်သွင်းခဲ့ပြီးနောက် ခရိုင်အားလုံး အတွက် မြို့တော်ဝန်များနှင့် ဒေသဆိုင်ရာ ကောင်စီဝင်အသစ်များကို ရွေးချယ်ရန် ကော်မရှင်က သတ်မှတ်ထားသည်။

သမ္မတ ရာနီ ဝစ်ခမီဆင်ဂေး၏ ညီညွတ်သော အမျိုးသားပါတီနှင့် သီရိလင်္ကာဝန်ကြီးချုပ်ဟောင်း မဟင်ဒရာ ရာဂျာပက်ဆာ၏ သီရိလင်္ကာ ပိုဒူဂျာနာ ပီရာမူနာ ပါတီတို့ ပူးပေါင်းလိုက်ပြီး မတ်လရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ၎င်းတို့၏ အဓိကပြိုင်ဘက်ပါတီမှာ ဆာဂျစ် ပရီမာဒါဆာ ဦးဆောင်သော အတိုက်အခံ ဆမားဂျီဂျာနာ ဗလဝီဂါယာပါတီဖြစ်ပြီး ကျန်နိုင်ငံရေးပါတီငယ် အများအပြားကလည်း ရွေးကောက်ပွဲအတွက် မဟာမိတ်များ ဖွဲ့စည်းခဲ့ကြသည်။

**ဆင်ဟွာ**

# ဂျပန်နိုင်ငံတစ်ဝန်း ရာသီတုပ်ကွေးရောဂါကူးစက်ဖြစ်ပွား

**တိုကျို ဇန်နဝါရီ ၂၁**

ဂျပန်နိုင်ငံရှိ ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုလျှင် တစ်ပတ်အတွင်း တုပ်ကွေးလူနာ ပျမ်းမျှအရေအတွက်သည် ၇ ဒသမ ၃၇ ရာခိုင်နှုန်းသို့ ရောက်ရှိနေပြီး ကပ်ရောဂါတစ်ခုအစပြုရန် အချက်ပြနေကြောင်း ကျန်းမာရေးဝန်ကြီးဌာန စစ်တမ်းတစ်ခုက ပြောကြားသည်။

ဂျပန်နိုင်ငံ၏ ဒေသ ၄၇ ခုရှိ ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းပေါင်း ၅၀၀၀ ခန့်သည် ခုနစ်ရက်တာကာလအတွင်း ရာသီတုပ်ကွေးရောဂါ ဖြစ်ပွားမှု ၃၆၃၈၈ ဦးရှိကြောင်း အစီရင်ခံတင်ပြခဲ့သည်ဟု အမျိုးသား ကူးစက်ရောဂါဆိုင်ရာ အင်စတီကျုက ဇန်နဝါရီ ၂၀ ရက်က ပြောကြားသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဖွဲ့အစည်းတစ်ခုလျှင် တုပ်ကွေးလူနာအရေအတွက်သည် ယခင်ပတ်ကထက် တစ်ဆခွဲ ပိုများနေပြီး နိုင်ငံတစ်ဝန်း တုပ်ကွေးရောဂါ လူနာဦးရေမှာ ၂၅၇၀၀၀ ခန့်ရှိကြောင်း ခန့်မှန်းထားသည်။ ဂျပန်နိုင်ငံအနောက်တောင်ပိုင်း အိုကီနာဝါဒေသသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တုပ်ကွေးရောဂါဖြစ်ပွားမှုနှုန်း အမြင့်မားဆုံးဖြစ်နေသည့်အတွက် သတိပေးချက် ထုတ်ပြန်ထားသည်။

တိုဟိုတက္ကသိုလ်မှ ပါမောက္ခ တာတီဒကာဇူဟီရိုကလည်း အချို့သောဒေသများတွင် ကိုရိုနာဗိုင်းရပ်စ်နှင့် ရာသီတုပ်ကွေးရောဂါများ ဖြစ်ပွားနေမှုကို ရင်ဆိုင်နေရပြီး ရောဂါကူးစက်မှုမှ ကာကွယ်ရန်အတွက် ကိုယ်တိုင်ဂရုပြုကြရန် ပြည်သူများအား တိုက်တွန်းထားသည်။

**ဆင်ဟွာ ၊ အင်န်အိတ်ချ်ကေ**

# ဂူဂဲလ်၏ မိခင်ကုမ္ပဏီ အယ်လ်ဖာဘက်က အလုပ်အကိုင်နေရာပေါင်း ၁၂၀၀၀ လျှော့ချ

**ဆန်ဖရန်စစ္စကို ဇန်နဝါရီ ၂၁**

ဂူဂဲလ်၏ မိခင်ကုမ္ပဏီဖြစ်သည့် အယ်လ်ဖာဘက်သည် ကမ္ဘာတစ်ဝန်းရှိ ၎င်း၏ လုပ်သားအင်အား ၆ ရာခိုင်နှုန်းခန့်(ရာထူးနေရာပေါင်း ၁၂၀၀၀)ကို အစုလိုက်အပြုံလိုက် ရာထူးမှ ရပ်စဲကြောင်း ဇန်နဝါရီ ၂၀ ရက်တွင် ကြေညာခဲ့သည်။

ယင်းကိစ္စတွင် ပါဝင်သူအားလုံးကို ကုမ္ပဏီ၏ စီအီးအိုဖြစ်သူ ဆန်းဒါး ပီချိုင်းက တောင်းပန်စကားဆိုလိုက်ပြီး အယ်လ်ဖာဘက်၏ ဒေသဆိုင်ရာ၊ ထုတ်လုပ်မှုဆိုင်ရာနှင့် လုပ်ငန်းအဆင့်ဆင့်တိုင်းမှ ဝန်ထမ်းများအား ထုတ်ပယ်လိုက်ရသည်ကို များစွာဝမ်းနည်းမိကြောင်း ၎င်းကဆိုသည်။

ဂူဂဲလ်၏ရုံးချုပ်နှင့် ဆန်ဖရန်စစ္စကို ပင်လယ်ကမ်းခြေဒေသတစ်လျှောက်ရှိ အခြေစိုက်ရုံးများမှ လူပေါင်းမည်မျှ ထိခိုက်မည်ကို ချက်ချင်းမသိရသေးဘဲ ယမန်နှစ်က အစီရင်ခံစာများအရ ယင်းကုမ္ပဏီရုံးချုပ်၌ ဝန်ထမ်း ၄၅၀၀၀ ခန့်ရှိသည်။ ကယ်လီဖိုးနီးယားပြည်နယ်တွင် အခြေစိုက်သော အယ်လ်ဖာဘက် ကုမ္ပဏီသည် ယခင်နှစ်က ဝန်ထမ်း ၁၅၀၀၀၀ ခန့်မှ ယခုနှစ် စက်တင်ဘာလကုန်တွင် ဝန်ထမ်းပေါင်း ၁၈၇၀၀၀ နီးပါးအထိ ရှိခဲ့သည်။

နည်းပညာမြင့်ကဏ္ဍတွင် မကြာသေးမီက ပြုလုပ်သည့်ရာထူးမှ ရပ်စဲမှုများစွာသည် စီးပွားရေး နှေးကွေးသွားသောကြောင့် ပြန်လည်ချိန်ညှိမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း စီးပွားရေးပညာရှင်များက ဆိုသည်။

ဆန်းဒါးပီချိုင်း၏ ထောင်နှင့်ချီသော အလုပ်သမားများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ရုပ်သိမ်းလိုက်ခြင်းသည် ၂၀၂၂ ခုနှစ် နောက်ဆုံးသုံးလပတ် တစ်ခုတည်း၌ပင် အမြတ်ငွေ အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံရှိသည့် ကုမ္ပဏီတစ်ခု၏ ယုတ်မာပြီး လက်မခံနိုင်စရာ အပြုအမူတစ်ခုဖြစ်ကြောင်း အယ်လ်ဖာဘက် အလုပ်သမားသမဂ္ဂအဖွဲ့၏ အမှုဆောင်ဥက္ကဋ္ဌ ပရူးကောလ်က ကြေညာချက်တစ်ခုတွင် ပြောကြားသည်။



အယ်လ်ဖာဘက် စီအီးအို ဆန်းဒါး ပီချိုင်း

**ဆင်ဟွာ**

# ၂၀၂၃ခုနှစ်တွင် ပေကျင်း၌ ကိုယ်ခန္ဓာကြံ့ခိုင်ရေး နေရာ ၇၀ ဆောက်လုပ်သွားမည်

**ပေကျင်း ဇန်နဝါရီ ၂၁**

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ၂၀၂၃ ခုနှစ်တွင် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်စေရေးအတွက် နေရာ ၇၀ ကို ဆောက်လုပ်သွားရန် အစီအစဉ်ရှိပြီး အဆောက်အအုံပြင်ပတွင် တပ်ဆင်ထားသည့် ခန္ဓာကိုယ်ကြံ့ခိုင်ရေး ကိရိယာ ၃၀၀၀ ကိုလည်း ပြန်လည်ပြင်ဆင်မွမ်းမံသွားမည်ဟု သိရသည်။

မြို့နေပြည်သူများ ၁၅ မိနစ်အတွင်း လေ့ကျင့်ခန်းလုပ်မည့် နေရာသို့ လမ်းလျှောက်လာနိုင်ရေးရည်ရွယ်ကာ ပြုလုပ်သွားမည်ဖြစ်သည်။ အားကစားလုပ်ရန်အတွက် နာမည်ကျော်လမ်းများနှင့် မြို့ ၁၀မြို့ကို တည်ဆောက်သွားမည်ဖြစ်ပြီး အားကစားပန်းခြံ ၁၀ ခုနှင့်တောင်တက်နိုင်မည့်နေရာများ တိုးချဲ့သွားမည်ဟု ၂၀၂၃ ခုနှစ် ပေကျင်းမြို့တော်အစိုးရ၏ ဇန်နဝါရီ ၂၁ ရက် ကြေညာချက်အရ သိရသည်။

ပေကျင်းမြို့တွင် ၂၀၂၀ ပြည့်နှစ်က ဖျက်သိမ်းခဲ့ရသည့် တင်းနစ်ပြိုင်ပွဲကိုလည်း ၂၀၂၃ ခုနှစ်တွင် ပြန်လည်ဖွင့်လှစ်သွားမည်ဟု သိရသည်။ ထို့ပြင် ပေကျင်းမာရသွန်ပြိုင်ပွဲကိုလည်း ပြုလုပ်သွားမည်ဟု သိရသည်။

**ဆင်ဟွာ**

# ထိုင်းနိုင်ငံတောင်ပိုင်း၌ ပစ်ခတ်မှုဖြစ်ပွား၊ သုံးဦး သေဆုံး

**နရသီဝပ် ဇန်နဝါရီ ၂၁**

ထိုင်းနိုင်ငံတောင်ပိုင်း၌ အစိုးရတပ်ဖွဲ့များနှင့် လက်နက်ကိုင်ခွဲထွက်ရေးသမားများ အကြားတောတွင်း ပစ်ခတ်မှုအတွင်း လူသုံးဦး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ဇန်နဝါရီ ၂၁ ရက်က ပြောကြားသည်။

မွတ်စလင် အများစုနေထိုင်ရာဒေသရှိ လက်နက်ကိုင်များသည် ပြည်နယ်၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အတွက် တိုက်ပွဲဝင်နေသောကြောင့် နိုင်ငံ၏တောင်ဘက်စွန်းပြည်နယ်များတွင် ၂၀၀၄ ခုနှစ်မှစတင်၍ ပဋိပက္ခများဖြစ်ပွားခဲ့ပြီး လူပေါင်း ၇၀၀၀ ကျော် သေဆုံးခဲ့သည်။

ထိုင်းရဲများနှင့် စစ်သားများသည် ဇန်နဝါရီ ၂၀ ရက်က နရသီဝပ်ပြည်နယ်ရှိ တောင်ပေါ်၌ လက်နက်ကိုင်ခွဲထွက်ရေးသမားများကို ပစ်ခတ်မှုစတင်ခဲ့ကြောင်း ရဲတပ်ဖွဲ့၏ ပြောကြားချက်အရ သိရသည်။ လက်နက်ကိုင်အဖွဲ့များက စပြီးပစ်ခတ်သည့်အတွက် တုံ့ပြန်ပစ်ခတ်စဉ်အတွင်း လက်နက်ကိုင်အဖွဲ့ဝင် သုံးဦး သေဆုံးခဲ့ခြင်းဖြစ်ပြီး ၎င်းတို့ထံမှ အမ် - ၁၆ သေနတ်သုံးလက်ကို သိမ်းဆည်းရမိခဲ့ကြောင်း ဒေသခံရဲချုပ် ဆုသွန်ဆွတ်ဝီဆက်က ပြောကြားသည်။



နရသီဝပ်ပြည်နယ်၌ ထိုင်းအမျိုးသား ရဲချုပ်နှင့် တာဝန်ရှိသူများကို တွေ့ရစဉ်။

**အေအက်ဖ်ပီ**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ရှစ်ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၅) ရာခိုင်နှုန်းရှိ

**(၂၁-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၀-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၁-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၂၂၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၈) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၉၀၅,၂၈၇)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၇၉၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၉) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၂၄၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့် အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၁-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၀၅ | ၂၃၅၅ | ၂၃၄၅ | ၂၃၁၅ | ၂၃၅၀ | ၂၃၇၅ | ၂၃၆၀ | ၂၃၃၅ | ၂၄၃၅ | ၂၄၅၀ | ၂၃၄၅ | ၂၃၅၅ | ၂၃၉၀ | ၂၃၉၀ | ၂၃၉၅ | ၂၆၂၀ | ၂၉၀၀ |
| 95 Ron | ၂၃၈၅ | ၂၄၃၅ | ၂၄၃၀ | ၂၃၉၀ | ၂၄၃၀ | ၂၄၅၅ | ၂၄၄၀ | ၂၄၁၅ | ၂၅၁၅ | ၂၅၃၀ | ၂၄၂၅ | ၂၄၄၀ | ၂၄၇၀ | ၂၄၇၀ | ၂၄၇၀ | ၂၇၀၀ | ၂၉၈၀ |
| HSD (500 ppm) | ၂၄၈၀ | ၂၅၂၅ | ၂၅၂၅ | ၂၄၈၅ | ၂၅၂၅ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၀ | ၂၆၃၀ | ၂၆၂၅ | ၂၅၂၀ | ၂၅၃၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၆၅ | ၂၇၉၅ | ၃၅၀၀ |
| HSD (50 ppm) | ၂၅၆၀ | ၂၆၀၅ | ၂၆၀၅ | ၂၅၆၅ | ၂၆၀၅ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၀ | ၂၇၁၀ | ၂၇၀၅ | ၂၆၀၀ | ၂၆၁၀ | ၂၆၄၅ | ၂၆၄၅ | ၂၆၄၅ | ၂၈၇၅ | ၃၅၃၀ |
| HSD (10 ppm) | ၂၅၆၀ | ၂၆၀၅ | ၂၆၀၅ | ၂၅၆၅ | ၂၆၀၅ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၀ | ၂၇၁၀ | ၂၇၀၅ | ၂၆၀၀ | ၂၆၁၀ | ၂၆၄၅ | ၂၆၄၅ | ၂၆၄၅ | ၂၈၇၅ | ၃၅၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၉၀ | ၂၂၆၈ |
| 95 Ron | ၂၂၆၇ | ၂၃၄၆ |
| HSD (500 ppm) | ၂၃၆၂ | ၂၄၃၉ |
| HSD (50 ppm) | ၂၄၃၆ | ၂၅၁၄ |
| HSD (10 ppm) | ၂၄၃၆ | ၂၅၁၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

မြန်မာ – ရုရှား သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် အထိမ်းအမှတ်ဆောင်းပါး

# မြန်မာ- ရုရှား စိန်ရတုသံတမန်ဆက်ဆံရေး

**မြန်မာ- ရုရှားဆက်ဆံရေး တည်ထောင်ခဲ့သည်မှာ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် စိန်ရတုသို့ပင်ရောက်ရှိပြီ ဖြစ်သည်။ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနကို ၁၉၄၇ ခုနှစ် မတ် ၁၇ ရက်တွင် စတင်တည်ထောင်ခဲ့ပြီးနောက် ကမ္ဘာ့နိုင်ငံများနှင့် သံတမန်ဆက်ဆံရေးများကို ထူထောင်ခဲ့ပါသည်။**

**မျိုးငြိမ်းငယ်**



၁၉၅၅ ခုနှစ်တွင် မြန်မာနိုင်ငံဝန်ကြီးချုပ်နှင့် ရုရှားနိုင်ငံ (ယခင် ဆိုဗီယက်) ခေါင်းဆောင်တို့ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများအတွက် လက်မှတ်ရေးထိုးစဉ်။

ရုရှားနိုင်ငံ (ယင်းအချိန်က ဆိုဗီယက်ပြည်ထောင်စု) သည် မြန်မာနိုင်ငံနှင့် သံတမန်ဆက်သွယ်ရေး အစောဆုံး တည်ထောင်ခဲ့သည့် နိုင်ငံတစ်နိုင်ငံလည်း ဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် ရုရှားနိုင်ငံနှင့် သံတမန်ဆက်ဆံရေး ထူထောင်ချိန်မှစကာ နှစ်နိုင်ငံစလုံးက အပြန်အလှန်ဆက်ဆံရေးကို ထိန်းသိမ်း မြှင့်တင်ခဲ့ကြသည်။ မြန်မာနိုင်ငံ၏ သံတမန်ဆက်ဆံရေးတွင် ရုရှားနိုင်ငံသည် ဆဋ္ဌမမြောက်နိုင်ငံ ဖြစ်ပါသည်။ မြန်မာနှင့် ရုရှားနိုင်ငံတို့သည် ပထဝီအနေအထားအရ သမုဒ္ဒရာများနှင့် တိုက်ကြီးများဖြင့် ခြားထားသော်လည်း နှစ်နိုင်ငံ အပြန်အလှန်နားလည်မှု၊ စီးပွားရေးအခွင့်အလမ်းနှင့် မဟာဗျူဟာဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများအပေါ် အခြေခံ၍ နီးကပ်သော ဆက်ဆံရေး တည်ဆောက်ခဲ့ကြသည်မှာ စိန်ရတုပင်တိုင်ပြီ ဖြစ်သည်။

## မြန်မာမင်းများလက်ထက် သံတမန်ဆက်သွယ်ရေးကြိုးပမ်းမှု

မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံအကြား ကူးလူးဆက်ဆံမှုသည် ၁၅ ရာစုကပင် စတင်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရပါသည်။ ၁၅ ရာစု ရုရှားခရီးသွား အဖာနာဆီနီကီတင်၏ ပင်လယ်သုံးစင်း ခြေကျင်သွားခြင်းမှတ်တမ်းတွင် မြန်မာနိုင်ငံအောက်ပိုင်း ပဲခူးနယ်ကြီးအကြောင်း ပါဝင်ကြောင်း မလှကျော့၏ ဇာဘုရင်လက်ထက် ရုရှား- မြန်မာဆက်ဆံရေး သမိုင်းအကျဉ်း ၁၉ ရာစုစာတမ်းတွင် ဖော်ပြခဲ့ပါသည်။ ထို့ပြင် မလှကျော့၏ စာတမ်းတွင် မင်းတုန်းမင်းလက်ထက် ၁၈၇၃ ခုနှစ်တွင် မင်းတုန်းမင်းသည် ရုရှား ခရီးသွားတစ်ယောက်မှတစ်ဆင့် ရုရှားနှင့် သံတမန်ဆက်သွယ်ရန်အတွက် စာချွန်လွှာအား စိန့်ပီတာစဘတ်မြို့သို့ ပေးပို့ခဲ့ကြောင်း၊ ၁၈၇၄ ခုနှစ်တွင် ပါရှား (အီရန်)သို့ မြန်မာသံအဖွဲ့ရောက်ရှိလာပြီး ရုရှားနှင့်ဆက်ဆံရေး ထူထောင်ရန် ကြိုးစားခဲ့ကြောင်း ဖော်ပြထားသည်။

၁၈၇၅ ခုနှစ်တွင် ရုရှားနှင့် ဆက်ဆံရေး ထူထောင်လိုကြောင်း ကင်းဝန်မင်းကြီးက အလဇန္ဒား ဂါရ်ချာကော့ဗ်ထံသို့ (၎င်းလက်မှတ်ပါရှိသည့်) စာချွန်လွှာဆက်သခဲ့ကြောင်း၊ ထိုစာချွန်လွှာတွင် ရုရှားအင်ပါယာနှင့် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးထူထောင်လိုသည့် မြန်မာဘုရင်၏ဆန္ဒကို ဖော်ပြရေးသားထားကြောင်း၊ အလဇန္ဒားဂါရ်ချာကော့ဗ်၏ ပြန်စာတွင် ဇကေရာဇ်ဘုရင်အလက်ဇန္ဒား (၂) ထံ စာချွန်လွှာပါအကြောင်းအရာများကို လျှောက်ထားတင်ပြခဲ့ကြောင်း အကြောင်းပြန်ခဲ့သည်ဟု မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံရုံးက ၎င်း၏ လူမှုကွန်ရက်စာမျက်နှာတွင် နှစ်ပေါင်း ၇၀ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ခေါင်းစဉ်ဖြင့် ၂၀၁၈ ဖေဖော်ဝါရီ ၁၇ ရက်က ရေးသားဖော်ပြခဲ့သည်။

၁၈၇၆ ခုနှစ်တွင် ရုရှားနိုင်ငံ၏ သံတမန်ဖြစ်သူ အရှေ့တိုင်းဘာသာဗေဒပညာရှင် ပီတာပါရှီနိုသည် မြန်မာပြည်သို့ လာရောက်လည်ပတ်ခဲ့သည်။ ၎င်းက ရုရှားအစိုးရထံ အစီရင်ခံရာတွင် မင်းတုန်းမင်းသည် မဟာပီတာဘုရင်အကြောင်း စိတ်ဝင်တစား လေ့လာလိုကြောင်း၊ မြန်မာ့နန်းတွင်း မင်းမှုထမ်း မြန်မာလူငယ်များကို ရုရှားနိုင်ငံ စစ်ဘက်ကာကွယ်ရေး အဖွဲ့အစည်းများတွင် စစ်ပညာသင်ကြားရန် စေလွှတ်လိုကြောင်း ဖော်ပြထားပြီး ယင်းအစီရင်ခံစာကို ထိုစဉ်အခါက နိုင်ငံခြားရေးဝန်ကြီး အလဇန္ဒားဂါရ်ချာကော့ဗ်ထံ လိပ်မူ၍ တစ်စောင်၊ စစ်ဘက်ရေးရာ ကာကွယ်ရေးဝန်ကြီး ဒမီသရီမီလျူ့ကျင်န်ထံ လိပ်မူ၍ တစ်စောင်ကို ပီတာပါရှီနိုမှတစ်ဆင့် စာချွန်တော်သဝဏ်လွှာ နှစ်စောင်ကို ပေးပို့ခဲ့သည်ဟု ဖော်ပြထားပါသည်။ သို့သော်လည်း ထိုအစီအစဉ်အား လက်တွေ့ အကောင်အထည်ဖော်နိုင်သည်ကို မတွေ့ရချေ။

ထို့ပြင် ၁၈၇၇ ခုနှစ်နှင့် ၁၈၇၈ ဥရောပသို့ မင်းတုန်းမင်းစေလွှတ်ခဲ့သည့် ခရီးစဉ်များတွင်လည်း ရုရှားနှင့် သံအဆက်အသွယ်ရရန် ထပ်မံကြိုးစားခဲ့သည်ကို တွေ့ရပါသည်။ ပြင်သစ်သို့ ရောက်ရှိနေသည့် ဖန်ချက်ဝန် ဦးရွှေအိုးနှင့် ရုရှား ဓာတုဗေဒပညာရှင် မင်ဒီလိတို့ ပဲရစ်တွင် တွေ့ဆုံခဲ့ကြကြောင်း၊ ယင်းနောက် ရုရှားအိမ်ရှေ့စံ နီကိုလိုင်အလက်ဇန္ဒားဆီသို့ မင်ဒီလိ ကိုယ်တိုင်စာရေး၍ ဘုရင်ထံတင်ပြပေးရန် တောင်းဆိုခဲ့ကြောင်း ဒေါက်တာ မျိုးသန့်တင်၏ **ကုန်းဘောင်ခေတ် မြန်မာ့သိပ္ပံပညာရှင်များ**စာအုပ်တွင် ရေးသားထားသည်ကို တွေ့ရပါသည်။

မြန်မာနိုင်ငံသည် ဗြိတိသျှအောက်မကျမီ ၁၈၈၅ ကလည်း ပဲရစ်တွင် မြန်မာသံအဖွဲ့နှင့် ရုရှားသံအမတ်တွေ့ဆုံခဲ့ပြီး သံတမန် ဆက်သွယ်ရန် ကြိုးစားခဲ့ကြပါသည်။ ရုရှားနှင့် သံတမန်ဆက်ဆံရေး ထူထောင်ရန် ကြိုးပမ်းသည့်အချိန်သည် မြန်မာနိုင်ငံအား အင်္ဂလိပ်တို့က ကျူးကျော်စစ် နှစ်ကြိမ်ဆင်နွှဲ၍ အောက်မြန်မာနိုင်ငံကို သိမ်းပိုက်ထားပြီးသည့် အချိန်ဖြစ်နေရာ ရုရှားနိုင်ငံနှင့်သံတမန်ဆက်ဆံရေးထူထောင်ရန် မြန်မာနိုင်ငံ၏ ကြိုးပမ်းမှုအောင်မြင်ခဲ့သည်ကို မတွေ့ရသော်လည်း မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံအကြား ဆက်သွယ်မှုများ ရှေးယခင်ကပင်ရှိခဲ့သည်ကို တွေ့ရပါသည်။

## သံတမန်ဆက်ဆံရေးထူထောင်မှု

၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့ပြီး အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့ပါသည်။ ယင်းနောက် ကမ္ဘာ့နိုင်ငံများနှင့် သံတမန် ဆက်သွယ်ရေးကို တည်ထောင်ခဲ့ပါသည်။ ယင်းအချိန်သည် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးပြီးနောက်ပိုင်း စတင်ခဲ့သော အရှေ့နှင့် အနောက် စစ်အေးတိုက်ပွဲကြောင့် ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံတွင် ပြိုင်ဆိုင်မှုများ ပြင်းထန်နေချိန် ဖြစ်ပါသည်။

ကမ္ဘာ့စစ်အေးတိုက်ပွဲ၏ အစောပိုင်းကာလမှာပင် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့ပြီး ယင်းအချိန်က မြန်မာနိုင်ငံအနေဖြင့် သံတမန်ဆက်ဆံရေးကို အရှေ့နှင့် အနောက် မျှတစွာဆက်ဆံခဲ့ပါသည်။ အနောက်အုပ်စုမှ ဗြိတိန်၊ အမေရိကန်နိုင်ငံတို့နှင့် ဆက်ဆံရေးထူထောင်သကဲ့သို့ အရှေ့အုပ်စုမှ ဆိုဗီယက်ပြည်ထောင်စု၊ တရုတ်တို့နှင့် သံတမန်ဆက်ဆံရေး ထူထောင်ခဲ့ပါသည်။ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့ သံတမန်ဆက်ဆံရေးထူထောင်ပြီး ၁၉၅၅ ခုနှစ်တွင် မြန်မာနှင့် ရုရှားနိုင်ငံတို့အကြား ပထမဆုံး အဆင့်မြင့်ခရီးစဉ် အပြန်အလှန် သွားရောက်ခဲ့ကြပါသည်။

၁၉၅၅ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလတွင် ဝန်ကြီးချုပ်ဦးနုသည် ဆိုဗီယက်ဆိုရှယ်လစ် ပြည်ထောင်စုသမ္မတနိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့သည်။ ထိုနှစ် ဒီဇင်ဘာလတွင် ဆိုဗီယက်ခေါင်းဆောင်များဖြစ်သော နီကီတာခရုရှပ်ဗ်နှင့် နီကိုလိုင်းဘူလ်ဂါနင်တို့ ဦးဆောင်သော ဆိုဗီယက်ပြည်ထောင်စု ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့ကြသည်။

ဆိုဗီယက်ဝန်ကြီးချုပ် နီကီတာခရုရှပ်ဗ်သည် ၁၉၆၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ရန်ကုန်မြို့သို့ နောက်ထပ်တစ်ကြိမ် ထပ်မံအလည်အပတ်လာရောက်ခဲ့ပါသည်။ ယင်းခရီးစဉ်မတိုင်မီ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံအကြား ကုန်သွယ်ရေး သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး အပြန်အလှန်အကျိုးရှိသော စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ထူထောင်ခဲ့ကြပါသည်။

၁၉၅၇ ခုနှစ် ဇန်နဝါရီလတွင် မြန်မာနိုင်ငံမှ ဆန်တင်ပို့ပေးမှုအတွက် ဆိုဗီယက်ယူနီယံသည် ရန်ကုန်နည်းပညာတက္ကသိုလ်၊ တောင်ကြီးမြို့ရှိ အထွေထွေရောဂါကု ဆေးရုံနှင့် ရန်ကုန်ရှိ အင်းလျားလိတ်ဟိုတယ်တို့ အပါအဝင် ဆောက်လုပ်ရေး စီမံကိန်းများစွာကို ဆောင်ရွက်ပေးခဲ့ပါသည်။ ထို့ပြင် ၁၉၆၇ ခုနှစ်တွင် ကြက်မောက်တောင် ရေလှောင်တမံကိုလည်း ဆိုဗီယက်ပြည်ထောင်စုမှ ဆောက်လုပ်ပေးခဲ့ပါသည်။ နှစ်နိုင်ငံအကြား ယဉ်ကျေးမှုနှင့် အားကစားဖလှယ်မှုများ ပြုလုပ်ခဲ့ကြပြီး ဂီတနှင့် အကအဖွဲ့များ၊ အားကစားကိုယ်စားလှယ်အဖွဲ့များကိုလည်း အပြန်အလှန် စေလွှတ်ခဲ့ကြပါသည်။

သို့သော်လည်း ၁၉၉၁ ခုနှစ်တွင် ဆိုဗီယက်ယူနီယံ ပြိုကွဲပြီးနောက် မြန်မာ–ရုရှား ဆက်ဆံရေးမှာ လျော့နည်းသွားခဲ့သည်။ ထိုအချိန်က ရုရှားဖက်ဒရေးရှင်းသည် ပြည်တွင်းအသွင်ကူးပြောင်းရေးများကို ပိုမိုအာရုံစိုက်နေရသည့်အတွက် အလှမ်းဝေးသည့် နိုင်ငံများနှင့် ဆက်ဆံရေးများ လျော့ကျခဲ့သည်ကို တွေ့ရသည်။ ရုရှားနိုင်ငံ၏ အခြေအနေများ တိုးတက်လာသည်နှင့် နှစ်နိုင်ငံ ဆက်ဆံရေးများ ပြန်လည်ကောင်းမွန်လာခဲ့ပါသည်။ မြန်မာနိုင်ငံသည် ဆိုဗီယက်နိုင်ငံပြိုကွဲပြီးနောက် ရုရှားနိုင်ငံကို ဆိုဗီယက်နိုင်ငံအား ဆက်ခံသူအဖြစ် ၁၉၉၁ ခုနှစ် ဒီဇင်ဘာလတွင် အသိအမှတ်ပြုခဲ့ပါသည်။

## ပူးပေါင်းဆောင်ရွက်မှု

မြန်မာနှင့် ရုရှားနိုင်ငံအကြား သံတမန်ဆက်ဆံရေး ထူထောင်ပြီးနောက်ပိုင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်ခဲ့ကြပါသည်။ ထိုပူးပေါင်း ဆောင်ရွက်မှုများတွင် စီးပွားရေး၊ ပညာရေး၊ အားကစား၊ ယဉ်ကျေးမှု၊ စစ်ရေး စသည့်နယ်ပယ်များစွာရှိခဲ့ပါသည်။ မြန်မာနှင့် ရုရှားနိုင်ငံတို့သည် ကမ္ဘာ့ပြဿနာများနှင့် ပတ်သက်၍ ရပ်တည်ချက်တူညီခဲ့ကြပြီး နိုင်ငံတကာရေးရာ ကိစ္စများတွင် တစ်နိုင်ငံနှင့် တစ်နိုင်ငံအကြား အပြန်အလှန် ပံ့ပိုးကူညီမှုများ အစဉ်အဆက်ရှိခဲ့ကြပါသည်။ *စာမျက်နှာ ၁၇ သို့*

**❑ မြန်မာနိုင်ငံသည် ဆိုဗီယက်နိုင်ငံပြိုကွဲပြီးနောက် ရုရှားနိုင်ငံကို ဆိုဗီယက်နိုင်ငံအား ဆက်ခံသူအဖြစ် ၁၉၉၁ ခုနှစ် ဒီဇင်ဘာလတွင် အသိအမှတ်ပြုခဲ့**

**❑ မြန်မာ- ရုရှားနှစ်နိုင်ငံအကြား ကုန်သွယ်မှုပိုမိုတိုးမြှင့်ရေး အစည်းအဝေးတွင် မြန်မာ့ပို့ကုန်များ ရုရှားနိုင်ငံဈေးကွက်သို့ မဟာဗျူဟာကျကျ ထိုးဖောက်နိုင်ရေး ကြိုးပမ်းနေ**

### ၁၉၆၄ ခုနှစ်မေ ၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ မြန်မာ–ဆိုဗီယက်နှစ်နိုင်ငံသဘောတူစာချုပ် ချုပ်ဆိုမှုသတင်း



# ရုရှ - ဗမာ လေကြောင်း ပို့ရေး

## ၂နိုင်ငံ သဘောတူစာချုပ် ချုပ်ဆို လိုက်ပုံ

ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ဆိုဗီယက်ဆိုရှယ်လစ်ပြည်ထောင်စု သမတနိုင်ငံတို့ နှစ်ပြည်ထောင် လေကြောင်းပို့ ဆောင်ရေးတွင်တိုက်ရိုက်ဆက်သွယ်မှုရရှိရန် ရည်ရွယ် ချက်ဖြင့် နှစ် ပြည်ထောင်လေကြောင်းသယ်ယူပို့ ဆောင်ရေးသဘောတူစာချုပ်တရပ်ကို မြေသ ၂ရက် နိုင်ငံခြားရေးရုံး၌လက်မှတ်ရေးထိုးချုပ်ဆိုလိုက်ကြောင်း။

ယင်းသဘောတူစာချုပ်ကို ပြည်ထောင်စု မြန်မာ နိုင်ငံ တော်လှန်ရေးအစိုးရကိုယ်စား နိုင်ငံခြားရေး ဌာနတာဝန်ခံဦးသီဟန်ကရင်း၊ဆိုဗီယက် ဆိုရှယ်လစ်ပြည်ထောင်စုသမတနိုင်ငံ အစိုးရကိုယ်စား ဆိုဗီယက် သံအမတ်ကြီး မစ္စတာ အေ၊အမ်၊လီဒေါ့ (ဖ) စကီးကရင်းအသီးသီး လက်မှတ်ရေးထိုးကြကြောင်း။



ရန်ကုန်မြို့ နိုင်ငံခြားရေးရုံး၌ ၁၉၆၄ မေ ၂ ရက်က မြန်မာ–ဆိုဗီယက်နှစ်ပြည်ထောင် လေကြောင်းသယ်ယူပို့ဆောင်ရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးအပြီး နိုင်ငံခြားရေးဌာနတာဝန်ခံ ဦးသီဟန်နှင့် ဆိုဗီယက်သံအမတ်ကြီး မစ္စတာ လီဒေါ့(ပ်)စကီးတို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**❊ မြန်မာ- ရုရှားနိုင်ငံအကြား ကုန်သွယ်မှုသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အမေရိကန် ဒေါ်လာသန်း ၆၀ ကျော်ရှိခဲ့သော်လည်း ယခုအခါ မြန်မာ-ရုရှားနိုင်ငံအကြား ကုန်သွယ်မှုအနေဖြင့် ၂၀၂၂ ခုနှစ် ပထမနှစ်အတွင်းတွင် ၂ ဒသမ ၅ ဆ တိုးတက်လာပြီး အမေရိကန်ဒေါ်လာ ၃၃၅ သန်း ကျော်အထိ တိုးတက်လာ**

*စာမျက်နှာ ၁၆ မှ*

၂၀၀၉–၂၀၁၂ တွင် မြန်မာနိုင်ငံသည် ရုရှား–အာဆီယံဆွေးနွေးဖက် ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့ပြင် မြန်မာ– ရုရှားဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်ရာတွင် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက် ( an Agreement on Cultural Cooperation )၊ ချစ်ကြည်စွာ ဆက်ဆံရေး အခြေခံများဆိုင်ရာကြေညာချက် (a Declaration on the Foundations of Friendly Relations)၊ သံတမန်ရေးနှင့် ဝန်ဆောင်မှု နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများအတွက် ဗီဇာဖျက်သိမ်းရေးဆိုင်ရာ သဘောတူညီချက် (an Agreement on the Abolition of Visas for Holders of Diplomatic and Service Passports)၊ စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုနှင့် (ပြည်ထဲရေးဝန်ကြီးဌာန၊ သဘာဝသယံဇာတ၊ ယဉ်ကျေးမှုနှင့် အခြားဝန်ကြီးဌာနများအကြား) ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကဏ္ဍပေါင်းစုံ သဘော တူညီချက်များ (an Agreement on Military–Technical Cooperation and a number of interdepartmental agreements on cooperation (between the Ministries of Internal Affairs, Natural Resources, Culture and others)) တို့အပြင် နှစ်နိုင်ငံအကြား အခြားသဘောတူညီချက်များကိုလည်း လုပ်ဆောင်နိုင်ခဲ့ကြသည်။

ပညာရေး နယ်ပယ်တွင်လည်း ပူးပေါင်းဆောင်ရွက်မှုများစွာ တိုးမြှင့်ခဲ့ပါသည်။ ၁၉၆၀ ပြည့်လွန်နှစ်များအတွင်း ရုရှားနိုင်ငံသို့ မြန်မာကျောင်းသားအများအပြား ပညာသင်စေလွှတ်ခဲ့ပြီး ရုရှားဆရာများလည်း မြန်မာကျောင်းများသို့ လာရောက်သင်ကြားမှု ပိုမိုများပြားခဲ့ပါသည်။ ၂၀၀၁ ခုနှစ်မှစတင်၍ မြန်မာကျောင်းသားများနှင့်ဘွဲ့လွန်ကျောင်းသား ၄၀၀၀ ခန့် ရုရှားတက္ကသိုလ်များတွင် ပညာသင်ကြားခွင့် ရရှိခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် Rossotrudnichestvo ပညာသင်ဆု အစီအစဉ်အရ မြန်မာနိုင်ငံမှ လူငယ်များအတွက် အစိုးရပညာသင်ဆုများ ပေးအပ်ခဲ့ပါသည်။ ယနေ့ထက်တိုင်လည်း မြန်မာနိုင်ငံမှ ကျောင်းသားများသည် ရုရှားနိုင်ငံတွင် သင်ကြားလျက်ရှိကြပါသည်။

အခြား ပူးပေါင်းလုပ်ဆောင်မှုများတွင် မြန်မာနိုင်ငံသည် ရုရှားထံမှ ရေနံတင်သွင်းရောင်းချရေးနှင့် စွမ်းအင်ကဏ္ဍများတွင် လာရောက်ရင်းနှီးမြှုပ်နှံရန်အတွက် ရုရှားနိုင်ငံတွင် ပြုလုပ်ခဲ့သော စိန့်ပီတာစဘတ် နိုင်ငံတကာ စီးပွားရေးဖိုရမ်ကာလအတွင်း မြန်မာနိုင်ငံဘက်မှ ဖိတ်ခေါ်ခဲ့သည်။ ယင်းဖိုရမ်အတွင်း မြန်မာ– ရုရှား နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးတို့ကို နှစ်နိုင်ငံအကြား ဆွေးနွေးခဲ့ကြပါသည်။

နှစ်နိုင်ငံအကြား ကုန်သွယ်မှုအနေဖြင့် အမေရိကန်ဒေါ်လာ ၁ ဘီလီယံအထိ တိုးတက်ရန် ရည်မှန်းထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ သိရပါသည်။ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၁ ရက်က နေပြည်တော်တွင် ကျင်းပသည့် မြန်မာ– ရုရှားနှစ်နိုင်ငံအကြား ကုန်သွယ်မှုပိုမိုတိုးမြှင့်ရေး အစည်းအဝေးတွင် မြန်မာ့ပို့ကုန်များ ရုရှားနိုင်ငံဈေးကွက်သို့ မဟာဗျူဟာကျကျ ထိုးဖောက်နိုင်ရေး ကြိုးပမ်းနေသည်ကိုလည်း တွေ့ရပါသည်။

နှစ်နိုင်ငံစီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို ရုရှား–မြန်မာ ချစ်ကြည်ရေးအသင်းနှင့် မြန်မာ–ရုရှား စီးပွားရေးဖွံ့ဖြိုးမှုအသင်းတို့ ၂၀၂၂ ခုနှစ် အောက်တိုဘာလအတွင်းက လက်မှတ်ရေးထိုးခဲ့ကြပါသည်။ မြန်မာ–ရုရှားနိုင်ငံအကြား ကုန်သွယ်မှုသည် ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်တွင် အမေရိကန် ဒေါ်လာသန်း ၆၀ ကျော်ရှိခဲ့သော်လည်း ယခုအခါ မြန်မာ–ရုရှားနိုင်ငံအကြား ကုန်သွယ်မှုအနေဖြင့် ၂၀၂၂ ခုနှစ် ပထမနှစ်အတွင်းတွင် ၂ ဒသမ ၅ ဆ တိုးတက်လာပြီး အမေရိကန်ဒေါ်လာ ၃၃၅ သန်း ကျော်အထိ တိုးတက်လာနေပါသည်။

ထို့ပြင် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းအပြင် ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေး၊ သတ္တုကဏ္ဍ၊ စက်မှု၊ လျှပ်စစ်၊ စွမ်းအင်၊ ယဉ်ကျေးမှု၊ ပညာရေး၊ ကျန်းမာရေး၊ ငွေရေးကြေးရေး၊ နည်းပညာ စသည့် ကဏ္ဍပေါင်းစုံတွင် ကျယ်ပြန့်စွာ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြပါသည်။ ယင်းမှာ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံအကြား မဟာဗျူဟာမြောက် ဘက်စုံဆက်ဆံရေး အစီအစဉ်များလည်း ဖြစ်ပါသည်။

### မြန်မာ့နိုင်ငံခြားရေးမူဝါဒ

မြန်မာနိုင်ငံနှင့် ယနေ့အထိ သံတမန်ဆက်သွယ်ထားသော နိုင်ငံပေါင်း ၁၂၅ နိုင်ငံ ရှိပါသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနှင့် ဆက်ဆံရာတွင် "လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒ" (Independent, Active and Non-aligned Foreign Policy) ကို ကျင့်သုံးလျက်ရှိပါသည်။ မြန်မာ့နိုင်ငံခြားရေး မူဝါဒသည် အခြေခံအနှစ်သာရဖြစ်သော လွတ်လပ်မှု၊ အချုပ်အခြာ အာဏာပိုင်ဆိုင်မှုနှင့် နယ်မြေတည်တံ့မှု၊ နိုင်ငံတော်လုံခြုံရေး၊ စည်းလုံးညီညွတ်ရေး၊ ကိုယ့်အားကိုယ်ကိုး ရပ်တည်နိုင်ရေးနှင့် ငြိမ်းချမ်းရေးတို့သည် ပြောင်းလဲမှုမရှိဘဲ အမျိုးသားအကျိုးစီးပွားကို တစိုက်မတ်မတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒအပေါ်ရပ်တည်၍ နိုင်ငံတကာဆက်ဆံရေးကို နှစ်နိုင်ငံဆက်ဆံရေး (Bilateral relations)၊ ဒေသတွင်းနိုင်ငံများနှင့် ပေါင်းစပ်ရေး (Regional integration) နှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး (multilateralism) နယ်ပယ်များတွင် မိတ်ဝတ်မပျက်သည့် ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်သည့်ဆက်ဆံရေးကို ထူထောင်လျက်ရှိပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံသည် အခြားနိုင်ငံများနှင့် ဆက်ဆံရာတွင် ကုလသမဂ္ဂ၏ ပဋိညာဉ်စာတမ်းပါ ရည်ရွယ်ချက်၊ အခြေခံမူများနှင့်အညီ မိတ်ဝတ်မပျက်သည့် ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်သည့် ဆက်ဆံရေးကို လိုက်နာလျက်ရှိပါသည်။

သို့ဖြစ်သည့်အတွက်လည်း မြန်မာ–ရုရှား ဆက်ဆံရေးသည် နှစ်ပေါင်း ၇၅ နှစ်ကြာသည့်တိုင် မိတ်ဝတ်မပျက်ဆက်ဆံရေးဖြင့် ကမ္ဘာ့နိုင်ငံရေးတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် နှစ်နိုင်ငံဆက်ဆံရေးကို များစွာတိုးမြှင့်နိုင်ခဲ့ကြပါသည်။

### ကမ္ဘာ့အခင်းအကျင်းသစ်နှင့် ကမ္ဘာ့ငြိမ်းချမ်းရေးပြယုဂ်

ကမ္ဘာ့အင်အား ချိန်ခွင်လျှာသည် စစ်အေးခေတ်နောက်ပိုင်း ကမ္ဘာကြီးအား တစ်ဦးတည်းမှ လွှမ်းမိုးချုပ်ကိုင်လိုသည့် ဧကဝင်ရိုး (unipolar World) ပုံစံအဖြစ်ရှိနေခဲ့ရာမှ ယခုအခါ ဗဟုဝင်ရိုး (Multi-polar World) ပုံစံသို့ အင်အားချိန်ခွင်လျှာကူးပြောင်းနေပြီ ဖြစ်ပါသည်။ အမေရိကန်နိုင်ငံသည် ကမ္ဘာ့နိုင်ငံရေးတွင် ယခင်က အင်အားအကြီးဆုံးနိုင်ငံအဖြစ် တစ်ဖက်သတ် ရပ်တည်နိုင်ခဲ့သော်လည်း ယခုအခါ ကမ္ဘာ့ အသိုက်အဝန်းတွင် တရုတ်၊ ရုရှား၊ ဂျပန်နှင့် EU တို့၏ သိပ္ပံနှင့် နည်းပညာ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် စစ်ရေးတို့တွင် များစွာတိုးတက်လျက်ရှိပြီး အမေရိကန်နိုင်ငံနှင့် ပခုံးချင်းယှဉ်လာနေပြီး ကမ္ဘာကြီး၏အခင်းအကျင်းသစ် (New World Order) အဖြစ်သို့ ကမ္ဘာ့နိုင်ငံရေးပုံစံကို ပြောင်းလဲနိုင်စွမ်းရှိလာနေပြီ ဖြစ်ပါသည်။

ယင်းသို့ ပြောင်းလဲနေသော ကမ္ဘာကြီး၏ အခင်းအကျင်းသစ်တွင် အမျိုးသားအကျိုးစီးပွားနှင့် အခြေခံမူများသည် အသိသာဆုံးဖြစ်ပြီး ယင်းသည် နိုင်ငံအဆင့်တွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်၍ဖြေရှင်းကြရမည့် နက်နဲရှုပ်ထွေးသောအလျှော့အတင်းအခြေအနေများသို့လည်း ဦးတည်စေလျက်ရှိပါသည်။ ကမ္ဘာကြီး၏ အခင်းအကျင်းသစ်အရ နိုင်ငံများအကြား ကွာဟမှုများလျော့နည်းလာပြီး တစ်ချိန်တည်းတွင် ၎င်းတို့သည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ပူးပေါင်းလုပ်ရှားနိုင်ပြီ ဖြစ်ပါသည်။

ယနေ့ ကမ္ဘာ့တစ်ဝန်း၌ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ အခြေခံအချက်များကို ချိုးဖောက်၍သို့မဟုတ် မကိုက်မညီဘဲ အင်အားနည်း နိုင်ငံများအပေါ် ခြိမ်းခြောက် အကျပ်ကိုင်မှုများ၊ လွှမ်းမိုးမှုများ၊ ဝင်ရောက်စွက်ဖက်မှုများ၊ သွေးထိုးမြှောက်ပင့်မှုများ၊ ကြားခံစစ်တလင်း လုပ်ဆောင်မှုများကြောင့် ကမ္ဘာ့နိုင်ငံနှင့် ဒေသအသီးသီး၌ အစဉ်အဆက်မကြုံဖူးသည့် စိန်ခေါ်မှုများ၊ ပဋိပက္ခများ၊ အကျပ်အတည်းများနှင့် ရင်ဆိုင်နေကြရပါသည်။

ပြောင်းလဲနေသည့် ကမ္ဘာကြီးတွင် လွန်ခဲ့သည့် ၇၅ နှစ်ကပင် နီးကပ်စွာ ဆက်ဆံခဲ့ကြသည့် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် နှစ်နိုင်ငံအကျိုးစီးပွားအတွက် မဟာဗျူဟာမြောက်ဘက်စုံ ဆက်ဆံရေးကို ထူထောင်လျက်ရှိကြပါသည်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံအကြား စိတ်ရင်းစေတနာ မှန်ကန်စွာနှင့်ဆက်ဆံနိုင်မှုကြောင့် ယနေ့ဆိုလျှင် စိန်ရတုထိတိုင် မိတ်ဝတ်မပျက်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ထိန်းသိမ်းထားနိုင်သည့်အပြင် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုတိုးမြှင့်လာနိုင်ပြီဖြစ်ပါသည်။ ယင်းသို့ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနိုင်ခြင်းသည် ကမ္ဘာ့ငြိမ်းချမ်းရေး၏ ပြယုဂ်ပင် မဟုတ်ပါလား။ ॥


ကိုးကား

၁။ Thaung Tun Myanmar–Russia Relations in a Changing World: Growing Ties based on Strategic Partnership and Economic Prospects, 21 October 2015

၂။ https://www.facebook.com/rus.mmr posts/ 2018678–778392163/

၃။ https:// www. bbc. com/burmese/in-depth-60934056

၄။ Myanmar – Russia Relations, https://www.globalsecurity.org/military/world/myanmar/forrelru.htm

၅။ https://myanmar.gov.mm/ministry-of-foreign-affairs

၆။ https://npnewsmm.com/news/62cd10180c870c3ae–93e91d6

# နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၌ နေကြာမျိုးစေ့ထုတ်စိုက်ခင်း ကွင်းသရုပ်ပြပွဲ ကျင်းပ




**နေပြည်တော် ဇန်နဝါရီ ၂၁** ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအုပ်စုတွင် နေကြာမျိုးစေ့ထုတ်စိုက်ခင်းကွင်းသရုပ်ပြပွဲကို ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းက တောင်သူဦးကြည်စိန်၏ ကွင်းအမှတ် ၁၆၇၁ ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမြင့်နိုင်က ဒက္ခိဏသီရိမြို့နယ်အတွင်း နေကြာမျိုးစေ့ထုတ်စိုက်ခင်း လျာထားမှုနှင့်စိုက်ပျိုးထားရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက တက်ရောက်လာသည့် တောင်သူများအား မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းဖြစ်သည်နှင့်အညီ လူဦးရေအများစုမှာ ကျေးလက်နေတောင်သူများ ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မည် ဖြစ်သည့်အတွက် ကျေးလက်နေပြည်သူများ အနေဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအား အလေးထား ဆောင်ရွက်ကြစေလိုကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရေးနှင့် အထွက်နှုန်းကောင်းမွန်စေရေးတို့ကို တောင်သူများနှင့် ဌာနဆိုင်ရာများက ပူးပေါင်းဆောင်ရွက်မှသာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးနှင့်တာဝန်ရှိသူများက တောင်သူဦးကြည်စိန် စိုက်ပျိုးထားသည့် ဆင်းရွှေကြာ(၂)နေကြာမျိုးစေ့ အောင်မြင်ဖြစ်ထွန်းနေမှုအား ကြည့်ရှုအားပေး သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးနှင့်တာဝန်ရှိသူများသည် ဒက္ခိဏသီရိမြို့နယ် ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံ၌ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေမှု အခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**အောင်ကိုကို(ပြန်/ဆက်)**

# သန့်ရှင်းသာယာသောမြို့၊ ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက အားတက်သရောဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၁** ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏မြို့၊ ရွာဒေသများ သန့်ရှင်းသာယာ လှပရေးကို အားတက်သရော ဆောင်ရွက်လျက်ရှိကြသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အပါအဝင် မြို့နယ် ရှစ်မြို့နယ် တို့၌ လည်းကောင်း၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နှင့် တနိုင်းမြို့တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းခတ်မြို့၊ မိုင်းယန်းမြို့နှင့် မိုင်းတုံမြို့တို့၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့အပါအဝင် မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အတွင်း





ရှိ မြို့နယ် ၂၆ မြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့အပါအဝင် မြို့နယ် ခြောက်မြို့နယ်တို့၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့အပါအဝင် မြို့နယ် ၁၂ မြို့နယ်တို့၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်အပါအဝင် မြို့နယ် ၁၁ မြို့နယ်တို့၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌ လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာ အဆောက်အဦများ၊ အခြေခံပညာ ကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ခြင်ဆေးဖျန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ထို့ပြင် မန္တလေးမြို့ပေါ်ရှိ တာဝန်သိ လူငယ်၊ လူရွယ်များ စုစည်း၍ မြို့ရွာသန့်ရှင်း ရောဂါကင်း၊ စုပေါင်းအမှိုက်ရှင်း စာသားတံဆိပ်ပါ တူညီဝတ်စုံများဝတ်ဆင်ပြီး မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ၃၈ လမ်းမှ ၇၉ လမ်းနှင့် ၃၅ လမ်းမှ ၄၁ လမ်းတို့၌ အမှိုက်ကောက်ခြင်းနှင့် ရပ်ကွက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ သက်သာချောင်ချိမှုရှိစေရန် ပြည်သူများထံမှ အမှိုက်တစ်ပိဿာကို ငွေကျပ် ၁၀၀ ဖြင့် ဝယ်ယူပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ ဒုတိယတိုင်းမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

ဘားအံမြို့ရှောင် လမ်းသစ်အား ဘားအံမြို့ သံလွင်တံတားသုံးမြှောင့်မှစ၍ ကမော့ကစင်ရွာကိုဖြတ်ကာ လှာကဒေါင်ရွာအထိ ဖောက်လုပ်ရန် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ မေလမှ စတင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း လမ်းဦးစီးဌာနမှ သိရသည်။

"ကျွန်တော်တို့ ဒေသမှာ နယ်စပ်ကုန်သွယ်မှု လမ်းကြောင်းက ရှိနေတော့ ကုန်တင်ယာဉ်ကြီးတွေ သွားလာမှုများတယ်။ လမ်းအသုံးပြုသူများတယ်။ မြို့ရှောင်လမ်း ပြီးသွားရင်တော့ မြို့ထဲက ဖြတ်သန်းမသွားရရင် ယာဉ်ကြောမကျပ်တော့ဘူး။ အချိန်ကုန်သက်သာလာမယ်။ ကျွန်တော်တို့လို လမ်းအသုံးပြုသူ ကုန်တင်ယာဉ်မောင်းသူတွေဟာ မြို့ရှောင်လမ်းကနေပိုပြီး အဆင်ပြေပြေ သွားနိုင်တော့မှာ ဖြစ်တဲ့အတွက် လမ်းပြီးမယ့်နေ့ကို မျှော်လင့်နေတာပေါ့" ဟု ဘားအံမြို့မှ ကုန်တင်ယာဉ်မောင်း ဦးအေးဝင်းက ပြောသည်။

အဆိုပါ မြို့ရှောင်လမ်းသည် လမ်းမိုင် လေးမိုင် ရှည်လျားပြီး အကျယ် ၂၄ ပေ၊ နှစ်လမ်းသွားဖြစ်ကာ ယခုဘဏ္ဍာနှစ်တွင် တည်ဆောက်မှု လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးသွားပါက သထုံ- ဘားအံ- ကော့ကရိတ်- မြဝတီလမ်းမှ လှိုင်းဘွဲ့သို့ သွားရောက်မည့် ကုန်တင်ယာဉ်များ အနေဖြင့် ယခင်ကထက် ၁၁ မိုင် ၅ ဖာလုံခန့် ခရီးပိုမိုတိုတောင်းစွာ သွားလာနိုင်မည်ဖြစ်သည်။

"ဘားအံ မြို့ရှောင်လမ်းက သံလွင်တံတား သုံးမြှောင့်လမ်းဆုံကနေ ကမော့ကစင်ရွာကိုဖြတ်ပြီး လှာကဒေါင်ရွာအထိ လေးမိုင် အရှည်ရှိပါတယ်။ လှာကဒေါင်ရွာကနေ ကမော့ကစင်ရွာအထိ မြေသားလမ်း ကျဉ်းလေးဖြစ်ပြီး ကျောက်တောင်ခြားထားပါတယ်။ ဒီကျောက်တောင်ကြား နေရာတွေမှာအရင်က ယာဉ်သွားလာလို့ မရခဲ့ဘူး။ ဒါ့ကြောင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မေလမှာ ကရင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ အထွေထွေပိုလျှံ ရန်ပုံငွေ ကျပ် ၇၇၃ သန်း၊ ၂၀၂၁-၂၀၂၂ မီနီ ဘတ်ဂျက် ၁၆၈၉ ဒသမ ၂၀၇ သန်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ၄၀၇၂ ဒသမ ၆၄ သန်းနဲ့ မြေသားတာပေါင်တင်တာ၊ ကျောက်တောင်မိုင်းခွဲတာ၊ Box Culvert တံတားငယ်များ တည်ဆောက်တာ၊ ကျောက်စီရေမြောင်း၊ မြေထိန်းနံရံ တည်ဆောက်ခြင်း၊ တွိုင်လမ်းဆုံ (အဝိုင်း) လုပ်ငန်းများအား ဆောင်ရွက်လျက် ရှိပါတယ်။ ဘဏ္ဍာနှစ်မကုန်မီ အားလုံးပြီးစီးဖို့ ကြိုးပမ်းဆောင်ရွက်နေပါတယ်" ဟု လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ညိုက ဆက်ပြောသည်။


လမ်းဦးစီးဌာနသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်နှောင်းပိုင်းတွင် ကမော့ကစင်ရွာ ၂ ဒသမ ၇၇၅ ကီလိုမီတာ မှ လှာကဒေါင် ၅ ဒသမ ၁ ကီလိုမီတာအထိ လိုအပ်သော လမ်းတာပေါင်အကျယ် ရရှိစေရန် ကျောက်တောင်အမာများအား မိုင်းခွဲရှင်းလင်းခြင်း၊ ဖြတ်မြေဖို့ မြေလုပ်ငန်း ဆောင်ရွက်ခြင်း၊ အမာခံရရှိစေရန် မိုင်းချီးခင်းကြိတ်ခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရန် Box Culvert ခြောက်စင်း ထည့်သွင်း တည်ဆောက်ခြင်းစသည့် လုပ်ငန်းများအတွက် ရန်ပုံငွေ စုစုပေါင်း ကျပ် ၇၇၃ ဒသမ ၀၀၀ သန်းဖြင့် ဆောင်ရွက်ခဲ့သည်။

ထို့အတူ ၂၀၂၁-၂၀၂၂ ခြောက်လ ဘဏ္ဍာနှစ်တွင် သံလွင်တံတားသုံးမြှောင့် သုည ကီလိုမီတာမှ ကမော့ကစင်ရွာ ၂ ဒသမ ၇၇၅ ကီလိုမီတာအထိ ၂ ဒသမ ၇၇၅ ကီလိုမီတာအား ဖြတ်မြေဖို့မြေလုပ်ငန်းဆောင်ရွက်၍ မိုင်းချီးခင်းကြိတ်ခြင်း၊ ပေ ၂၀ သံကူကွန်ကရစ် တံတားတစ်စင်း၊ ၁၅ ပေ သံကူကွန်ကရစ် တံတားတစ်စင်း၊ Box Culvert ၁၀ စင်း တည်ဆောက်ခြင်းနှင့် ထုအခြေခံလွှာခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ကမော့ကစင်ရွာ ၂ ဒသမ ၇၇၅ ကီလိုမီတာမှ လှာကဒေါင် ၅ ဒသမ ၁ ကီလိုမီတာအထိ ၂ ဒသမ ၃၂၅ ကီလိုမီတာအား ထုအခြေခံလွှာခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ရန်ပုံငွေစုစုပေါင်း ကျပ် ၁၆၉၈ ဒသမ ၂၀၇ သန်းဖြင့် လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း လမ်းဦးစီးဌာနမှ သိရသည်။

"၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှာတော့ မြို့ရှောင်လမ်း သုည ကီလိုမီတာကနေ ၆ ဒသမ ၄ ကီလိုမီတာအထိ ၂၄ ပေ အကျယ် ကတ္တရာလမ်းသစ် ခင်းတာနဲ့ ကွန်ကရစ်ခင်းတာ၊ Box Culvert ငါးစင်းတည်ဆောက်တာ၊ တံတားသုံးစင်းချဲ့တာ၊ ပေ ၂၀ တံတားတစ်စင်း တည်ဆောက်တာ၊ ကျောက်စီရေမြောင်း ၁၈၀၀ မီတာပြုလုပ်တာ၊ ကျောက်စီမြေထိန်းနံရံ ၁၂၀၅ မီတာပြုလုပ်တာ၊ ဘားအံမြို့ရှောင်လမ်းနဲ့ သထုံ- ဘားအံ- ကော့ကရိတ်- မြဝတီလမ်းဆုံရာမှာ အဝိုင်းပြုလုပ်တာနဲ့ ဆက်စပ်လုပ်ငန်းတွေကို ရန်ပုံငွေစုစုပေါင်း ကျပ် ၄၇၂၀ ဒသမ ၆၄၄ သန်းနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ပြီးတော့ ပြည်နယ်ငွေလုံးငွေရင်း (ဖြည့်စွက်)ရန်ပုံငွေ ကျပ် ၁၃၉ ဒသမ ၈၄၀ သန်းနဲ့ ကျောက်တောင်ချဲ့ခြင်းမိုင်းခွဲတာ၊ Gabion Wall ပြုလုပ်တာတွေလည်း ဆောင်ရွက်နေပါတယ်" ဟု ညွှန်ကြားရေးမှူးက ရှင်းပြသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ကုန် လုပ်ငန်းအားလုံး ပြီးစီးသည့်အချိန်တွင် ဘားအံမြို့ရှောင်လမ်းသည် ၂၄ ပေအကျယ် ကတ္တရာလမ်း ၃ မိုင် ၁ ဒသမ ၅ ဖာလုံ၊ ကွန်ကရစ်လမ်း ၆ ဒသမ ၅ ဖာလုံ ရှိမည်ဖြစ်ကြောင်း လမ်းဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**



# ကောက်ရိုးမှိုနှင့် ငွေနှင်းမှို စိုက်ပျိုးရေးကို မုံရွာမြို့မှတောင်သူများ စိတ်ပါဝင်စားလျက်ရှိ

**မုံရွာ ဇန်နဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းရှိ တောင်သူများအနေဖြင့် မိမိတို့၏အိမ်ခြံဝင်းအတွင်း တစ်ပိုင်တစ်နိုင် မှိုစိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေ ပိုမိုရရှိစေရန် ရည်ရွယ်ပြီး ကောက်ရိုးမှိုနှင့် ငွေနှင်းမှို လက်တွေ့စိုက်ပျိုးပြသခြင်း ကွင်းပြပွဲကို ဇန်နဝါရီ တတိယပတ်အတွင်းက မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ရုံးဝင်းအတွင်းရှိ မှိုမျိုးစုံမျိုးစေ့နှင့် စိုက်ထုပ်သုတေသနပြု စမ်းသပ်ခန်းရှေ့၌ ပြုလုပ်ရာ ကျေးရွာ ၁၀ ရွာမှ ဒေသခံတောင်သူ ၆၂ ဦးကျော် စိတ်ပါဝင်စားစွာ တက်ရောက်လေ့လာခဲ့ကြကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောက်ရိုးမှိုနှင့် ငွေနှင်းမှို စိုက်ပျိုးခြင်း ကွင်းပြပွဲတွင် မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးစိုးသက်အောင်က ကောက်ရိုးမှိုစိုက်ပျိုးနည်းစနစ်များကို လည်းကောင်း၊ ဒုတိယဦးစီးမှူး ဦးဖြိုးဝေက ငွေနှင်းမှိုစိုက်ပျိုးနည်းစနစ်များကို လည်းကောင်း အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ကြပြီး စိတ်ပါဝင်စားသည့်တောင်သူများ၊ ဝန်ထမ်းများနှင့်အတူ ကောက်ရိုးမှိုနှင့်ငွေနှင်းမှိုတို့ကို လက်တွေ့စိုက်ပျိုးပြသပေးခဲ့ကာ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားပေးခဲ့သည်။

လက်ရှိအချိန်တွင် ကောက်ရိုးမှိုပျိုးထုပ် တစ်ထုပ်လျှင် ကျပ် ၇၀၀ ဖြင့် ဝယ်ယူကြရပြီး ကောက်ရိုးမှို အလျားကိုးပေ၊ အနံ သုံးပေရှိ ပေါင်တစ်ပေါင်မှ မှို ရှစ်ပိဿာမှ ၁၀ ပိဿာအထိ ထွက်ရှိကာ ကာလပေါက်ဈေး တစ်ပိဿာကျပ် ၁၀၀၀၀ ရရှိကြောင်း၊ ငွေနှင်းမှိုပျိုးထုပ်တစ်ထုပ်လျှင် ကျပ် ၅၀၀ ဖြင့် ဝယ်ယူကြရပြီး ငွေနှင်းမှို စိုက်ထုပ်တစ်ထုပ်လျှင် မှို ၅၀ ကျပ်သားမှ ၇၀ ကျပ်သားအထိ ထွက်ရှိကာ ကာလပေါက်ဈေးအနေဖြင့် ငွေနှင်းမှိုတစ်ပိသာလျှင် ကျပ် ၆၀၀၀ ရရှိကြကြောင်း ကောက်ရိုးမှိုနှင့် ငွေနှင်းမှို စိုက်ပျိုးသူများ၏ ပြောကြားချက်အရ သိရသည်။



ကောက်ရိုးမှိုနှင့် ငွေနှင်းမှို စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအနေဖြင့် မှိုမျိုးထုပ်များကို မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ မှာယူနိုင်ကြောင်းနှင့် သိရှိလိုသည့် စိုက်ပျိုးနည်းစနစ်များကိုလည်း ဆက်သွယ်ဆွေးနွေးမေးမြန်းနိုင်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ငဖဲမြို့၌ မေမြို့(ချင်းမိုင်)ပန်းများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်း

**ငဖဲ ဇန်နဝါရီ ၂၁**

မကွေးတိုင်းဒေသကြီး ငဖဲမြို့မရပ်ကွက် ချင်းစုရပ်ကွက်သည် မန်းချောင်းနံဘေး၌ တည်ရှိပြီး အရှေ့ဘက်ကိုင်းမြေနှင့် လယ်မြေများတွင် မြေအောက်ရေဖြင့် ရာသီအလိုက်သီးနှံများကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးရောင်းချလျက်ရှိကြရာ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးများ ရိတ်သိမ်းအပြီး မေမြို့(ချင်းမိုင်) ပန်းများကို တောင်သူများ စိုက်ပျိုးရောင်းချရာ အောင်မြင်ဖြစ်ထွန်း၍ မိသားစုပုံမှန်ဝင်ငွေရရှိနေကြောင်း သိရသည်။

ပန်းစိုက်တောင်သူ ဦးအောင်ကြည်က ယခုနှစ် မိုးစပါးများရိတ်သိမ်းခြွေလှေ့အပြီးတွင် နွေစပါးမစိုက်တော့ဘဲ လယ်မြေတစ်ကေ၌ မေမြို့ (ချင်းမိုင်)ပန်းကို မြေအောက်ရေသွင်းကာ စိုက်ပျိုးရောင်းချကြောင်း၊ ယခင်နှစ်က ပန်းပင်မှမျိုးစေ့ချန်ထားပြီး စိုက်ပျိုးခြင်းဖြစ်ကြောင်း၊ မေမြို့(ချင်းမိုင်) ပန်းများနှင့်အတူ ဟော်လန်သစ္စာပန်းနှင့် ထိုင်ဝမ်ခရမ်းချဉ်များကိုလည်း စိုက်ပျိုးထားကြောင်း၊ ဆောင်းသီးနှံပေါ်စ ခရမ်းချဉ်သီး တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ နှုန်း၊ မေမြို့ပန်း တစ်ပင်လျှင် ငွေကျပ် ၁၀၀ နှုန်းနှင့် ဟော်လန်သစ္စာပန်းတစ်ပင်လျှင် ငွေကျပ် ၂၀၀ နှုန်းဖြင့် ဖောက်သည်ဈေးပေးသွင်းရောင်းချရကြောင်း၊ ဆောင်းသီးနှံများနှင့် မေမြို့(ချင်းမိုင်) ပန်းများကို နေ့စဉ် ငွေကျပ် သုံးသောင်းဖိုးခန့် ဖောက်သည်ပေးရောင်းချနေရသဖြင့် အဆင်ပြေကြောင်း၊ ဆောင်းသီးနှံများနှင့် မေမြို့ပန်းများ စိုက်ပျိုးရောင်းချပြီးလျှင် မိုးစပါးများ ဆက်လက်စိုက်ပျိုးမည်ဖြစ်ကြောင်း ပြောသည်။



ငဖဲမြို့နယ်၌ မြို့မရပ်ကွက်၊ ချင်းစုရပ်ကွက်၊ အိုးမြေတွင်းကျေးရွာနှင့် ပန်းထိမ်းကျေးရွာများတွင် မြေအောက်ရေနှင့် မန်းချောင်းရေကို အသုံးပြု၍ လယ်မြေကိုင်းမြေများတွင် တစ်နိုင်တစ်ပိုင် ရာသီအလိုက် ဟင်းသီးဟင်းရွက်များ၊ မေမြို့ပန်း၊ သစ္စာပန်းနှင့် ဂန္ဓမာပန်းများကို စိုက်ပျိုးရောင်းချလျက်ရှိကြောင်း သိရသည်။

**မယု(ငဖဲ)**

## မြစ်ဝကျွန်းပေါ်ဒေသများမှ ပြောင်းဖူးများ တစ်အိတ်လျှင် ကျပ် ၃၂၀၀၀ အထိ ဈေးကောင်းရရှိ

**မန္တလေး ဇန်နဝါရီ ၂၁**

ဇန်နဝါရီ တတိယပတ်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများမှထွက်ရှိပြီး မန္တလေးမြို့ အောင်မြေသာစံခရိုင်ရှိ သီရိမာလာကုန်စိမ်းလက်ကားဈေးအတွင်းသို့ ဝင်ရောက်လာသည့် ပြောင်းဖူးများမှာ တစ်အိတ်လျှင် ကျပ် ၃၂၀၀၀ ဈေးအထိ ဈေးကောင်းရရှိနေကြောင်း အဆိုပါဈေးအတွင်းရှိ ပြောင်းဖူးပွဲရုံများမှ သိရသည်။

မန္တလေးမြို့ သီရိမာလာကုန်စိမ်းဈေးသို့ မြေပြန့်မြစ်ဝကျွန်းပေါ်ဒေသများမှ ထွက်သည့်ပြောင်းဖူးများ တစ်ရက်လျှင် ကားအစီးရေ ခုနစ်စီးမှ ရှစ်စီးအထိ ပုံမှန်ဝင်ရောက်လျက်ရှိပြီး ဈေးနှုန်းများမှာ ယခင်လက ပိဿာချိန် ၃၀ ဆံ့ အဖူးရေ ၁၀၀ ပါ တစ်အိတ်လျှင် အိတ်ပြတ်အနေဖြင့် ကျပ် ၂၂၀၀၀၊ ၂၈၀၀၀ ရှိခဲ့ရာမှ လက်ရှိအချိန်တွင် တစ်အိတ်လျှင် ကျပ် ၃၀၀၀၀ မှ ၃၂၀၀၀ ဈေးအထိ ဈေးကောင်းရရှိနေကြောင်း အောင်ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောသည်။

"လက်ရှိအချိန်မှာ ဈေးကိုဝင်လာတဲ့ပြောင်းတွေ ဈေးကောင်းရရှိနေပါတယ်။ ပြောင်းက မြစ်ဝကျွန်းပေါ်နေရာတွေကပဲ ထွက်တော့တယ်။ တောင်ပေါ်ဒေသကထွက်တဲ့ပြောင်းတွေ မရှိတော့ပါဘူး။ မြေပြန့် မြစ်ဝကျွန်းပေါ်တစ်ခုပဲ ထွက်တာကြောင့် ဈေးတက်သွားတာပါ။ ကားတစ်စီးကို အိတ်က ၁၀၀၀၀ နဲ့ ၁၂၀၀၀ ပါတယ်။ လားရှိုးနဲ့ ရန်ကုန်တို့ကိုလည်း တင်ပို့ရပါတယ်။ လမ်းပန်းဆက်သွယ်ရေးအခက်အခဲနဲ့ ပစ္စည်းပြတ်လပ်မှုကြောင့် ဈေးနှုန်းတွေတက်သွားတာပါ" ဟု ၎င်းက ပြောသည်။

**မောင်အေးချမ်း**



## ငရုတ်သီးဈေးကောင်းရရှိရန် ပခုက္ကူမြို့နယ်အတွင်းရှိကျေးရွာများမှ ငရုတ်စိုက်တောင်သူများ မျှော်လင့်နေ

**ပခုက္ကူ ဇန်နဝါရီ ၂၁**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်းရှိ ကျေးရွာများမှ တစ်ပိုင်တစ်နိုင်နှင့် စီးပွားဖြစ် ငရုတ်သီးစိုက်ပျိုးနေကြသည့် တောင်သူများအနေဖြင့် ငရုတ်သီးဈေးကောင်းရရှိရေးအတွက် မျှော်လင့်နေကြောင်း သိရသည်။

ကျွန်းဦးကျေးရွာမှ ငရုတ်စိုက်တောင်သူတစ်ဦးက "အရင်နှစ်တွေက ပခုက္ကူမြို့ပေါ်ဈေးကွက်မှာ ငရုတ်သီးအစို တစ်ပိဿာကို ကျပ်၂၅၀၀ ကနေ ၃၀၀၀ အထိ ဈေးရတယ်၊ အခုနောက်ပိုင်းနှစ်တွေမှာ ဈေးသိပ်မရတော့ဘူး၊ စားသုံးသီးနှံဆိုလို့ ငရုတ်သီးပဲ အဓိက စိုက်ပျိုးထားပြီး အခြားသီးနှံ အနည်းအကျဉ်းပဲ ရှိတာဆိုတော့ ငရုတ်သီးဈေးကောင်းဖို့ပဲ မျှော်နေရတာပေါ့" ဟု ပြောသည်။

ပခုက္ကူမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ငရုတ်သီးကို စီးပွားဖြစ်စိုက်ပျိုးကြပြီး ပခုက္ကူမြို့ အမှတ်(၁)စည်ပင်သာယာဈေးကြီး အပါအဝင် ယာယီပျံကျဈေးများသို့ လက်လီ၊ လက်ကားစနစ်ဖြင့် တင်ပို့ရောင်းချကြောင်း၊ လက်ရှိအချိန်တွင် ငရုတ်စိုက်တောင်သူများအနေဖြင့် ငရုတ်သီးစိမ်းတစ်ပိဿာလျှင် ကျပ် ၁၀၀၀ မှ ၂၀၀၀ အထိ ဈေးနှုန်းများဖြင့် ရောင်းချနေရကြောင်း၊ ငရုတ်သီးစိုက်ခင်းများတွင် အခြားသီးနှံများကိုလည်း သီးထပ်၊ သီးညှပ်အဖြစ် စိုက်ပျိုးလုပ်ကိုင်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# သွင်းအားစုစရိတ်နှင့် စက်သုံးဆီဈေးနှုန်းများကြောင့် တောင်သူများ အခက်အခဲကြုံတွေ့နေ

**နောင်ချို ဇန်နဝါရီ ၂၁**

ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ပေါင်းသတ်ဆေး အစရှိသော သွင်းအားစုစရိတ်များနှင့် စက်သုံးဆီဈေးနှုန်းများ မြင့်တက်နေသဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်မှ နှစ်ရှည်ပင်စိုက်ပျိုးသည့် တောင်သူများအနေဖြင့် စိုက်ပျိုးရေးတွင် အခက်အခဲကြုံတွေ့နေရကြောင်း သိရသည်။

နောင်ချိုမြို့နယ်မှ ထောပတ်ခြံလုပ်ငန်းလုပ်ကိုင်သူ ကိုလှထွန်းအောင်က "တစ်ကီလိုမ ၇၀၀၀၊ ၈၀၀၀ တန်တွေက အခုချိန်မှာဆိုရင် ၁၅၀၀၀၊ ၂၅၀၀၀ လောက်အထိ ပေးနေရတယ်။ ပိုးဆေးဆိုရင် ၁၈၀၀၀၊ ၁၅၀၀၀ လောက်ရှိတဲ့ဟာတွေက အခုချိန်မှာ ၃၅၀၀၀၊ ၄၀၀၀၀ ပေါ့။ ဈေးတွေက တက်နေတဲ့အခါကျတော့ ကျွန်တော်တို့ စိုက်ပျိုးထုတ်လုပ်တဲ့လူတွေအဖို့ တစ်ကြိမ်ဖျန်းရင် တစ်ကြိမ်ကုန်တာဖြစ်တဲ့အတွက် ကျွန်တော်တို့မှာ အဲဒါလေးတွေကတော့ အဓိက အခက်အခဲပဲ" ဟု ပြောသည်။

နှစ်ရှည်သီးနှံ စိုက်ပျိုးသည့်ခြံများအနေဖြင့် မိုးရာသီတွင် မိုးရေကို အမှီပြုနိုင်သော်လည်း မိုးခေါင်သည့်ကာလများနှင့် နွေရာသီ၊ ဆောင်းရာသီတို့တွင်မူ အပင်များရှင်သန်ကြီးထွားရေးအတွက် ရေပေးဝေရန် လိုအပ်သည်။ ယခုနှစ်တွင် ယခင်နှစ်များကထက် စက်သုံးဆီဈေးနှုန်းများ မြင့်တက်နေသောကြောင့် စိုက်ပျိုးစရိတ်မှာလည်း ပိုမိုကုန်ကျနေခြင်း ဖြစ်သည်။

"အခုဆိုရင် ၁၂ လပိုင်းမှာ အသီးတွေလည်း ရှိသေးတယ်။ နောက်ပွင့်မယ့် အပွင့်တွေအတွက်လည်း ရေပေးရတယ်။ ဒီဇယ်ဆီဆိုရင် ကျွန်တော်တို့က တောင်ပေါ်ဒေသဖြစ်တဲ့အတွက် ရန်ကုန်တို့ဘာတို့ထက် ပိုပြီးတော့ ဈေးများတယ်။ ကျွန်တော်တို့ ရေတစ်ကြိမ်ပေးရင် တစ်ရက်ကို ဒီဇယ်ဆီ သုံးဂါလန်နဲ့ လေးဂါလန်ကြား ကုန်တယ်။ အသီးအပွင့်ဖြစ်နေတဲ့အခါကျတော့ ရေကလည်းဖြတ်မရဘူး။ တစ်လကို ရေက သုံးကြိမ်လောက်ပေးရတယ်" ဟု ၎င်းက ဆက်ပြောသည်။

နှစ်ရှည်သီးနှံပင် စိုက်ပျိုးရာတွင် ဈေးကွက်ကောင်းမွန်ချိန်ဖြစ်စေ၊ ဈေးကွက်ပိုင်း အားနည်းချိန်တွင်ဖြစ်စေ အပင်ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများကိုမူ နှစ်စဉ် ပုံမှန်ဆောင်ရွက်ပေးရကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**

## ရတနာပုံတက္ကသိုလ်တွင် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲ ကျင်းပ



**မန္တလေး ဇန်နဝါရီ ၂၁**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရတနာပုံတက္ကသိုလ် ကာယဗလနှင့် ကာယအလှဆပ်ကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ ဘာသာရပ်ပေါင်းစုံ ကာယဗလမောင်နှင့်ကာယအလှမယ်ပြိုင်ပွဲကို ဇန်နဝါရီ ၁၉ ရက်က အဆိုပါတက္ကသိုလ်၌ ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာက အမှာစကား ပြောကြားသည်။

ပြိုင်ပွဲတွင် ဘာသာရပ်အသီးသီးမှ ကိုယ်စားပြု ကျောင်းသား ကျောင်းသူများက သတ်မှတ်ကိုယ်ဟန်တို့ဖြင့် ပါဝင်ယှဉ်ပြိုင်ကြရာ ဒိုင်အဖွဲ့တို့က အကဲဖြတ်အမှတ်ပေး ရွေးချယ်ပေးသည်။(**ယာပုံ**)

ကာယဗလမောင်ပြိုင်ပွဲတွင် ဇီဝဓာတုဗေဒမှ မောင်ပိုင်စိုးခန့်က ပထမ၊ ဥပဒေပညာမှ မောင်လင်းကိုဦးက ဒုတိယနှင့် နိုင်ငံတကာဆက်ဆံရေးပညာမှ မောင်ရင်ထန်မင်အောင်က တတိယရရှိကြပြီး ကာယအလှမယ် (အငယ်တန်း)တွင် ဓာတုဗေဒမှ မဇင်မီမီကျော်က ပထမ၊ ဇီဝဗေဒမှ မအိမြတ်နိုးအောင်က ဒုတိယ၊ ဥပဒေပညာမှ မမေကြယ်စင်ဖြိုးက တတိယရရှိသည်။ ကာယအလှမယ် (အကြီးတန်း) ပြိုင်ပွဲတွင် ဥပဒေပညာမှ မထက်ယဉ်နွယ်ထွန်းက ပထမ၊ ရူပဗေဒမှ မအိန္ဒြာသင်းက ဒုတိယ၊ နိုင်ငံတကာဆက်ဆံရေးပညာမှ မသဲနုဇော်ဇော်က တတိယရရှိကြရာ ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

## ပါရီအိုလံပစ်ခြေစစ်ပွဲမတိုင်မီ မြန်မာအမျိုးသမီးအသင်း နိုင်ငံတကာခြေစမ်းပွဲကစားရန် စီစဉ်

**ရန်ကုန် ဇန်နဝါရီ ၂၁**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဧပြီလတွင် ယှဉ်ပြိုင်ရမည့် ၂၀၂၄ ပါရီအိုလံပစ် အာရှဇုန်ပထမအဆင့်ခြေစစ်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် စီစဉ်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ပါရီအိုလံပစ်ခြေစစ်ပွဲတွင် အီရန်၊ ဘင်္ဂလားဒေ့ရှ်၊ မော်လ်ဒိုက်အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး ယင်းခြေစစ်ပွဲကို ဧပြီ ၃ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် လက်ရွေးစင်အမျိုးသမီးအသင်းခြေစမ်းပွဲကစားရန် စီစဉ်လျက်ရှိပြီး အာရှဒေသတွင်းမှ လက်ရွေးစင်အသင်းတစ်သင်းနှင့် ဖေဖော်ဝါရီ သို့မဟုတ် မတ်လတွင် ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ဧပြီလတွင် ပါရီအိုလံပစ်ခြေစစ်ပွဲ၊ မေလတွင် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရမည်ဖြစ်ပြီး နှစ်ဝက်နောက်ပိုင်းတွင် အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲနှင့် ပါရီအိုလံပစ် ပထမအဆင့်ခြေစစ်ပွဲအောင်မြင်ပါက ဒုတိယအဆင့်နှင့် တတိယအဆင့်ခြေစစ်ပွဲများ ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းကို ပဏာမကစားသမား ၃၅ ဦးဖြင့် ဖွဲ့စည်းထားပြီး နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းက ကိုင်တွယ်နေသည်။

**ရဲရင့်လွင်**

❐ ကျော၁ဖုံးမှ

ခဲ့သည်။ ပွဲချိန် သုံးမိနစ်တွင် ချယ်ဆီးအသင်းမှ ဟာဗက်ဇ် လီဗာပူးအသင်းဘက်သို့ ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း ဗီွအေအာရ်က ပယ်ဖျက်ခဲ့သောကြောင့် နစ်နာခဲ့ရသည်။

ဒုတိယပိုင်းတွင် ချယ်ဆီး အသင်းသည် ယခုအပြောင်းအရွှေ့ကာလတွင် ရှက်တာဒိုးနက်အသင်းမှ ပေါင် ၈၈ ဒသမ ၅ သန်းဖြင့် ခေါ်ယူထားသော မူဒရိုက်ခ်ကို ထည့်သွင်း အသုံးပြုခဲ့သည်။ သို့သော်လည်း ချယ်ဆီးအသင်း နိုင်ပွဲရရှိရန် လုံလောက်သည့် စွမ်းဆောင်မှုမျိုး ပြသနိုင်ခဲ့ခြင်း မရှိချေ။

### ဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်းမရှိ

ပွဲချိန်ပြည့်ခါနီးတွင် လီဗာပူးအသင်းဘက်သို့ ချယ်ဆီးအသင်း ဂိုးပေါက်ကန်သွင်းမှု ခပ်စိတ်စိတ် ပြုလုပ်လာနိုင်ခဲ့သော်လည်း ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်း မရှိခဲ့ချေ။ ယခုပွဲသရေကျမှုကြောင့် လီဗာပူးအသင်းက ၁၉ ပွဲ ကစား ၂၉ မှတ်ရရှိကာ ချယ်ဆီးအသင်းက ပွဲ ၂၀ ကစားပြီး ၂၉ မှတ်ရရှိထားသည်။

### အခြားပွဲစဉ်ရလဒ်များ

အခြားပွဲစဉ်များတွင် ဝက်စ်ဟမ်းက အဲဗာတန်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ဆောက်သမ်တန်ကွင်း၌ အက်စ်တွန်ဗီလာက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။

ဝက်စ်ဟမ်းက ရမှတ် ၁၈ မှတ်ရရှိပြီး အဲဗာတန်က ၁၅ မှတ်ရရှိထားသည်။ အက်စ်တွန်ဗီလာက ရမှတ် ၂၈ မှတ်ရရှိကာ ဆောက်သမ်တန်က ရမှတ် ၁၅ မှတ်ရရှိထားသည်။ ဇယားရပ်တည်မှုတွင် ဆောက်သမ်တန်က အဆင့် ၂၀ နှင့် အဲဗာတန်က အဆင့် ၁၉ ၌ ရပ်တည်နေသည်။

### လက်စတာနှင့် ဘရိုက်တန်သရေကျ

ဘုန်းမောက်နှင့် နော်တင်ဟမ်ဖောရက်စ်တို့ပွဲမှာ တစ်ဂိုးစီ သရေကျပြီး လက်စတာနှင့် ဘရိုက်တန်တို့ပွဲတွင် ပွဲပြီးခါနီးရရှိသော ဘရိုက်တန်တို့၏ ချေပဂိုးကြောင့် နှစ်ဂိုးစီ သရေဖြစ်ခဲ့သည်။

နော်တင်ဟမ်ဖောရက်စ်က ၂၁ မှတ်ရရှိပြီး ဘုန်းမောက်က ၁၇ မှတ် ရရှိထားသည်။ ဘရိုက်တန်က ၃၁ မှတ် ရရှိထားပြီး လက်စတာက ၁၈ မှတ်ရရှိထားသည်။

**အောင်ဇော်**

## အသင်းအပြောင်းအရွှေ့နှင့်ပတ်သက်ပြီး ဂျူဗင်တပ်စ်အသင်း ၁၅ မှတ်လျှော့ခံရ

အီတလီဘောလုံးအဖွဲ့ချုပ် (အက်ဖ်အိုင်ဂျီစီ) သည် ဂျူဗင်တပ်စ်အသင်း၏ ယခင်အပြောင်းအရွှေ့ကိစ္စရပ်များကို စုံစမ်းစစ်ဆေးမှုပြုလုပ်ပြီးနောက် ၁၅ မှတ်လျှော့ ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း သိရသည်။

ထို့ကြောင့် ဂျူဗင်တပ်စ်အသင်းသည် ယခင် အဆင့် (၃) နေရာအထိ တက်လှမ်းနိုင်ခဲ့သော်လည်း ယခုအခါ အဆင့် (၁၀) သို့ ကျဆင်းသွားရပြီ ဖြစ်သည်။ ဥက္ကဋ္ဌဟောင်း အန်ဒရီယာ အက်နယ်လီနှင့် ဒုတိယဥက္ကဋ္ဌ ပါဗယ်နက်ဗက်တို့သည် နိုဝင်ဘာလတွင် ရာထူးမှ နုတ်ထွက်ခဲ့ကြသည်ဟု ဆိုသည်။

ဂျူဗင်တပ်စ်အသင်းက အမှားအယွင်းမလုပ်ထားကြောင်းနှင့် အဆိုပါ ဆုံးဖြတ်ချက်အတွက် အယူခံဝင်သွားမည်ဖြစ်ကြောင်း အတည်ပြုပြောသည်။ ယခင်နှင့် လက်ရှိဂျူဗင်တပ်စ်အသင်းအမှုဆောင်အရာရှိများ စုစုပေါင်း ၁၁ ဦးသည် အရေးယူခံခဲ့ရပြီး နက်ဗက်ကို ရှစ်လကြာ ပိတ်ပင်ခဲ့သည်ဟု သိရသည်။

ထို့ပြင် ဂျူဗင်တပ်စ်အသင်းသည် ကလပ်အသင်းလိုင်စင်နှင့် ဘဏ္ဍာရေးမျှတမှု စည်းမျဉ်းများအပေါ် ချိုးဖောက်နိုင်ခြေရှိမှုနှင့်ပတ်သက်ပြီး ယူအီးအက်ဖ်အေ၏ စုံစမ်းစစ်ဆေးမှုကိုလည်း ခံနေရသည်။ ဂျူဗင်တပ်စ်အသင်းသည် စီးရီးအေ၌ တနင်္ဂနွေနေ့တွင် အတ္တလန္တာအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။



## ဩစတြေးလျအိုးပင်း စတုတ္ထအဆင့်သို့ ကမ္ဘာ့နံပါတ်တစ် ဆွီယာတက်ခ် တက်လှမ်း

ဩစတြေးလျအိုးပင်း အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ တတိယအဆင့်တွင် ကမ္ဘာ့နံပါတ်တစ်တင်းနစ်မယ် ဆွီယာတက်ခ်သည် ပြိုင်ဘက်ကို အနိုင်ယူပြီး စတုတ္ထအဆင့်တက်လှမ်းရန် အချိန် ၅၅ မိနစ်သာ လိုအပ်ခဲ့သည်။

၎င်းသည် အဆိုပါပွဲစဉ်တွင် ပြိုင်ဘက်စပိန်တင်းနစ်မယ် ဘူစ်ကာကို ၆-၀၊ ၆-၁ ဖြင့် နှစ်ပွဲပြတ်အနိုင်ရရှိကာ စတုတ္ထအဆင့်သို့ သက်သောင့်သက်သာ တက်လှမ်းနိုင်ခဲ့သည်။ ဆွီယာတက်ခ်သည် ပထမအဆင့်နှင့် ဒုတိယအဆင့်ပြိုင်ပွဲများတွင်လည်း ပြိုင်ဘက်ကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိထားသည်။

နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့သော ဆွီယာတက်ခ်သည် စတုတ္ထအဆင့်တွင် ဝင်ဘယ်ဒန်ချန်ပီယံ ရှိုင်ဘာကီနာနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

ပိုလန်တင်းနစ်မယ် ဆွီယာတက်ခ်နှင့်အတူ ဩစတြေးလျအိုးပင်း ပြိုင်ပွဲစတုတ္ထအဆင့်သို့ နာမည်ကြီး ကိုကိုဂေါ့ဖ်၊ ပီဂူလာ၊ ဘင်းဆစ်၊ ရှောင်၊ ပီလစ်ကိုဗာ၊ ဗီကစ်တို့ တက်လှမ်းနိုင်ခဲ့သည်။

ဩစတြေးလျအိုးပင်း အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ တတိယအဆင့်တွင် နာမည်ကြီး မက်ဗီဒက်ဗ်၊ တီယာဖိုး၊ နော်ရီ၊ ကမ်ဒေါ်နယ်တို့ ပြိုင်ဘက်ကို ရှုံးနိမ့်ပြီး ပြိုင်ပွဲမှထွက်ခွာခဲ့ရပြီ ဖြစ်သည်။ ဒုတိယအဆင့်တွင်လည်း နာမည်ကြီး နာဒယ်သည် ပြိုင်ဘက်ကို ရှုံးနိမ့်ခဲ့သောကြောင့် ပြိုင်ပွဲမှ ဆောလျင်စွာ ထွက်ခွာခဲ့ရပြီး ဖြစ်သည်။



## အင့်ဂ်ကို ဝက်စ်ဟမ်း ခေါ်ယူ

ဝက်စ်ဟမ်းအသင်းသည် အက်စ်တွန်ဗီလာအသင်းမှ ဒန်နီအင့်ဂ်ကို ပေါင် ၁၅ သန်းဖြင့် ခေါ်ယူလိုက်ပြီဖြစ်ပြီး ဗီလာအသင်းကို ကနဦး ၁၂ သန်းသာ ပေးချေခဲ့ရသည်ဟု ဆိုသည်။

၎င်းသည် ဝက်စ်ဟမ်းအသင်းနှင့် ၂၀၂၅ ခုနှစ်အထိရှိမည့် စာချုပ်ကို ချုပ်ဆိုခဲ့သည်။ အင့်ဂ်သည် ကမ္ဘာ့ဖလားပြိုင်ပွဲ ပြီးကတည်းက ဗီလာအသင်း၌ ကစားထားရခြင်း မရှိသေးကြောင်း သိရသည်။ လက်ရှိတွင် မိုယက်စ်၏ ဝက်စ်ဟမ်းအသင်းသည် ပရီမီယာလိဂ်တွင် ၁၉ ပွဲကစားပြီး ရမှတ် ၁၅ မှတ်သာ ရရှိထားသည်။

## နိုနီကို ချယ်ဆီး ခေါ်ယူ

ပီအက်စ်ဗွီအသင်းမှ အင်္ဂလန် ယူ-၂၁ တောင်ပံကစားသမား နိုနီကို ပေါင် ၃၀ ဒသမ ၇ သန်းဝန်းကျင်ဖြင့် ချယ်ဆီးအသင်းက အပြီးသတ်ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သိရသည်။

အသက် ၂၀ အရွယ် အဆိုပါ တောင်ပံကစားသမားသည် စတန်းဖို့ဒ်ဘရစ်၌ ခုနစ်နှစ်ခွဲစာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့သည်။ ၎င်းသည် အသက် ၁၆ နှစ်အရွယ် ၂၀၁၈ ခုနှစ်တွင် စပါးမှ ပီအက်စ်ဗွီအသင်းသို့ ပြောင်းရွှေ့ခဲ့သူ ဖြစ်သည်။ ၎င်းသည် ပီအက်စ်ဗွီအသင်းအတွက် ၇၇ ပွဲ ပါဝင်ကစားထားပြီး ၂၁ ဂိုး သွင်းယူပေးထားနိုင်သည်။



### သတင်းတိုများ

- ဘာစီလိုနာအသင်းမှ တိုက်စစ်ကစားသမား ဒီပေးကို ကနဦး ပြောင်းရွှေ့ကြေး ပေါင် ၂ ဒသမ ၆ သန်းဖြင့် အက်သလက်တီကို မက်ဒရစ်က ခေါ်ယူလိုက်ပြီဖြစ်သည်။
- ဘရိုက်တန်မှ ဘယ်လ်ဂျီယံ တိုက်စစ်ကစားသမား ထရိုဆတ်ကို ပေါင် ၂၁ သန်းဖြင့် အာဆင်နယ်အသင်း ခေါ်ယူလိုက်သည်။
- ကိုပင်ဟောဂင် ခံစစ်ကစားသမား ခရစ်တိန်ဆန်ကို ပေါင် ၁၇ သန်းဖြင့် လက်စတာအသင်း ခေါ်ယူလိုက်ပြီ ဖြစ်သည်။

**အောင်ဇော် - စုစည်းသည်**

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) ဝါးခယ်မမြို့ မရမ်းချောင်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်မြစ်တွင်းသွား ဆေးရုံ ရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ယနေ့တွင် ဝါးခယ်မမြို့နယ် မရမ်းချောင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၂၉၉၃ ဦးအား ၎င်းကျေးရွာ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက် ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၈၇၄ ဦး၊ ခွဲစိတ်ရောဂါ ၂၅၀၊ သားဖွား/ မီးယပ်ရောဂါ ၁၁၄ ဦး၊ ကလေးရောဂါ ၁၄၇ ဦး၊ အရိုးရောဂါ ၆၁၆ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၂၈ ဦး၊ မျက်စိရောဂါ ၃၉၁ ဦးနှင့် သွားရောဂါ ၃၇၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ ၈၉ ဦးနှင့် မျက်စိခွဲစိတ်လူနာ ၂၅ ဦးတို့ကို ခွဲစိတ်ကုသပေးခြင်းများဆောင်ရွက်ပေးပြီး ဓာတ်မှန်ရိုက်လူနာ ၆၈ ဦး၊ တယ်လီဗေးရှင်း ဓာတ်မှန်ရိုက်လူနာ ၂၁၂ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၄၃၁ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၅၆ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်



လူနာများအား ရန်ကုန်မြို့ရှိ တပ်မတော်ဆေးရုံနှင့် ပုသိမ်မြို့ရှိ နယ်မြေခံ ဆေးတပ်ရင်းသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အနောက်တောင် တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ခင်ဇော်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၃၅)၊လူနေရပ်ကွက်အမှတ်(–)၊ဟံသာဝတီလမ်း၊မြေကွက်အမှတ်(၆၀၉)၊အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိဦးလှဌေး(၈/မလန(နိုင်)၀၀၈၈၀၄)အမည်ပေါက်မြေရျပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်ကြည်ကြည်အေး(၁၂/ဒဂဆ(နိုင်)၀၁၃၅၇၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်ဝင်းဝင်းဖြိုး
LL.B, D.B.L, D.I.L,U.F.L(Eng;)
အထက်တန်းရှေ့နေ(စဉ်–၃၇၈၂၄)

ဦးဇော်မျိုးနိုင်
LL.B,D.B.L,
အထက်တန်းရှေ့နေ (စဉ်–၄၅၆၅၃)

ဖုန်း– ၀၉၂၅၀၂၉၀၇၈၁ ၊ ၀၉၄၂၁၁၂၀၃၄၇



**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် BGO/15306 ယာဉ်လက်ဝယ်ရှိသူ ဦးစိန်ထွန်း ၇/သနပ(နိုင်)၀၃၄၅၅၀ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)



**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 58W/5645 ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်လင်းကိုကို ၇/သနပ(နိုင်)၁၀၇၇၆၉ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)


# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇန်နဝါရီ ၂၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ဒေသခံပြည်သူ ၇၉၉၆ ဦးကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်–၁၉ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ကျောင်းသား ကျောင်းသူ ၁၆၀၀၄ ဦးကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**


**တစ်ဦးတည်းဖြစ်ပါကြောင်း**

ခလရ(၇၁) တပ်ရင်းမှ တပ်ကြပ် အောင်ဇော်လင်း ၏ ဇနီး ဒေါ်မခိုင် နှင့် ဒေါ်မိခိုင် ၉/ကပတ(နိုင်) ၁၈၆၆၅၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်မခိုင်(ခ)ဒေါ်မိခိုင်



**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် GG/3417 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)


**သွေးသည် အသက်**

# သဃ်န်းကျွန်းမြို့နယ်၌ လျှပ်စစ်ဗို့အားပြည့်ဝစွာရရှိရေး ဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၂၁**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ အများပြည်သူများ လျှပ်စစ်အန္တရာယ်မှ ကင်းရှင်းရေး၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းရေးနှင့် ဗို့အားပြည့်ဝစွာရရှိရေးတို့အတွက် ဇန်နဝါရီ ၂၁ ရက် နံနက် ၉ နာရီက သဃ်န်းကျွန်းမြို့နယ် လျှပ်စစ်မန်နေဂျာဦးစီး၍ ဝန်ထမ်းများသည် ဝေဇယန္တာလမ်း သုဝဏ္ဏအမျိုးသားအားကစားရုံရှေ့မှ ဝေဇယန္တာလမ်းမတစ်လျှောက်ရှိ ဓာတ်အားလိုင်းမီးတိုင်းများရှိ မီးသီးအဟောင်းများနေရာ၌ တာရှည်ခံ အလင်းအားကောင်းသော မီးလုံး၊ မီးသီးအသစ်တို့ဖြင့် အစားထိုးလဲလှယ်တပ်ဆင်ပေးခဲ့ကြသည်။

ဆက်လက်၍ သုဝဏ္ဏကမာကြည်လမ်းမတစ်လျှောက်၊ တောင်ထိပ်ပန်းလမ်းမတစ်လျှောက်၊ ကျိုက္ကစံဘုရားလမ်းနှင့် ဦးဘဟန်လမ်းမတို့၌လည်း ဓာတ်အားလိုင်းမီးတိုင်များရှိမီးသီးအကျွမ်း၊ အဟောင်းနေရာတို့၌ တာရှည်ခံနှင့် မီးအလင်းအားကောင်းသော မီးသီး၊ မီးလုံးအသစ်တို့ဖြင့် အစားထိုးလဲလှယ် တပ်ဆင်ပေးခဲ့ကြသည်ဟု သိရသည်။

၂၀၁



# ရွှေညောင်မြို့၌ မီတာများစစ်ဆေးခြင်း ဓာတ်အားလိုင်းများထိန်းသိမ်းပြုပြင်ခြင်းဆောင်ရွက်

**တောင်ကြီး ဇန်နဝါရီ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရွှေညောင်မြို့ လျှပ်စစ်အင်ဂျင်နီယာရုံး၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဦးစီးသော ဝန်ထမ်းများသည် မီတာများစစ်ဆေးခြင်း၊ ဓာတ်အားလိုင်းများထိန်းသိမ်းပြုပြင်ခြင်း၊ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၂၀ ရက်က စတင်ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများအား ဓာတ်အားပျောက်ဆုံးမှုလျော့နည်းစေရေး၊ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး၊ ဝန်အားပြည့်ဝစွာ အသုံးပြုနိုင်ရေး၊ စဉ်ဆက်မပြတ်ဓာတ်အားရရှိရေးနှင့် တရားမဝင် ဓာတ်အားသုံးစွဲမှု မရှိစေရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် လစဉ်ကွင်းဆင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ဘီ**



# ရေဖြူမြို့နယ်၌ ကျေးရွာချင်းဆက် မြေသားလမ်း ၄/၆ မိုင်ဖောက်လုပ်ခြင်း ၇၀ ရာခိုင်နှုန်းကျော် ပြီးစီး

**ထားဝယ် ဇန်နဝါရီ ၂၁**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ဒေသဖွံ့ဖြိုးတိုးတတ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်



ရှိရာ တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် သဲချောင်းကျေးရွာအုပ်စု ကင်းတောင် (ကူးတို့တော) ပသျှူးရေကျေးရွာ ချင်းဆက် မြေသားလမ်း ၄/၆ မိုင် ဖောက်လုပ်ခြင်းလုပ်ငန်း ၇၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးဖြစ်သည်။

အဆိုပါ ကင်းတောင်(ကူးတို့တော)ပသျှူးရေ ကျေးရွာချင်းဆက် မြေသားလမ်း ၄/၆ မိုင် ဖောက်လုပ်ခြင်း လုပ်ငန်းကို ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် သန်း ၂၂၉ ဒသမ ၃၉၀ ဖြင့် ချိုးခေါနူးကုမ္ပဏီမှ တင်ဒါအောင်မြင်ပြီး ၂၀၂၂ ခုနှစ် ဇွန်လတွင် လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ လမ်းပေါ်ရှိ ၅ ပေ Box Culvert လေးစင်း တည်ဆောက်ခြင်းလုပ်ငန်းများ ၇၀ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

## တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့
## တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(ထားဝယ်)
## နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ (ဖြည့်စွက်)ရန်ပုံငွေဖြင့် အောက်ဖော်ပြပါ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအား ဘဏ္ဍာရေးနှစ်ကာလအတွင်း အချိန်မှီ ပြီးစီးရန်အလို့ငှာ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်အတွင်းရှိ တံတားလုပ်ငန်းများ**

ရေဖြူမြို့နယ်၊ ကျွဲသုံးညီမကျေးရွာ အုပ်စု၊ ကျွဲသုံးညီမချောင်းကူးသံကူကွန်ကရစ်တံတား (၂၅၀)ပေ တည်ဆောက်ခြင်းလုပ်ငန်း၏ ကျန်ရှိသော အပြီးသတ်(၃၄%)

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာ ပုံစံနှင့် စည်းကမ်းချက်များကို ၂၄-၁-၂၀၂၃ရက်မှ စတင်၍ ရောင်းချမည်ဖြစ်ပြီး ၆-၂-၂၀၂၃ ရက် ညနေ ၁၆:၃၀နာရီတွင် နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါလျှောက်လွှာများအား ပြန်လည်တင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါ ပုံစံများရောင်းချမည့်လိပ်စာနှင့် တင်သွင်းရမည့် လိပ်စာမှာ တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ဆိပ်ကမ်းသာလမ်း၊ ထားဝယ်မြို့၊ ဖုန်း-၀၅၉-၂၀၂၂၁၂၆၊ ၀၉-၈၉၉၃၁၃၈၃၆၉၊ ၀၉- ၂၅၄၃၀၃၀၁၈ ဖြစ်ပြီး အသေး စိတ် သိရှိလိုပါက ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၄။ တင်ဒါဖွင့်မည့်ရက်အား သီးခြားထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့**

## ဖခင်အမည်မှန်

လယ်ဝေးမြို့၊ အထက ခွဲစံ၀ါအောင်း Grade-10(B) မှ မဖြူဖြူလွင် ၏ ဖခင်အမည်မှန်မှာ ဦးငြိမ်းလွင် ၉/လဝန(နိုင်) ၂၂၄၇၇၁ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

လယ်ဝေးမြို့၊ အထက ခွဲစံ၀ါအောင်း Grade-10 (B) မှ မစုစုသင်း၏ ဖခင်အမည်မှန်မှာ ဦးကိုမွေး ၉/လဝန(နိုင်) ၁၆၂၄၈၇ ဖြစ်ပါကြောင်း။

## အများသိစေရန်ကြေညာခြင်း

ရွှေမြန်မာသစ္စာအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းဌေးအောင်(ဘ)ဦးခင်မောင်သက် ၈/ပဖန(နိုင်)၀၂၃၂၆၄ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်၊ ကျောင်းစုကျေး ရွာနေထိုင်သူမှ လွှဲအပ်ညွှန်ကြားသည်မှာ အထက်ပါ ကုမ္ပဏီသည် တောင်သူလယ်သမားများအား ချေးငွေထုတ်ချေးသည့် လုပ်ငန်းဖြစ်ပြီး ကျွန်ုပ်၏ မိတ်ဆွေမှ ၁၀-၁၁-၂၀၂၂ရက်တွင် ငွေကြေးအရှုပ်အရှင်းများ၊ စာရင်းဇယား ကိစ္စအဝဝအားရှင်းလင်းခဲ့ပြီး တရားဝင်နုတ်ထွက်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ နုတ်ထွက်သည့်ရက်မှစ၍ ထိုကုမ္ပဏီနှင့် လုံးဝမသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နော်မို့မို့ထွန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၄၉၁/၂၀၁၃)**
**(LL.B,D.B.L,D.I.L,D.I.R)**
**ဖုန်း-၀၉-၇၈၃၉၄၆၇၆၊ ၀၉-၄၀၈၈၈၄၃၇၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃)၊ ကောလိယ ၂၆လမ်း၊ တိုက်အမှတ် (၁၉၄)၊ မြေပေအကျယ်ပေ (၄၀x၆၀)ရှိ မြေပေါ်တွင် ဆောက်လုပ်ထားသော (၃)ခန်းတွဲ ၃(၁/၂)ထပ် RC အဆောက်အအုံမှ ပထမထပ်(၃-လွှာ/C)၊ (ထောင့်ခန်း)အကျယ်အဝန်း(၁၂ ၁/၂ x ၅၄) ပေ၊ အမြင့် (၉)ပေရှိ တိုက်ခန်းနှင့် တိုက်ခန်းတွင် အခိုင်အမာတွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများအားလုံးအပါအဝင် ၎င်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်တင်လှလှ ၁၂/ဥကတ(နိုင်)၁၀၁၀၉၂ က မိမိသာတရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောဆိုသဖြင့် အထက်ပါတိုက်ခန်းအား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စိုးသိမ်း ၁၂/ဥကတ (နိုင်)၀၅၀၂၇၅က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့်[ " အလင်္ကာ" Law Firm]**
**LL.B,D.B.L, D.M.L, D.I.L(W.I.P.O- Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၉၉၃၉)**
**အမှတ် ၅၂၅/ခ၊ မင်းရဲကျော်စွာ ၄လမ်း၊**
**(၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ ၂၂)
### အောင်မြေသာစံခရိုင်တရားရုံး
### ၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ် ၆၇၁ နှင့် ဆက်နွယ်သည့် ၂၀၂၂ ခုနှစ်၊ တရားမဇာရီမှု အမှတ် - ၁၃၄

ရောဝတီဘဏ် လီမိတက် **နှင့်** ၁။ ဦးလွင်ဦး
[၎င်း၏ ကိုယ်စား မန္တလေးဘဏ်ခွဲ(၂) ၂။ ဒေါ်သင်းသင်းခိုင်
မန်နေဂျာ ဒေါ်မေသက်ခိုင်ဝင်း
(အတူနေလင်မယား)
**တရားနိုင် တရားရှုံး**

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရေထွက်ကျေးရွာ၊ အကွက်(၅၀၂)၊ ဦးပိုင်(၈/၁၁၉+၂၄/၁၁၈)၊ ရတနာမိုး သစ်ခွဲစက်နှင့် သစ်ရောင်းဝယ်ရေးလုပ်ငန်းနေ တရားရှုံး ဦးလွင်ဦးနှင့် ဒေါ်သင်းသင်းခိုင်(အတူနေလင်မယား)(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် -၆၇၁ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ရောဝတီဘဏ် လီမိတက် (၎င်း၏ကိုယ်စား မန္တလေးဘဏ်ခွဲ(၂) မန်နေဂျာ ဒေါ်မေသက်ခိုင်ဝင်း)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်ဆင့်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့် ဖြစ်စေ၊ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၆ရက်(၁၃၈၄ ခုနှစ် တပို့တွဲလပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော်စွာလင်း)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**အောင်မြေသာစံခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့၊ မင်းကုန်းရပ်ကွက်၊ အကွက်အမှတ် (၁၀)တွင်ရှိသော ဦးပိုင်အမှတ် ၁၉၁၊ မြေရေိယာ ၀ဒသမ၁၁၄ဧကရှိ ဦးမောင်စိန် အမည်ပေါက် ဂရန်ပိုင်မြေကွက်အား ၎င်း၏သားဖြစ်သူ ဦးကျော်မှ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး ၎င်းထံမှ အရောင်းအဝယ်စာချုပ်စာတမ်း မှတ်ပုံတင်အမှတ် (၁/၂၀၀၈)ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမြင့်ဦး (ဘ)ဦးကျင်မောင် ၉/မသန(နိုင်)၀၀၃၅၄၂ အမည်ဖြင့် မြေငှားဂရန်လျှောက်ထားမည်ဖြစ်၍ ဤကြော်ငြာပါသည့်ရက် မှ ၁၄ ရက်အတွင်း ကျောက်ဆည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက မြေငှားဂရန်ဆောင်ရွက်ခြင်းလုပ်ငန်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးမြင့်ဦး ၉/မသန(နိုင်)၀၀၃၅၄၂၊ မင်းကုန်းရပ်၊ မြစ်သားမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၆၅၁၈၆ ယာဉ်လက်ဝယ်ရှိသူ ဦးဖွဲသက်ပိုင်စိုး ၁၀/မဒန(နိုင်)၂၂၅၀၅၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W / 15745 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်ကြည်သန်း ၉/ကဆန(နိုင်) ၁၈၆၈၅၀က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ကျောက်ဆည်)**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဂ)ရပ်ကွက်၊ ခေမာသီလမ်း၊ အမှတ်-၄၉၁တွင် နေထိုင်သော ဒေါ်ယဉ်ယဉ်ဦး(ဘ)ဦးပါငယ် ၁၂/ဥကမ(နိုင်)၀၃၁၇၄၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေသည် ICHIBAN JAPANESE LANGUAGE CENTRE အမည်ဖြင့် ဂျပန်စာသင်တန်းကျောင်း အား ဖွင့်လှစ်သင်ကြားလျက်ရှိပါသည်။ အဆိုပါလုပ်ငန်းအား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၁-၁၂-၂၀၂၂ ရက်စွဲပါ မှတ်ပုံတင်စာချုပ်အမှတ် (၄/၉၈၅၀/၂၀၂၂)ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။ မှတ်ပုံတင်ပြီးသည့်အချိန်မှစ၍သော်လည်း ကောင်း၊ မှတ်ပုံမတင်မီအချိန်ကာလများကသော်လည်းကောင်း၊ ကျွန်ုပ်မိတ်ဆွေ၏ ICHIBAN ဂျပန်စာသင်တန်းကျောင်း၌ သင်ကြားပို့ချခဲ့သော အွန်လိုင်းသင်ကြားရေး၊ VIDEO ဖိုင်များ၊ CD၊ VCD၊ HD အခွေများ၊ SD ကတ်၊ Memory Stick၊ Video Link များ၊ ထုတ်လွှင့်ခဲ့သော အွန်လိုင်းသင်ကြားရေး VIDEO ဖိုင်များ၊ ရိုက်နှိပ်ထားသော စာအုပ်များ၊ စာရွက်စာတမ်းမှတ်စုများ၊ သင်ကြားရေးနည်းစနစ်များအား ကျွန်ုပ်မိတ်ဆွေ၏ခွင့်ပြုသဘောတူညီချက်တစ်စုံတစ်ရာပါရှိခြင်းမရှိဘဲ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှား၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ တုပမှိုငြမ်းပြုလုပ်၍ Social Network တွင် နည်းအမျိုးမျိုးဖြင့် ဖြန့်ဝေအသုံးပြုခြင်း၊ ကျွန်ုပ်မိတ်ဆွေတည်ထောင်ဖွင့်လှစ်ထားသော ICHIBAN JAPANESE LANGUAGE CENTRE အားလည်းကောင်း၊ ကျွန်ုပ်မိတ်ဆွေနှင့် သင်တန်းနည်းပြဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား Social Media ၌ဖြစ်စေ၊ အခြားနည်းလမ်းအမျိုးမျိုးသုံးစွဲခြင်းဖြင့်ဖြစ်စေ၊ မဟုတ်မမှန်သွားပုတ်လေလွင့်ပြောဆိုခြင်း၊ သင်တန်းကျောင်း၏ ဂုဏ်သိက္ခာ၊ အကျိုးစီးပွား၊ ထင်ပေါ်ကျော်ကြားမှုများအား ထိခိုက်နစ်နာပျက်စီးအောင် ပြုလုပ်သည့်မည်သူ့ကိုမဆို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်စိုးဝင်း** **ဒေါ်ထက်ထက်လွင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၄၅၃)** **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၀၁၃)**
**အမှတ် (၁၃၃)၊ အခန်း (၄၀၅)၊ စက်ရုံလမ်း၊ လမင်းသာယာကွန်ဒို၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၄၁၆၇၃၅**

## ဝမ်းမြောက်ဂုဏ်ယူကြောင်း

ရှမ်း/မြောက်(လားရှိုး)၊ ရပ်ကွက် (၁၀)၊ နယ်မြေ (၇)၊ စွန်းလွန်းဝိပဿနာရိပ်သာကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဒေဝိန္ဒ(ဓမ္မာစရိယ)အရှင်သူမြတ်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၃ဖြင့် ၁၃၃၄စခုနှစ်၊ ပြာသိုလဆန်း ၁၄ရက်၊ ၄-၁-၂၀၂၃ရက် လွတ်လပ်ရေးနေ့တွင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ဆက်ကပ်ပူဇော်ခြင်းခံရ၍ ဆရာတော်၏ တပည့်ယောဂီ ဒါယကာ/ဒါယိကာမ အပေါင်းမှ ဝမ်းမြောက်ဂုဏ်ယူပီတိဖြစ်မိပါကြောင်း။

ဆရာတော် သက်တော်ရာကျော်ရှည်၍
ခန္ဓာ့ဝန် သာသနာ့ဝန်ကို
လွယ်ကူစွာ ဆောင်ရွက်နိုင်ပြီး
ဆတက်ထမ်းပိုးသာသနာပြုနိုင်ပါစေ ဘုရား

**အလှူရှင်**
**ဒေါ်ကြည်ကြည်ဝင်း မိသားစု**
**ဒေါ်အုံးကြည် မိသားစု**
**ဦးကျော်ဝင်း-ဒေါ်စန်းစန်းဝင်း မိသားစု**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ် ၃/ပဒေသာ၊ ဦးပိုင်အမှတ်(၂၉+၃၀)၊မြေကွက်အမှတ်(၃/၂၅၊ ၂၆)မြေရေိယာ ၀ဒသမ ၁၁၀ ဧကရှိ မြေကွက်အား မြေငှားဂရန် (ဂရန်သစ်)လျှောက်ထားနိုင်ရေး ဦးမြင့်သိန်းခိုင် ၁၂/မဂဒ(နိုင်)၀၁၁၆၆၆ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ လူနေရပ်ကွက်အမှတ် -၃၊ မြေကွက်အမှတ် ၁၉၉(၄၀x ၆၀) ပေ၊ ၂၄၀၀ စတုရန်းပေ၊ ဧရိယာ ၀ဒသမ ၀၅၅ ဧက အကျယ်အဝန်းရှိ နှစ်(၆၀) ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဥပဒေရေးရာ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အပြီးအပိုင် ဝယ်ယူရန် မြေအမည်ပေါက် ပိုင်ရှင် ဦးသန်းဝင်း(ဘ)ဦးကြီးစိန် ၁၂/ဒဂမ(နိုင်)၀၀၂၄၅၇(B/RGN-022820)၏ အထူးကိုယ်စားလှယ်စာရရှိသူ ဦးဝင်းရွှေ(ဘ)ဦးမင်ကျိန်ခင် ၉/မဟမ(နိုင်)၀၈၆၃၈၇ ထံသို့ စရန်ငွေ ငွေပေးချေပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်နေ့တိုင် ကန့်ကွက်သူမရှိပါက ကျန်ရောင်းဖိုးငွေများပေးချေလျက် အရောင်းအဝယ် ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထက်ထက်လှိုင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၇၄၇)**
**အမှတ် ၂၂၂/ခ၊ အောင်သုခလမ်း၊ တ/၁၅ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၀၅၂၄၉၄၃၊ ၀၉-၇၇၆၄၅၄၉၁၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၆)၊ မြေကွက်အမှတ် (၁၁၅၃)၊ အကျယ်အဝန်းပေ (၄၀x၆၀)ရှိ ဦးတင်ဝင်း အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးမိုးဟိန်း ၉/မကန(နိုင်)၁၀၇၂၇၇ထံ မှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်ဇာမော် ၁၂/မဂတ(နိုင်)၁၂၂၅၆၁က ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်တင်ဇာမော်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမြမွန် (LL.B, LL.M)**
**အထက်တန်းရှေ့နေ (စဉ်-၃၄၆၇၉)**
**အမှတ် (၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၅၆၈၃၃၇၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၆)၊ လော်ကားလမ်း၊ မြေကွက်အမှတ်(၁၁၉၈)၊အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ ဦးခင်မောင်အေး အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးအောင်ဇော်မင်း ၁၄/အမန (နိုင်) ၁၇၀၀၃၆ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နီနီဝင်း ၁၂/ပဇတ(နိုင်)၀၁၅၄၃၂က ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ဒေါ်နီနီဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမြမွန် (LL.B, LL.M)**
**အထက်တန်းရှေ့နေ(စဉ်-၃၄၆၇၉)**
**အမှတ် ၆၊၄လွှာ(ယာ)၊၁၂၃လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၉၅၆၈၃၃၇၈**

## မွေးသက္ကရာဇ်အမှန်

မြစ်ကြီးနား မြို့မရဲစခန်းနေ (ဘ)ဦးဇော်မင်း၏ သမီး မမေဇင်သွန်း ၁၂/အစန(နိုင်) ၂၆၀၄၇၆၏ မွေးသက္ကရာဇ် အမှန်မှာ (၂၈-၅-၂၀၀၅) ဖြစ်ပါသည်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5P/8254 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ကညန(နေပြည်တော်ရုံး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/58935, Honda C 90,Custom CM ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်သိန်း ၉/မနတ(နိုင်)၀၈၈၃၂၈ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/37491, CANDA – 110 ယာဉ်လက်ဝယ်ရှိသူ ဦးရဲထက်အောင် ၉/ဇယသ(နိုင်) ၀၁၃၉၁၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(နေပြည်တော်ရုံး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၅၁၄၄, Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနောင်ဦး ၇/ညလပ(နိုင်)၁၃၄၇၅၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1M/9834, NISSAN CABSTER SF4F23, Light Truck (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းလွင်ဦး ၈/ပကခ(နိုင်)၁၃၂၇၃၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## လျှပ်စစ်ခါတ်အား ဖြန့်ဖြူးရေးလုပ်ငန်း စစ်ကိုင်းတိုင်းဒေသကြီး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီး အစိုးရအထွေထွေ ပိုလျှံရန်ပုံငွေဖြင့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံဆက်စပ်ပစ္စည်းများ ဝယ်ယူခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် - ၂၃-၁-၂၀၂၃ရက် မှ ၆-၂-၂၀၂၃ရက်အထိ

၃။ တင်ဒါတင်သွင်းရမည့်ရက် - ၆-၂-၂၀၂၃ရက်၊ ၉နာရီ မှ ညနေ ၄နာရီ

၄။ တင်ဒါတင်သွင်းရမည့် နေရာ - တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၊ မုံရွာမြို့

၅။ တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များအား အောက်ပါ လိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်-

**တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး**
**ရုံးကြီးလမ်း၊ရုံးကြီးရပ်ကွက်၊ မုံရွာမြို့၊**
**ဖုန်းနံပါတ်-၀၇၁-၂၂၈၁၇/၀၉-၂၅၉၀၇၀၂၂၃**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မြင့်မောင် ၅/မကန(နိုင်)၀၁၃၇၄၃၊ သင်္ဘောသား လုပ်သက်မှတ်တမ်းစာအုပ် (မန်း ၂၀၀၉/ ၂၃၇) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၇၄၄၄၂၉၃**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ကြည်ဝင်း ၈/ရစက(နိုင်) ၁၅၉၂၅၀၊ သင်္ဘောသားလုပ်သက်မှတ်တမ်းစာအုပ် (မန်း ၂၀၀၉/၂၃၆) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၇၄၄၄၂၉၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/8185, Yamaha DT-125R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဝင်း ၁၁/ပတန(နိုင်)၀၄၁၂၀၈က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/40779, Honda C90 Custom, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကေသီအောင် ၉/ပကခ(နိုင်)၀၁၇၂၅၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ သီရိမင်္ဂလာလမ်းသွယ် (၈)၊ အိမ်အမှတ် (၁၀/B)ရှိ မခွဲမစိတ်ရသေးသော မြေကွက်အနက်မှ (ခေါင်းရင်းခြမ်း) အလျား (၂၂/၂၄)ပေxအနံပေ ၁၀၀ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သီးပင်စားပင်အကျိုးခံစားခွင့်အရပ်ရပ်များ အားလုံးအား ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဒေါ်ခင်ခင်ညို ၁၂/အစန(နိုင်) ၁၂၂၄၀၁၃ပါ မောင်နှမ (၅)ဦးတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဤကြေညာပါသည့်ရက်မှ တစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုသတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဉာဏ်လင်းအောင် ၇/ပမန(နိုင်)၁၁၄၀၉၉၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**နော်ခက်ခက်နိုင် (LL.B) (စဥ်-၂၈၆၇၄)** — **ဒေါ်ရီလေးမော် (LL.B) (စဥ်-၁၄၇၀၇)**

**အထက်တန်းရှေ့နေ** — **တရားလွှတ်တော်ရှေ့နေ**

**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးကြီး၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၄၂၀၀၈၉၃၈၀**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၅) မြေကွက်အမှတ်(၃၃၉/က)၊ အကျယ်အဝန်း(၂၀ပေX ၆၀ပေ)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၃၃၉/က)၊ ရွှေနှင်းဆီ ၆လမ်း၊ (၂၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သည့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်များနှင့် စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်**

အထက်ဖော်ပြပါ ဦးလှဦး (စီဂျီ-၀၁၄၆၉၄)၁၂/တမန(နိုင်)၀၅၃၆၆၅ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်များအား အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင်လျက် ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ ဒေါ်နီနီလွင် ၁၂/ပဘတ(နိုင်)၀၁၀၀၅၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်ရန် အကြောင်းရှိပါက ဤကြော်ငြာပါပြီး ၁၄ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝင်းဝင်းထက်(LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၂၂၇၆)**
**အမှတ် ၄၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၀၁၁၅၇၆**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## မော်လမြိုင်ခရိုင်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၃၂

မစိုးစိုးမော် **နှင့်** ၁။ ဦးကြည်စိုး
၂။ ဒေါ်ကေသီအောင်

**တရားလို** **တရားပြိုင်များ**

မော်လမြိုင်မြို့၊ နောင်ခရီရပ်ကွက်၊ အောင်မင်္ဂလာ(၂)တိုးချဲ့၊ အမှတ်(၂၂၈) နေ ဦးကြည်စိုးနှင့် ဒေါ်ကေသီအောင်(ယခု နေရပ်လိပ်စာမသိ)သူများ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ချေးငွေကျပ်သိန်း ၄၅၀ ပြန်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ သို့တည်းမဟုတ် ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၆ ရက် (၁၃၈၄ ခုနှစ် တပို့တွဲ လပြည့်ကျော် ၂ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါတရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကေသီလှိုင်)
**တွဲဖက်ခရိုင်တရားသူကြီး**
**မော်လမြိုင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ် RA-III/ကွက်ပြင်၊ ဦးပိုင်အမှတ်(၆၄-ဍ)၊မြေဧရိယာ ၀ဒသမ ၂၂ ဧကရှိ မြေကွက်အား မြေငှားဂရန်(သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဒေါ်လှလှမြင့်(ခ)ဝေါင်ရင်ရှမ်း ၉/မနတ(နိုင်)၀၃၁၅၀၇ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာ အပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉/ပန်းခင်း၊ ဦးပိုင်/မြေကွက် အမှတ် (၂၁၄/၅၃)၊ ဧရိယာ ၀ဒသမ၀၅၅ ဧကရှိ မြေကွက်အား ဒေါ်ဇာခြည် ၁/မညန(နိုင်)၁၁၂၉၁၀မှ ပျဉ်းမနားမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ ထောက်ခံချက်၊ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကျမ်းကျိန်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး အဆောက်အအုံဆောက်လုပ်မိန့် တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူး ခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၈၈၀၀၆ ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းသင်းမာ ၇/ဝမန(နိုင်)၁၅၇၁၇၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5L/8857 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/30001, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင် ၁၄/ကလန(နိုင်)၀၁၈၈၆၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဖျာပုံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 48W/29650, STARSKY (Wave)125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မြင့်ထွန်း ၅/အရတ (နိုင်)၁၀၄၅၇၉က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## အလိမ္မာ စာမှာရှိ

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ် (၁၂/၈၊ စီတာပူတောင်)၊ ဦးပိုင်အမှတ်(၉)၊ မြေဧရိယာ ၀ဒသမ ၁၇၆ ဧကရှိ မြေကွက်အား ဦးအင်ခွမ်ယော်- ဒေါ်ထုဆမ် အမည်ဖြင့် မြေခွန်ပြေစာများ ပေးဆောင်လျက်ရှိပြီး မြေခွန်ပြေစာ အမည်ပေါက်သူ(၂)ဦး အနက် ဒေါ်ထုဆမ် တစ်ဦးတည်း အမည်ဖြင့် မြေငှားဂရန် ရရှိရေးလျှောက်ထားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လျှောက်ထားရာတွင် ခင်ပွန်းဖြစ်သူ မြေခွန်ပြေစာ အမည်ပေါက်တွင် ပါဝင်သူမှလည်း ကန့်ကွက်မှုမရှိ လုံးဝ သဘောတူသဖြင့် ဒေါ်ထုဆမ် အမည်ဖြင့် မြေငှားဂရန် ရရှိရေးအတွက် ၂၃-၁၁-၂၀၂၂ရက်စွဲပါ ကတိသစ္စာပြုလွှာအမှတ် (၆၄၃/၂၀၂၂)ကို ၂၈-၁၁-၂၀၂၂ရက်စွဲပါ ကတိသစ္စာပြုလွှာ မှတ်ပုံတင်အမှတ် (၅၂၆/၂၀၂၂) ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ဒေါ်သဥ္ဇာလွင်နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ ပြည်ဂါးဒင်းရုံးခန်းအဆောက်အအုံတွင် ဖွင့်လှစ်တည်ရှိသော ဇေကမ္ဘာကုမ္ပဏီလီမိတက်(ကန်တော်ကြီးရုံးခွဲ) ငွေစာရင်းအရာရှိချုပ် ဒေါ်ဇင်ရီအေး ၁၃/ကလန(နိုင်)၀၁၅၀၂၂၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်သဥ္ဇာလွင်နှင့် အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ရွှေတောင်တန်းလမ်း (အပေါ်ဘလောက်)၊ အမှတ် (၆၆)၊ (၇)လွှာနေ ဒေါ်သဥ္ဇာလွင်(ဘ)ဦးတိုးလွင် ၁၂/ဒပန(နိုင်)၀၄၆၁၄၀ သည် ဇေကမ္ဘာကုမ္ပဏီလီမိတက်(ကန်တော်ကြီးရုံးခွဲ)၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ ပြည်ဂါးဒင်းရုံးခန်းအဆောက်အအုံ၊ အခန်းအမှတ် (၁၀၀၅)၊ ငွေစာရင်းဌာနတွင် လက်ထောက်အထွေထွေ မန်နေဂျာရာထူးဖြင့် တာဝန်ထမ်းဆောင်စဉ် လွန်ခဲ့သည့် ၁၇-၁-၂၀၂၃ရက်၌ စာရင်းစစ်အဖွဲ့မှ ငွေစာရင်းဌာနအား ငွေစာရင်းနှင့် ငွေကြေးစစ်ဆေးမှုပြုလုပ်နေစဉ် စစ်ဆေးမှုမခံယူဘဲ တိမ်းရှောင်သွားခဲ့ပြီး ၎င်းကိုင်တွယ်ရသော လုပ်ငန်းများနှင့် စပ်လျဉ်း၍ ငွေစာရင်းနှင့် ငွေကြေးများကွာဟမှု ပေါ်ပေါက်နေသည်ကို စစ်ဆေးတွေ့ရှိရပါကြောင်း၊ ယင်းအတွက် စမ်းချောင်းမြို့မရဲစခန်းတွင် ဒေါ်သဥ္ဇာလွင်အား (ပ)၁၇/၂၀၂၃၊ ရာဇသတ်ကြီး ပုဒ်မ -၄၀၈ ဖြင့် ၂၀-၁-၂၀၂၃ရက်၌ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ဒေါ်သဥ္ဇာလွင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးတိုးမြင့် LL.B, D.B.L, WIPO (Switzerland)** — **ဒေါ်ပြည့်ဖြိုးခိုင် (LL.B, D.B.L, D.I.L)**

**(စဥ်-၆၂၀၁/၂၂-၅-၁၉၉၅)** — **(စဥ်-၄၁၈၄၄/၂၇-၅-၂၀၁၃)**

**တရားလွှတ်တော်ရှေ့နေ** — **အထက်တန်းရှေ့နေ**

**အမှတ် (၃၄)၊ ဒေးဗစ်ရွှေနုလမ်း၊ သမိုင်း (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၈၆၄၅၆၃၃၊ ၀၉-၄၂၀၀၇၈၈၈၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 49W/71954 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်ဇော် ၇/အတန(နိုင်) ၀၅၇၉၁၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/10982 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်ဇာမြင့် ၇/ဖမန(နိုင်)၁၇၂၃၉၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(တောင်ငူ)**

## အမည်ပြောင်း

အမ်းမြို့၊ အမှတ် (၅) ရပ်ကွက်နေ (ဘ)ဦးထွန်းမြင့်၏သား ဦးဟန်ဝင်းဇံ ၁၁/အမန(နိုင်)၀၄၄၅၄၃အား ဦးဟန်လင်းဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**ဦးဟန်လင်း**
**၁၁/အမန(နိုင်)၀၄၄၅၄၃**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3K/3973 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၆ယ/၆၉၇၀၀, Rack Z 125 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းဦး ၉/မရမ(နိုင်)၀၀၃၃၂၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## သားအဖြစ်မှ အပြီးအပိုင်အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဂျိုးဖြူအုပ်စု၊ သရက်ကုန်းကျေးရွာ၊ အမှတ်-၁၃၂ တွင်နေထိုင်သူ ကျွန်ုပ်၏မိတ်ဆွေဒေါ်မြင့်ကြည်(ခ)ဒေါ်မြင့်ဌေးနှင့် ဦးမြသန်းတို့မှ မွေးဖွားသူ ဦးဇင်မျိုးဦး ၇/မညန(နိုင်)၀၅၅၆၁၂ သည် အရက်သေစာသောက်စားပြီး မကြာခဏ ဆဲဆိုကြိမ်းမောင်းခြင်း၊ မိခင်ကိုရန်သူသဖွယ် ဆက်ဆံခြင်းတို့ကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေပုဒ်မ-၆၁(ခ)အရ တိုက်ကြီးမြို့နယ် တရားရုံးက ရာဇဝတ်ကြီးမှုအမှတ်-၅၃/၂၃ဖြင့် (၁၆-၁-၂၀၂၃)ရက်တွင် ပြစ်ဒဏ်ချမှတ်ခဲ့ပါသည်။ သို့ဖြစ်၍ မိခင်ရင်းအား ရန်သူသဖွယ် ပြုမူဆက်ဆံသည့် သွာနုတ္တသားဖြစ်သူ ဦးဇင်မျိုးဦးကို သားအဖြစ်မှ အပြီးအပိုင်အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း၊ ၎င်းနှင့်ပတ်သက်သည့် လူမှုရေး၊ စီးပွားရေးကိစ္စအဝဝကို မိခင်ဒေါ်မြင့်ကြည်(ခ)ဒေါ်မြင့်ဌေးက လုံးဝဆောင်ရွက်ပေးမည် မဟုတ်တော့ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်မြင့်ကြည်(ခ)ဒေါ်မြင့်ဌေး၏ညွှန်ကြားချက်ဖြင့်-**
**ဒေါ်မင်းမင်းစိုး(LL.B) (စဥ်-၁၂၅၅၃)**
**ဒေါ်သဇင်အေး (LL.B) (စဥ်-၁၅၇၅၇)**
**တရားလွှတ်တော်ရှေ့နေများ**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/53359, Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းဦး ၉/မရမ(နိုင်)၀၀၃၃၂၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေရေိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးကျော်စိုးနိုင် ၁၄/ပတန(နိုင်)၁၀၆၀၂၁ (ဘ) ဦးပိုက် အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၃၂၉၆၄) ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၂၀၃/၂၀၂၂(၂-၆-၂၀၂၂) ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးတင့်လွင် ၇/ပတန(နိုင်)၀၆၅၇၂၃ (ဘ) ဦးချမ်းငြိမ်း မှ ဦးအောင်ကျော်ဇော်ဦး ၁၃/လရန(နိုင်)၀၉၃၅၇၅ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ပြင်ဦးလွင်မြို့နယ်စုပေါင်းရုံးဝန်ထမ်းအိမ်ရာ၊ အမှတ်(၁၃)နေ ဒေါ်ရွှန်းလဲ့ရည်(ခ)ဝေဝေလွင် ၁/မကန(နိုင်)၁၂၂၃၉၃ မှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ်(၄/ရွှေကြာပင်၊) မြေကွက်အမှတ်(၂၅၃၆)။ မြေရေိယာ ၀ ဒသမ ၀၈၂ ဧက၊ မြေကွက်တည်နေရာအမှတ်(၂၅၃၆)၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့တွင် တည်ရှိသော မြေကွက်အား နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ စီမံခန့်ခွဲရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၏ ၁၈-၁၁-၂၀၁၄ ရက်စွဲပါစာအမှတ်-၄၂၅/၁၈-၁/နပတ(မြို့/မြေ) နေပြည်တော်စည်ပင်သာယာရေးကော်မတီ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ်(၂၉/၂၀၁၄)ဖြင့် ဦးချင်းဖာ(ခ)မောင်ညီဆန်း(ဘ) ဦးအိုင်အောင် ၁၃/တယန(နိုင်)၀၄၃၂၈၀ မှ အမည်ပေါက် ပိုင်ရှင် ဖြစ်ပါသည်။

အဆိုပါအမည်ပေါက်သူ ဦးချင်းဖာ(ခ)မောင်ညီဆန်းထံမှ ဒေါ်ရွှန်းလဲ့ရည်(ခ)ဝေဝေလွင်သည် အပြီးအပိုင် လွှဲပြောင်းရောင်းချခြင်းကတိစာချုပ်နှင့်အတူ ဦးချင်းဖာ(ခ)မောင်ညီဆန်းမှအပြီးအပိုင်လွှဲပြောင်းရောင်းချထားသော ၂၈- ၂-၂၀၂၂ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်(၆၉၀/၂၀၂၂)ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လက်ရှိလက်ရောက်ရယူ နေထိုင်ပိုင်ဆိုင်လျက်ရှိပါသည်။ ဦးချင်းဖာ(ခ)မောင်ညီဆန်း အမည်ပေါက်သော အထက်အဆိုပါမြေကွက်၏ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ထုတ်ပေးထားသော စာရွက်စာတမ်းမူရင်းမှာ ပျောက်ဆုံးနေပါသည်။ အထက်ပါမြေကွက်နှင့်ပတ်သက်ပြီး စာရွက်စာတမ်းမူရင်းများအား တွေ့ရှိပါက ပိုင်ရှင်ဖြစ်သူ ကျွန်ုပ် ဒေါ်ရွှန်းလဲ့ရည်(ခ)ဝေဝေလွင်ထံသို့ ပြန်လည်အပ်နှံပေးပါရန်နှင့် မရိုးမဖြောင့်သောသဘောဖြင့် လက်ဝယ်ထားရှိပါက ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရွှန်းလဲ့ရည်(ခ)ဝေဝေလွင် ၁/မကန(နိုင်)၁၂၂၃၉၃**
**အမှတ်(၁၃)၊ ပြင်ဦးလွင်မြို့နယ်၊ စုပေါင်းရုံးဝန်ထမ်းအိမ်ရာ၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၉-၂၄၀၁၁၁၅**

## ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၂)၊ ရေချမ်းအိုးအရှေ့၊ ကွင်းအမှတ်(၆၈၁/ဂ) ၊ ဦးပိုင်အမှတ်(N-၄၀)၊ အကွက်အမှတ်(B-6)၊ အကျယ်အဝန်း ပေ(၄၀x၆၀)ရှိ ခြံမြေကွက်အား "နှစ်ဦးသဘောတူ ခြံမြေအပြီးအပိုင်လွှဲပြောင်းရောင်းချခြင်းငွေချေကတိစာချုပ်"ဖြင့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၂)၊ ရေချမ်းအိုးအရှေ့၊ ကွင်းအမှတ်(၆၈၁/ဂ)ဦးပိုင်အမှတ် (N - ၄၀)၊ အကွက်အမှတ်(A-6)၊ အကျယ်အဝန်းပေ(၄၀x၆၀)ရှိ ခြံမြေကွက်အား "နှစ်ဦးသဘောတူ ခြံမြေအပြီးအပိုင်လွှဲပြောင်းရောင်းချခြင်း ငွေချေကတိစာချုပ်ဖြင့် ၂၀၁၇ခုနှစ် စက်တင်ဘာ ၁၂ရက်တွင် လည်းကောင်း အပိုင်ရောင်းချသူဖြစ်သော ဒေါ်ဥမ္မာခင် ၁၂/မရက(နိုင်)၀၆၀၇၀၉ထံမှ အပိုင်ဝယ်ယူသူဖြစ်သော ဦးနေမျိုးထွန်း ၉/ပဥလ(နိုင်)၀၃၂၉၅၄က အပြီးအပိုင်ကြွင်းကျန်မရှိ ငွေပေးချေပြီး တရားဝင် စာချုပ်ချုပ်ဆိုဝယ်ယူထားပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်(၂)ကွက်အား ဦးနေမျိုးထွန်း တရားဝင် ပိုင်ဆိုင်ခွင့်အကျိုးခံစားခွင့်အပြည့်အဝလက်ဝယ်ပိုင်ဆိုင်ထားပြီး ယခုလက်ရှိအချိန်ထိ တရားဝင်အကျိုးခံစားခွင့်ရရှိထားပါသည်။ အဆိုပါမြေကွက် (၂)ကွက်နှင့်ပတ်သက်ပြီး ဦးနေမျိုးထွန်းမှ သက်ဆိုင်ရာရုံးဌာနများ၌ အမည်ပေါက်ရရှိရန် လိုအပ်သည်များကို ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်းကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက ရုံးကိစ္စအဝဝအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**ဦးနေမျိုးထွန်း ၉/ပဥလ(နိုင်)၀၃၂၉၅၄**
**အမှတ်( ၂၁)၊ ရပ်ကွက်ကြီး( ၃ )၊ ပြင်ဦးလွင်မြို့။**
**ဖုန်း-၀၉- ၇၈၂၀ ၄၄၄၈၂**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ - ၂၀)

## ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်

## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀

ဦးကျော်ငွေ (၎င်း၏အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးအောင်လင်း) နှင့် ဦးခင်မင်း

**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၂၂)၊ ဦးပိုင်အမှတ်(၂၀)နေ ဦးခင်မင်း(ယခုနေရပ် လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးကျော်ငွေ (၎င်း၏အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးအောင်လင်း)က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က) ရပ်ကွက်၊ အကွက်အမှတ်)(၀-၈)၊ ဦးပိုင်အမှတ်(၉၉)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧကရှိ မြေကွက်အား ဥပဒေနှင့်အညီ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂ ရက် (၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၁၃ ရက်)မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော် သို့လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဆုဝေကျော်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

## (တရားမကျင့်ထုံးဥပဒေ အမိန့် -၅၊ နည်းဥပဒေ -၂၀ )

## ကန့်ဘလူမြို့နယ်တရားရုံးတော်

## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၉

ဒေါ်ဇာဇာဝင်း နှင့် ဦးမြတ်မင်းထွန်း(ခ)မြင့်မင်းထွန်း

**တရားလို** **တရားပြိုင်**

ကန့်ဘလူမြို့၊ အမှတ်(၂)ရပ်ကွက်နေ (ဘ)ဦးချိန်တင်၏သား ဦးမြတ်မင်းထွန်း(ခ)မြင့်မင်းထွန်း(ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။ ဦးမြတ်မင်းထွန်း(ခ) မြင့်မင်းထွန်း သင့်အပေါ်၌ ဒေါ်ဇာဇာဝင်းက လင်မယား ကွာရှင်းပြတ်စဲပေးစေလိုမှုရလိုကြောင်း နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၆ ရက် (၁၃၈၄ ခုနှစ် တပို့တွဲလပြည့်ကျော် ၂ ရက်) နေ့မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် တင်ပြလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇန်ဒီ)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ကန့်ဘလူမြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 48W/ 15248 Honda Click 125 ယာဉ် လက်ဝယ်ရှိသူ ဦးဂျေဘီရိုင်း ၅/ကလထ (နိုင်)၀၆၉၈၈၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကလေးမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/ 67395 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုသူ ၁၄/ဓနဖ(နိုင်)၁၄၅၅၃၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ပုသိမ်မြေရပ်ကွက်၊ ပုသိမ်မြေ (၁၂)လမ်း၊ တိုက်အမှတ် ၂၁၈၊ ၄-လွှာ(တတိယထပ်)၊ (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၂ ၁/၂x၅၀)ပေ ဟုခေါ်တွင်သော တိုက်ခန်း (၁) ခန်းအပါအဝင် ၎င်းနှင့်ပတ်သက် ဆက်နွယ်သော ရေ၊ မီးအစုံအလင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်တင်မလင်း ၁၂/ကတတ(နိုင်)၀၀၄၃၉၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းချမ်းစုရည် (LL.B.,D.B.L,D.I.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

## (တရားမကျင့်ထုံးဥပဒေအမိန့် -၅ ၊ နည်းဥပဒေ-၂၀)

## မဟာအောင်မြေခရိုင်တရားရုံး

## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၉၇

Young အာမခံကုမ္ပဏီ (၎င်း၏ကိုယ်စား လ/ထ မန်နေဂျာ ဦးအောင်သူရစိုး) နှင့် ဦးကျော်သူရ

**တရားလို** **တရားပြိုင်**

မုံရွာမြို့၊ ရတနာပုံရပ်၊ သပြေပင်တောရလမ်းနေ ဦးကျော်သူရ (ဘ)ဦးဝင်းမောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အလွဲသုံးစားပြုလုပ်သည့်ငွေကို ပြန်လည်ပေးလျော်ပါမည်ဟု ဝန်ခံကတိအရ ငွေကျပ် ၁၄၀၀၄၈၃၄ ကျပ်အား ပြန်လည်ပေးလျော်စေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၇ ရက် မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဌေးဌေးလွင်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**မဟာအောင်မြေခရိုင်တရားရုံး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5B/ 3814 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွှာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3I/ 1931 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွှာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/ 55522 Honda Scoopyi 110 M/C ယာဉ် လက်ဝယ်ရှိသူ ဦးမင်းခန့်စိုး ၉/မခန(နိုင်)၂၈၄၈၃၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 42W/ 47763 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ Auto R.Y Co.,Ltd ၃၈လမ်း၊ ၈၀x၈၁ကြား၊ မဟာအောင်မြေမြို့နယ်က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ်(၈၂၆)၊ ဦးပိုင်အမှတ်(၆၈) ခဲစင်း၊ ၄၂ လမ်းနှင့် မြင်းဝန်မင်းကြီးကျောင်းတိုက်လမ်း၊ ၈၅ လမ်းရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဘခက်၏ လျှဒါန်းမှုစာချုပ်အမှတ်(၂၆၁/၇၈) ဖြင့် လျှဒါန်းမှုကို လက်ခံရရှိသူ ဆရာတော် ဦးဇာဂရနှင့် ဦးကုဏ္ဍသာဘိဝံသတို့၏ တာဝန်ပေးချက်အရ ရောင်းချသူ ဆရာတော် ဦးဝိလာသသထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၅၁၁/၂၀၁၂)အရ ပိုင်ဆိုင်သူ ဒေါ်ရီရီဦး ၉/မရတ(နိုင်)၀၁၄၈၈၁ ၏ (GP ရသူ ဒေါ်ခင်ခင်ထွေး)က ဂရန်မူရင်း ပျောက်ဆုံးကြောင်း (ရဲစခန်း၊ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး) ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များ တင်ပြ၍ ဂရန်ပျောက်၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း၊ သက်တမ်းတိုးရန်အတွက် မြေပုံ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ ဤဌာနသို့ ဆောက်လုပ်ခွင့်လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | အမည် | မှတ်ပုံတင် | လိပ်စာ | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် |
|---|---|---|---|---|---|---|
| ၁ | ဒေါ်ယဉ်ယဉ်ငွေး | ၁၂/သဃက(နိုင်)၀၇၂၈၉၅ | ၂၈/ခ၊ သမာဓိ(၄)လမ်း၊ ဆ/က-ရပ်ကွက်၊ သဃ်န်းကျွန်း | ၃၃/က | ၃/ဒ-၁၊ ၃/ဒ-၂(portion) | ဒေါ်ယဉ်ယဉ်လှ+ဒေါ်ယဉ်ယဉ်ငွေး၊ ဦးဘလင်း |
| ၂ | ဒေါ်မြင့်မြင့်သန်း | ၁၂/ကမတ(နိုင်)၀၁၆၆၈၈ | ၅၂ တော်ဝင်လမ်း၊ ဘောဂရပ်ကွက်၊ ကြည့်မြင်တိုင် | ၂၅E₅ | ၁၈၊ ၁၈/A | Chan Mah Phee နှင့် မအေးမြ |
| ၃ | ဦးစိုးလွင် | ၁၂/လမန(နိုင်)၀၁၄၆၂၆ | ၁၃၅၁/က၊ ချမ်းမြသာစည်လမ်း၊ ၅၇-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) | ၅၇ | ၁၃၅၁ | ဒေါ်ရွှေ |
| ၄ | ဒေါ်ယိုးဒယားမယ် | ၃/ဘအန(နိုင်)၀၆၂၃၀၁ | ၁၄၁/ခ၊ နဝရတ်လမ်း၊ ၈-ရပ်ကွက်၊ ရွှေပြည်သာ | ၇ | ၁၄၁ | ဦးချိုဝင်း |
| ၅ | ဒေါ်ငွေစု | ၁၂/ထတပ(နိုင်)၀၅၉၂၄၉ | ၁၃၉/ခ၊ နဝရတ်လမ်း၊ ၈-ရပ်ကွက်၊ ရွှေပြည်သာ | ၇ | ၁၃၉ | ဦးခင်မောင်ညို |
| ၆ | ဒေါ်စန္ဒာခိုင် | ၁၂/ရပသ(နိုင်)၀၆၃၇၄၅ | ၁၁၇/က၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ၅-ရပ်ကွက်၊ ရွှေပြည်သာ | ၂၄ | ၁၁၇/က | မောင်မှတ်(ခ)ချင်ယုလင် |
| ၇ | ဦးအောင်မျိုးထက် | ၅/အရတ(နိုင်)၁၁၃၀၈၇ | ၁၄၀၇/က၊ အေးရိပ်မြိုင်လမ်း၊ ၅၄-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) | ၅၄ | ၁၄၀၇/က | ဒေါ်နန်းနွယ်ခိုင် |
| ၈ | ဦးလှမျိုးသိန်း | ၁၂/သဃက(နိုင်)၀၆၀၃၀၀ | ၂၅၈၅/က၊ လှော်ကားလမ်း၊ ၇၁-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) | ၇၁ | ၂၅၈၅/က | ဒေါ်တင်တင်ဟန် |
| ၉ | ဒေါ်သန်းသန်းဝင်း | ၁၂/ရကန(နိုင်)၀၄၀၇၆၉ | ၉၀၀/ခ၊ ဦးပုညလမ်းနှင့် ချင်းတွင်းလမ်းထောင့်၊ ၁၄-ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း) | သကမ-၁၃ | ၉၀၀(က+ခ) | ဦးမြင့်စိုး |
| ၁၀ | ဦးလှမြင့် | ၁၂/အစန(နိုင်)၁၅၉၆၈၇ | ၄၉၆၊ ဗဟိုလမ်း၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ အင်းစိန် | ၅/ငညောင်ကုန်း | ၂၂ | မစ္စစ် HM ဗိပဆင် |
| ၁၁ | ဦးတင်လှ | ၁၂/လမန(နိုင်)၁၇၁၄၇၇ | ၇၆၈၊ စိန်ရတနာလမ်း၊ စဥ့်ငုရပ်ကွက်၊ အင်းစိန် | ၄၀၀-B | ၁၄ | ဦးတင်ဦး |
| ၁၂ | ဦးငွေးလှိုင် | ၁၂/အလန(နိုင်)၀၁၈၆၃၁ | ၃၀၊ ဝေဘာဂီလမ်း၊ ဓောရန့်ပိုင်အရှေ့ရပ်ကွက်၊ အလုံ | 23-L | III ၂၁ နှင့် ၂၁ A | The Trustees of the Sooratee Sunni Jdgah Alon |
| ၁၃ | ဦးဝမ်စိန် | ၁၂/လသန(နိုင်)၀၀၂၈၆ | ၃၆၄/ခ၊ ကံတော်ရိပ်သာလမ်း၊ ၁၆/၃-ရပ်ကွက်၊ သဃ်န်းကျွန်း | ၁၆/၃ | ၃၆၄ | ဒေါ်အုန်းရင် |
| ၁၄ | ဒေါ်နုနုကြည် | ၁၂/ကမတ(နိုင်)၀၁၇၄၃၄ | ၂၂/A ဗိုလ်ဥတ္တမလမ်း၊ ဘောဂရပ်ကွက်၊ ကြည့်မြင်တိုင် | ၂၅E₂ | ၁၂A/၁၄၁(plot ၁၁၇/၂၃၁) | မကြိုင် |
| ၁၅ | ဒေါ်သီတာထွန်း | ၇/ကဝန(နိုင်)၀၀၀၈၁၆ | ၁၈/B ဦးကောင်းလမ်း၊ ကရင်အမျိုးသားရပ်ကွက်၊ ကြည့်မြင်တိုင် | ၂၇ A | ၃၃/၁ U | ဒေါ်ပန်းမြိုင် |
| ၁၆ | ဦးသန်းဆောင် | ၈/နမန(နိုင်)၁၂၀၈၀၆ | ၁၁၃/က၊ တောင်ငူလမ်း(ခ) အလောင်းဘုရားလမ်းနှင့် စိန်ပန်းလမ်းထောင့်၊ ၁-ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း) | ၁၁ | ၁၁၃/က | ဦးတင်လှိုင် |
| ၁၇ | ဦးထွန်းထွန်းလွင်+၁ | ၁၂/လမတ(နိုင်)၀၃၂၇၆၈ | ၅၆/က၊ ကျောင်းလမ်း၊ ၁၉-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) | ၁၉ | ၅၆/က | ဦးသာစိန် |
| ၁၈ | ဦးစိုးမင်းထွေး+၁ | ၁၀/ပမန(နိုင်)၂၃၈၅၉၅ | ၉၃၁/ခ၊ ဓမ္မာသီရိ(၅)လမ်း၊ ၁၆-ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း) | သကမ-၁၃ | ၉၃၁/ခ | ဦးမောင်မောင်လွင် |

**အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသကြသည့် လူနာများအတွက် အောက်ဖော်ပြပါဆေးဝါးနှင့် ဆေးပစ္စည်းများ ဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်-

(က) ဆေးဝါးနှင့် ဆေးပစ္စည်းများ

(ခ) ကင်ဆာဆေးဝါးများ

(ဂ) ခွဲစိတ်ခန်းသုံးဆေးရည်နှင့် ဆေးပစ္စည်းများ

(ဃ) ခွဲစိတ်မှန်ခန်းသုံးဆေးပစ္စည်းများ

(င) အောက်ဆီဂျင်(ခွဲစိတ်ငွေ့ရည်/ခွဲစိတ်ငွေ့)

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၀-၁-၂၀၂၃ရက် (သောကြာနေ့)

**တင်ဒါပုံစံနောက်ဆုံး ပေးသွင်းရမည့်နေ့ရက်/အချိန်** - ၂-၂-၂၀၂၃ရက် (ကြာသပတေးနေ့) ၁၆:၀၀နာရီ

၃။ တင်ဒါစည်းမျဉ်း စည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်ကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ မဉ္ဇူ(၃၈)လမ်း၊ မြေကွက် အမှတ် (J ၆၀)ဟု ခေါ်တွင်သော ဦးထွန်းထွန်းကျော်/ ဦးစိန်မူ အမည်ပေါက် အလျားxအနံ (၄၀ပေx၆၀ပေ) အကျယ်မြေကွက်နှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဆက်စပ်စာချုပ်များဖြင့် ပြန်လည်ဝယ်ယူထားသူ ဒေါ်အေးမိုးအောင်(ဘ) ဦးမြင့်အောင် ၁၂/ ရကန(နိုင်) ၀၀၀၃၅၉ က အရှုပ်အရှင်းကင်းစွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဦးမိုးဝင်း(ဘ)ဦးစိန်ဝင်း ၁၂/ကခက(နိုင်) ၀၈၃၁၄၃ က ၎င်းထံမှ ပြန်လည်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက် ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇာနည် (LL.B, D.B.L)** **ဒေါ်နှင်းနှင်းထွေး (LL.B) (စဉ်-၂၄၉၆၈)**
**(စဉ် - ၁၄၆၆၈)** **ဒေါ်အိအိမော်(ခ)ဒေါ်အိသဉ္ဇာအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ** **(စဉ် - ၅၀၈၅၄)**
**အထက်တန်းရှေ့နေများ**
**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ (၂) ရပ်ကွက်၊ သန်လျင်မြို့**
**ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ မိသားစုလမ်း၊ အမှတ်(၃၀)၊ အလျားxအနံ (၁၅x၄၀)ပေ အကျယ်အဝန်းရှိ ခြံမြေကွက်အား လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ခင်စောထွေး ၁၂/မရက(နိုင်)၀၄၄၅၄၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချိုချိုဝင်း ၁၂/မဂဒ(နိုင်) ၀၃၃၂၆၁ က ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ပြုလုပ်သည့် မြေကွက်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအောင်ကိုမင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၂၉)**
**အမှတ်(၅၆၁)၊ ပထမထပ်၊ M.A.C Tower ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉-၂၅၂၀၄၃၄၅၄**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားခရိုင်၊ ပန်းဘဲတန်းမြို့နယ်၊ (၅)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ် (၂၈၆)၊ (၂) ခန်းတွဲ၊ (၈) ထပ်တိုက်မှ ဒုတိယထပ်၊ (၃)လွှာ(ဝဲဘက်ခြမ်း) တိုက်ခန်း၏ အကျယ်အဝန်းမှာ (၁၅ပေx၄၅ပေ)ခန့်ရှိသော တိုက်ခန်းတွင်တပ်ဆင်ထားသော ကိုယ်ပိုင်လျှပ်စစ်မီတာ၊ ကိုယ်ပိုင်ရေမော်တာနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုပြီး အပိုင်ရောင်းချသူများ ဖြစ်သော ၁။ ဦးတင်အောင် ၁၂ / ပဘတ(နိုင်)၀၂၀၃၅၀၊ ၂။ ဒေါ်စန်းစန်းရီ ၁၂/ပဘတ(နိုင်)၀၃၉၈၁၇၊ ၃။ ဒေါ်စန်းစန်းမြင့် (PBDN- ၀၀၀၇၂၇ )၊ ၄။ ဦးဇော်ဝင်းထွဋ် ၁၂/ပဘတ(နိုင်)၀၃၅၀၁၁၊ ၅။ ဒေါ်အေးသန်း ၁၂/ပဘတ(နိုင်) ၀၃၅၀၁၂၊ ၆။ ဒေါ်ဖြူဖြူသွယ် ၁၂/ပဘတ(နိုင်)၀၂၄၀၈၅ တို့ (၆) ဦးထံမှ ကျွန်ုပ်၏မိတ်ဆွေက အပိုင်ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ သို့ပါ၍ တစ်စုံတစ်ရာ ပြောကြား ကန့်ကွက်လိုသူများသည် ပိုင်ဆိုင်မှုမူရင်း အထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ ဤသတင်းစာကြော်ငြာပါသည့်ရက်မှ (၃)ရက်မကျော်လွန်မီ လူကိုယ်တိုင် လာရောက်ကန့်ကွက်ပြောဆိုနိုင်ပါသည်။

သတ်မှတ်ရက်စေ့ရောက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးချစ်ကိုကို ( ရွှေစာရေး) LL.B., W.I.P.O-101 (Switzerland)**
**တရားလွှတ်တော်ရှေ့နေ ( စဉ်-၁၅၈၉၄)**
**အမှတ်(၂၉၇)၊ အနော်ရထာလမ်း၊ (၄)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
ဖုန်း-၀၉-၄၂၁၀၂၁၆၃၇၊ ၀၉-၄၅၀၁၇၀၀၀၁၊
၀၉-၄၅၀၁၇၀၀၀၂၊ ၀၉-၄၅၀၁၇၀၀၀၃

## ငြင်းချက်ထုတ်ရန်ဆင့်စာ

## (တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ ၁ နှင့် ၅)

## မရမ်းကုန်းခရိုင် တရားရုံးတော်

## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၈၃

Aye Ma Ga Services Co, Ltd (၎င်း၏တာဝန်ပေးအပ်ခြင်းခံရသူ ဦးဥက္ကာဦး ) **နှင့်** ၁။ ဦးသန်းဆွေ ၂။ ဦးဝင်းသူအောင်

**တရားလို** **တရားပြိုင်များ**

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်၊ ဥက္ကံကျေးရွာအုပ်စု၊ နဘဲကျေးရွာနေ (ယခုနေရပ်လိပ်စာမသိသူ) (၁)တရားပြိုင်ဦးသန်းဆွေ နှင့် ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်၊ ကျွန်းကုန်းကျေးရွာနေ (ယခုနေရပ်လိပ်စာမသိသူ) တရားပြိုင်(၂)ဦးဝင်းသူအောင် တို့ သိစေရမည်။

သင်တို့ အပေါ်၌ တရားလိုက KUBODA DC-70 G Plus အမျိုးအစားစပါးရိတ်သိမ်းစက် (၁)စီးဖိုး ကျန်ငွေကျပ်(၃၈၇၇၉၇၄၅)တိတိရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၆ ရက်၊(၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၆ ရက်) မွန်းမတည့်မီ ၁၀:၃၀ နာရီ တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သောစာချုပ်စာတမ်းများနှင့်သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကေသီခိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**မရမ်းကုန်းခရိုင်တရားရုံး**

## သက်ဆိုင်သူများနှင့် အများသိစေရန်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး (က+ဂ) ရပ်ကွက်၊ ၁၅၅-လမ်း၊ အမှတ်-၈၈ ဟု လိပ်စာတွင်သည့် မြေကွက်နှင့်မြေကွက်ပေါ်ရှိ ၄ထပ်ခွဲတိုက်ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သီသီမော် ၁၂/မဂဒ(နိုင်)၀၆၁၄၅၅ က ပိုင်ဆိုင်၍ ၎င်း၏ သားများနှင့် အတူနေထိုင်လျက်ရှိပါသည်။ ယင်းကဲ့သို့ ကျွန်ုပ်၏မိတ်ဆွေ စီမံခန့်ခွဲကာ မိသားစုများအေးချမ်းစွာ နေထိုင်သုံးစွဲနေခြင်းအပေါ် အနှောင့်အယှက်ပြုလုပ်ခြင်း၊ မမှန်မကန်စွပ်စွဲခြင်း၊ ကျွန်ုပ်၏မိတ်ဆွေနှင့်သားများ၏ လူမှုရေးဂုဏ်သိက္ခာ၊ လုပ်ငန်းဂုဏ်သိက္ခာ ထိခိုက်စေမည့်ပြုမူပြောဆိုဆောင်ရွက်ခြင်းများကို မပြုလုပ်ရန် သတိပေးတားမြစ်ပြီး လိုက်နာမှုမရှိပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ -** **လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီသီမော်** **ဦးမျိုးမြင့်အောင် - LL.B**
**၁၂/မဂဒ (နိုင်) ၀၆၁၄၅၅** **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၅၅၈/၂၀၀၈)**
**အမှတ်-၁၅၃၊ (၅-လွှာ/အေ)၊ဆိပ်ကမ်းသာလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉ -၅၁၆၉၄၁၉ ၊ ၀၉- ၉၅၅၁၆၉၄၁၉**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၃၀)၊ ထန်းတပင်လမ်း၊ မြေကွက် အမှတ်(၄၄၁)(၄၀x၆၀)ပေ၊ ၀ ဒသမ ၀၅၅ဧကေ၊ (၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်စုစု(ခ)ရှီကျင်ချွမ် အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မူရင်းဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မိုးမိုးအေး ၁၂/မရက(နိုင်)၁၀၅၀၃၅ မှ ၎င်းလက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ နှစ်(၆၀)မြေငှားဂရန်မူရင်းဖြင့် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ် ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်း မူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဦးမြတ်ကို၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသိန်းထူး LL.B** **ဦးဇော်မိုးလွင် LL.B**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၇၈၁၅)** **(စဉ်-၁၄၅၇၄)**
**ရုံး -ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း - ၀၉-၄၄၄၄၃၅၃၅၃၊ ၀၉-၂၅၆၂၈၆၃၉၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ စက်မှုဇုန်(၁)ရပ်ကွက်၊ စန္ဒကူးလမ်း၊ ကွင်း/အကွက်အမှတ်နှင့်အမည်-နန္ဒဝန်ကွက်သစ်ကွင်း၊ ဦးပိုင်အမှတ်- စန္ဒကူးလမ်း(၁၃၉)၊ ဧရိယာ ၀ဒသမ၁၁၀ ဧက၊ မြောက်လားသော်-စန္ဒကူးလမ်း၊ အရှေ့လားသော်- စန္ဒကူးလမ်း၊ ဦးပိုင်အမှတ်-၁၃၇၊ တောင်လားသော်(၃၄)လမ်း၊ ဦးပိုင်အမှတ် ၁၂၃၊ အနောက်လားသော်-ပေ(၄၀)လမ်းစသည့် နယ်လေးရပ်အတွင်းရှိ ဂရန်အိမ်ဝင်းမြေကွက်သည် ဦးမိုးကျော်အမည်ဖြင့် ရရှိထားသော နှစ်(၃၀)ဂရန် အိမ်ဝင်းမြေကွက်ဖြစ်ပါသည်။ ၎င်းမှတစ်ဆင့် အရောင်းအဝယ်စာချုပ်များဖြင့် ရောင်းချထားရာ ယင်းမြေကွက်ကို ဦးတင်လတ်ဝင်းနှင့် ဒေါ်ဝေရီမြတ်တို့မှ ဝယ်ယူကာ လက်ရှိထားနေထိုင်အကျိုးခံစားလျက်ရှိပြီး ၎င်းတို့မှတရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးနေမျိုးသူနှင့် ဒေါ်မေသဇင်တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ရာ ယင်းအိမ်ဝင်းမြေကွက်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(လွှဲအပ်သူ)** **(လွှဲအပ်ခံရသူ)**
**ဦးနေမျိုးသူ ၅/ခဥတ(နိုင်)၀၈၁၂၉၈** **ဦးအောင်လင်း (LL.B, MPA)**
**ဒေါ်မေသဇင် ၅/ခဥတ(နိုင်)၀၈၄၉၁၉** **တရားလွှတ်တော်ရှေ့နေ**
**ရွှေကူရွာ၊ ချောင်းဦးမြို့နယ်** **ဗိုလ်တေဇလမ်း၊ နန္ဒဝန်ရပ်ကွက်၊**
**ဖုန်း-၀၉-၄၂၂၁၁၂၀၃၁** **မုံရွာမြို့၊ ဖုန်း-၀၉-၄၃၁၅၅၅၂၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5E/3314 Honda Fit Ge 6 Station Wagon (4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သန်း ၁၃/တကန(နိုင်)၀၉၆၄၄၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၂ယ/၉၁၀၄၀ ယာဉ်လက်ဝယ်ရှိသူ ဦးချစ်မင်းကိုကို ၁၀/မလမ(နိုင်)၁၉၅၄၅၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀ယ/၈၄၄၅၀ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇော ၆/ရဖန(နိုင်)၀၇၇၁၄၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၄ယ/၄၁၈၅၅ ယာဉ်လက်ဝယ်ရှိသူ ဦးစံရှိန် ၁၀/မဒန(နိုင်)၀၈၃၂၉၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ တိုးချဲ့စည်ပင်လမ်း၊ မြေကွက်အမှတ် (၃၄၂)၊ ဦးကုလားအမည်ပေါက် ပေ(၄၀x၆၀) အနက်မှ ပေ(၂၀x၆၀)ကို ဒေါ်အေးအေးငြိမ်းနှင့် ဦးလွင်မိုးအောင်တို့မှ ကျွန်ုပ်ထံသို့ရောင်းချရန် ကမ်းလှမ်းလာပါသဖြင့် အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါမြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်နိုင် ၈/ပမန(နိုင်)၀၈၇၆၇၆**
**အမှတ် (၁၁၅)၊ လေးထောင့်ကန်လမ်း၊**
**ဆ/ကရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်**
**ဖုန်း-၀၉-၄၂၁၀၅၆၂၅၂**

## ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၃ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ်(၁/ခ)၊ (သုံးလွှာ)ရေမီးစုံ မီနီကွန်ဒို တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဝယ်ယူရန်အတွက် ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

အထက်ပါ တိုက်ခန်းကို လက်ရှိပိုင်ရှင်ဖြစ်သူ ဦးသိန်းဝင်း ၁၂/ဥကတ(နိုင်)၁၁၁၂၅၄ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေကဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက စာရွက်စာတမ်းများ အပြည့်အစုံဖြင့် ၃၀-၁-၂၀၂၃ ရက်မတိုင်မီ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမြသိန်း** **ဦးသက်စိုးအောင်** **ဦးနိုင်လင်းထွန်း**
**(စဉ်-၉၈၅၃)** **(စဉ်-၆၆၆၂)** **(စဉ်-၁၁၃၈၈)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၃၈)၊ ဒုတိယထပ်၊ ၃၂လမ်း(အလယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၂၅၀၁၈၇၁၉၆**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၀-၁-၂၀၂၃ ရက်စွဲ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၄)တွင် ပါရှိသော ရွှေတိဂုံစေတီတော် ကြော်ငြာတွင် ဖော်ပြထားသည့် ၄-၃-၂၀၂၃ အစား ၄-၂-၂၀၂၃ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ အထက(ခွဲ) စတုတ္ထတန်း(ဟ) အောင်မှ မောင်သော်ပိုင်ဟိန်း၏ ဖခင်အမည်မှန်မှာ ဦးရွှေစန်း ၅/ပလန(နိုင်)၀၄၃၉၅၄ ဖြစ်ပါကြောင်း။ **ဦးရွှေစန်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/03432 Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဇော် ၁၄/ပသန(နိုင်)၂၆၄၃၂၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/7714 Honda Scoopyi 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝေဝေလွင် ၈/ကထန(နိုင်)၀၀၄၉၇၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပခုက္ကူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/6878 Honda Wave 110 Motor Cycle ယာဉ်လက်ဝယ်ရှိသူ ဒေါ်သက်ထားတင် ၈/ပခက(နိုင်)၂၁၉၆၃၈ကေ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပခုက္ကူ)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅)၊ ပင်းယ(၁၇)လမ်း၊ မြေကွက်အမှတ် (၉၈၃/က)၊ အကျယ်အဝန်း (၂၀ပေ× ၆၀ပေ)ရှိ ဒေါ်သင်းသင်းမြတ် (၁၁/ရဗန (နိုင်) ၀၄၃၇၆၀) အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်သင်းသင်းမြတ် (၁၁/ရဗန (နိုင်) ၀၄၃၇၆၀)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်မြင့်မြင့်ရီ (၁၂/ဥကတ (နိုင်) ၀၀၃၈၈၂)က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး** **ဒေါ်လင်းလင်းထက်**
**LL.B, D.B.L, D.I.L.,** **LL.B,**
တရားလွှတ်တော်ရှေ့နေ(စဉ်- ၈၈၅၂) အထက်တန်းရှေ့နေ(စဉ်- ၄၈၃၃၈)
**Hein Htet San Law Firm** ၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၅ ၅၅၀ ၆၁၄၆

## ရန်ကုန်ရွက်လှေအသင်း
## နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားခြင်း

ရန်ကုန်ရွက်လှေအသင်း၊ အသင်းဝင်များအနေဖြင့် အောက်ဖော်ပြပါ နေ့ရက်၊ နေရာနှင့်အချိန်တို့တွင် နှစ်ပတ်လည်အစည်းအဝေး ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်-

နေ့ရက်၊ ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ (၂၉)ရက်
နေ့ရာ ၊ ရန်ကုန်ရွက်လှေအသင်း
အချိန် ၊ ၁၀း၃၀ နာရီ

အတွင်းရေးမှူး
ရန်ကုန်ရွက်လှေအသင်း

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ တေးဥယျာဉ်(၁၃)လမ်း၊ အမှတ်(၇)ရပ်ကွက်၊ မြေကွက်အမှတ်(၁၆၂)၊ မြေအကျယ်ပေ(၄၀x၆၀) နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော သွပ်မိုး၊ အုတ်ညှပ် (၂)ထပ်တိုက်(ရေမီး)စုံ အကျိုးခံစားခွင့်အရပ်ရပ်ကို ဥပဒေနှင့်အညီ ရောင်းချခွင့်ရှိသူထံမှ လေလံတင်ကြမ်းခင်းဈေး ကျပ်သိန်း (၇၅၀)တိတိပေးချေ၍ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်နွယ်နီဝင်း ၉/ကပတ(နိုင်)၁၄၃၀၇၈က လေလံဆွဲဝယ်ယူ၍ လက်ရောက်ရယူထားခဲ့ပါသည်။ လေလံဆွဲဝယ်ယူစဉ်က ရောင်းချခြင်းနှင့် ပတ်သက်ပြီး ကန့်ကွက်သူတစ်စုံတစ်ရာမရှိခဲ့ဘဲ အထက်ဖော်ပြပါပစ္စည်းအား ယနေ့အချိန်ထိ ဒေါ်နွယ်နီဝင်း တစ်ဦးတည်းသာပိုင်ဆိုင်ပြီး တရားဝင်လက်ရှိထား အကျိုးခံစားလျက်ရှိကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်နွယ်နီဝင်း**
**၉/ကပတ(နိုင်)၁၄၃၀၇၈**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ဖုန်း(စဉ်-၁၆၇၃၃)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၂၃)၊ (၂)လမ်း၊ အိမ်ခြေ(၁၀၀)၊**
**ပ.လ.ရ ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊**
**ဖုန်း-၀၉-၉၇၁၈၉၀၃၇၂**

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်သက်သက်ထွေး ၁၂/သဃက(နိုင်)၀၅၆၈၅၄ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၀)ရပ်ကွက်၊ အောင်သိဒ္ဓိ(၁)လမ်း၊ အမှတ်(၂၅၀/ခ) နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေမှ အထက်ဖော်ပြပါ နေအိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရောင်းအဝယ်စာချုပ်ချုပ်ဆို တရားဝင်ဝယ်ယူ ပိုင်ဆိုင်လက်ရောက်ရရှိခဲ့ပါသည်။ ထိုသို့ ဝယ်ယူစဉ်အချိန်ကရရှိခဲ့သည့် ၄င်းနေအိမ်ခြံမြေနှင့်ပတ်သက်သော နှစ်(၆၀) ဂရန်မူရင်းမှာ နေအိမ်အပြောင်းအရွှေ့များကြောင့် ပျောက်ဆုံးသွားခဲ့ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါစာရွက်စာတမ်းများကို လက်ဝယ်ရရှိထားသူများရှိပါက ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ဆက်သွယ်လာရောက် ပေးအပ်ပါရန် မေတ္တာရပ်ခံ အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီလာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၂၂၂/ ၂၇-၁၂-၂၀၁၈)**
**ဖုန်း-၀၉-၄၃၀၈၇၆၇၇**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် -၆

ဒေါ်နွဲ့ရီ **နှင့်**
၁။ ဒေါ်ငွေးငွေးဝင်း
၂။ ဦးရန်နိုင်
၃။ ဦးဇာနည်ညီညီသိန်း
၄။ ဒေါ်ယုဇန
၅။ ဦးအောင်သူရ

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မိကျောင်းကန်အပိုင်း(၁)၊ ဝေဇယန္တာလမ်း ၊ အမှတ်(၂) နေ (၂) တရားပြိုင် ဦးရန်နိုင်၊ (၃) တရားပြိုင် ဦးဇာနည်ညီညီသိန်း၊ (၄)တရားပြိုင် ဒေါ်ယုဇနနှင့် (၅) တရားပြိုင် ဦးအောင်သူရ (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း မြေနှင့်အိမ်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၆ ရက် (၁၃၈၄ ခုနှစ် တပို့တွဲလပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်မင်းထွန်း)**
**ခရိုင်တရားသူကြီး**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ၂၃၀ကေဗွီ ခရမ်းပင်မဓာတ်အားခွဲရုံစီမံကိန်းအတွက် လိုအပ်သော 230/33/11kV (33.33)MVA Transformer and Related Accessories (4)Nos အား သယ်ယူပို့ဆောင်ရန် (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ဆိုလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် ၃-၂-၂၀၂၃ရက် ၁၂နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်)လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web Portal (www.moep.gov.mm)တွင်လည်း ကြေညာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အလွမ်းဆွတ်ကျေးရွာ (အောင်ချမ်းသာတိုးချဲ့)ဟုခေါ်တွင်သည့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးအေးနိုင်အမည်ဖြင့်ချထားပေးသည့်မြေကွက်အမှတ်(၁၉၂၀)၊ (၄၀x၆၀)ပေနှင့် ဦးငွေးသန်းအမည်ဖြင့်ချထားပေးသည့် မြေကွက်အမှတ်(၁၉၂၁)၊ (၄၀x၆၀)ပေ အကျယ်ရှိ မြေကွက်(၂)ကွက်အား ဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လက်ရှိထားပိုင်ဆိုင်၍တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ကြူကြူသွင် (ဘ)ဦးမောင်မောင်သွင် ၁၂/မဂတ(နိုင်)၀၄၅၄၇၈ထံမှ ကျွန်မတို့၏မိတ်ဆွေများဖြစ်ကြသည့် ဦးဇော်မောင်မောင်သန့်(ဘ)ဦးအေးရွှေ ၁၂/လမန(နိုင်)၁၃၁၇၇၈နှင့် ဒေါ်ဖြူသက်မာ (ဘ)ဦးဆန်းလွင် ၁၂/သလန(နိုင်)၁၁၆၁၃၃ တို့က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ ၎င်းမြေကွက်များနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ခိုင်မာသည့်တရားဝင်စာချုပ်စာတမ်းအထောက်အထား၊စာရွက်စာတမ်း (မူရင်း)အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်မတို့ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်တွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါမြေကွက်အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စမ်းစိမ့်စိမ့်အေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၉၄၉/၂၀၁၃)**
**ဖုန်း-၀၉ - ၄၂၁၀၅၃၁၁၀**

**ဒေါ်ခိုင်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၇၃၄/၂၀၁၄)**
**ဖုန်း-၀၉-၄၂၁၀၅၃၁၀၁**

**(ရုံးခန်း) သန်လျင်ခရိုင်၊ တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊**
**အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ကြီးမြို့၊ မြို့မရပ်၊ ကွင်းအကွက်အမှတ်နှင့် အမည်(၃၅)၊ မြေကွက်အမှတ်(၆၂-က)၊ ဧရိယာ ၀ ဒသမ ၇၅ ဧကရှိ ဦးဖေမြင့် ၁၃/တကန(နိုင်)၀၅၇၃၇၀- ဦးမာလစ် (YSE-၀၅၂၆၁၄) အမည်ပေါက် နှစ်(၃၀) မြေငှားဂရန်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် ဦးဖေမြင့်၏ သား/သမီးများဖြစ်ကြသော ဦးအောင်နိုင်မြင့်၊ ဒေါ်ဥမ္မာမြင့်၊ ဒေါ်သဥ္ဇာမြင့် အမည်ဖြင့် အမည်ပြောင်းမြေငှားဂရန်အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှခုနစ်ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။

**ဦးနိုင်အောင်မြင့်၊ ဒေါ်ဥမ္မာမြင့်၊ ဒေါ်သဥ္ဇာမြင့်**
**ဖုန်း-၀၉-၄၂၉၀၃၃၁၁၆**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ယုဇနလမ်း ၊ အမှတ်-၈၃ ဟု ခေါ်တွင်သော နှစ်ခန်းတွဲ (၆)ထပ် အဆောက်အအုံ၏စတုတ္ထထပ်(ခြေရင်းခန်း) အကျယ်အဝန်း (၁၈ပေX၅၅ပေ)ခန့်ရှိ ရေမီးအစုံနှင့် ယင်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်ပါတိုက်ခန်းအား ဝယ်ယူမည်ဖြစ်၍ သက်ဆိုင်သူများ ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

၁။ ဖော်ပြပါတိုက်ခန်းသည် မြေပိုင်ရှင်ဦးချစ်သိန်းနှင့် ကန်ထရိုက်တာ ဦးဇာနည်၊ ဦးကျော်ဇေယျာဝင်း တို့၏ ၆-၁၂-၂၀၁၄ ရက်စွဲပါ နှစ်ခန်းတွဲ(၅)ထပ်တိုက်ဆောက်လုပ်ရန်ငွေပေးချေမှုနှင့်ကတိစာချုပ်၊ ၅-၅-၂၀၁၅ ရက်စွဲပါ လုပ်ငန်းများနှင့်သက်ဆိုင်သော စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကတိစာချုပ်များအရ ကန်ထရိုက်တာ ဦးကျော်ဇေယျာဝင်းမှ အကျိုးအမြတ်ခွဲဝေပိုင်ဆိုင်ရရှိခဲ့သော တိုက်ခန်းဖြစ်ပါသည်။

၂။ အထက်ပါတိုက်ခန်းအားကန်ထရိုက်တာဦးကျော်ဇေယျာဝင်းထံမှတစ်ဆင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုလက်ဝယ်ထားရှိပိုင်ဆိုင်ကာ ၎င်းတွင်တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်တင့်တင့်ထွေး ၉/မမန(နိုင်)၀၁၁၆၈၄ က အပြီးအပိုင် လက်ရောက်ပေးအပ်လွှဲပြောင်းရောင်းချလိုကြောင်း စကားကမ်းလှမ်းချက်အပေါ် ကျွန်ုပ်မိတ်ဆွေကလက်ခံသဘောတူခဲ့ပြီးဖြစ်၍ တိုက်ခန်းတန်ဖိုး၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

၃။ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တိကျခိုင်လုံသော စာချုပ်စာတမ်း(မူရင်း)အထောက်အထားများနှင့်တကွ ယခုကြော်ငြာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါကအရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်သဥ္ဇာဝင်း (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၀၅၈)**
**အမှတ်-၃၅၊ ၃-လွှာ(ယာ)၊ ၃၅ လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း - ၀၉-၄၃၀၂၃၁၆၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star Cityကြယ်စင်အိမ်ရာဝင်း အတွင်းရှိ City Loft(6လွှာ)CL-6, (610)B5ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးအေးချမ်းထွန်း ၁၂/လမတ(နိုင်)၀၂၆၀၉၀ မှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်ကဝယ်ယူရန်အတွက် ရောင်းဖိုးငွေတချို့တစ်ဝက်ကို စရန်ငွေ ပေးချေထားပြီးလက်ဝယ်ပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ခုနစ်ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအမည်ပေါက်ပြောင်းလဲခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဒေါ်လေးလေးစန္ဒာ**
**City Loft , CL-6, 512**
**Star City ကြယ်စင်အိမ်ရာဝင်း ၊ သန်လျင်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၉၅၈၄၉၅၅၅၄**

## အမည်ပြောင်း

ဦးခွန်ဘခန့် ၁၃/တကန(နိုင်)၂၉၀၃၉၇၏သမီး အောင်ပန်းမြို့၊ အမက(၄)၊ Grade-1မှ မဆုလာဘ်ထွန်းအား ယနေ့မှစ၍ သိင်္ဂီရွှေရည်လင်းဟု ပြောင်းလဲခေါ်ပါရန်။

**သိင်္ဂီရွှေရည်လင်း**

## ကန့်ကွက်နိုင်ကြောင်း

ယာဉ်အမှတ် 5B/4661 Nissan Diesel ယာဉ်လက်ဝယ်ရှိသူ ဦးတင်အေး ၁၄/ဘကလ(နိုင်)၀၁၀၂၀၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၅ယ/၄၀၃၁၄ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်တင့် ၇/ပမန(နိုင်)၁၇၈၅၈၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## အများသိစေရန်ကြော်ငြာခြင်း

တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်ကွက်၊ မင်္ဂလာလမ်းသွယ်၊ စုပေါင်းအိမ်ရာ၊ အိမ်အမှတ် (၆၉)နေ ကျွန်မ ဒေါ်ခင်မကြီး ၁၃/တကန(နိုင်)၀၂၇၃၂၂ (ဘ) ဦးပုမှ တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် ၆/တိရစ္ဆာန်မွေးမြူရေးရပ်၊ ဦးပိုင်အမှတ်(၉/၂၉၁)(က/ခ) ၊ ဧရိယာ ၀ ဒသမ ၁၂၄ ဧကပေါ်ရှိ မြေကွက်အတွင်းတွင် မြေပိုင်ရှင်ကျွန်မ၏သဘောတူညီချက်ဖြင့် ကန်ထရိုက်မှ (၉)ထပ်တိုက် အဆောက်အအုံတစ်လုံးဆောက်လုပ်ခဲ့ပြီး ယင်းအဆောက်အအုံရှိ ဆောက်လုပ်ဆဲအခန်းများမှ ပထမထပ်နှင့် စတုတ္ထထပ်တွင် အခန်းနံပါတ်(A,B,D)၊ ဒုတိယ၊ တတိယနှင့် သတ္တမအထပ်တို့တွင် အခန်းနံပါတ်(D)၊ ပဉ္စမအထပ်တွင် အခန်းနံပါတ်(A, D)၊ Penthouse အမျိုးအစားအခန်းတစ်ခန်းနှင့် မြေညီထပ်တွင် ဈေးဆိုင်ခန်းတစ်ခန်း စုစုပေါင်းအခန်း (၁၃)ခန်းကို ကျွန်မမှ ရရှိပိုင်ဆိုင်မည်ဖြစ်ပါသည်။ အထက်ဖော်ပြပါကျွန်မပိုင်မြေအား မည်သူတစ်ဦးတစ်ယောက်မျှ အမည်လွှဲပြောင်းခြင်း၊ ရောင်းချခြင်းနှင့် ပေါင်နှံခြင်းများ မပြုလုပ်ဘဲ ကျွန်မတစ်ဦးတည်းပိုင်ဆိုင်သည့် မြေဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်သူ-**
**ဒေါ်ခင်မကြီး**
**၁၃/တကန(နိုင်)၀၂၇၃၂၂**

**လွှဲအပ်ခြင်းခံရသူ-**
**ဦးစိုင်းဆမ်နွန်း(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၇၃၁၇/၂၈-၄-၂၀၁၆)**
**ရ/၃၃၈၊ ပုလဲလမ်း၊ ရတနာသီရိရပ်ကွက်၊**
**တောင်ကြီးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၃/ရန်ပြေရပ်ကွက်၊ ရန်ပြေ(၂၂)လမ်း၊ အမှတ်(၈)နေ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးစိုးဦး ၁၂/သကတ(နိုင်)၀၄၁၁၅၅နှင့် ဒေါ်မြတ်စန္ဒာစိုး ၁၂/သကတ(နိုင်)၁၅၁၆၀၄ တို့၏လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်(၃)၊ လူနေရပ်ကွက်အမှတ်(၃/ရန်ပြေ)၊ မြေကွက်အမှတ် (၅၁/ခ)၊ (တစ်နည်းအားဖြင့်) သာကေတမြို့နယ်၊ ၃/ရန်ပြေရပ်ကွက်၊ ရန်ပြေ(၆)လမ်း၊ အမှတ်(၅၁/ခ) ၊ အကျယ်(၂၀ပေx၆၀ပေ) ၊ ဦးမောင်ချစ် ၁၂/သကတ(နိုင်)၀၄၄၇၈၀ အမည်ပေါက် နှစ်(၆၀)ဂရန်မြေနှင့် မြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ၎င်း၏အမွေဆက်ခံခွင့်ရှိသူဟု အဆိုပြုသူ(၉)ဦးမှ ၎င်းတို့သာလျှင် လိုအပ်သလို စီမံရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ဝန်ခံလျက် ရောင်းချရန် စကားကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးစိုးဦး ၁၂/သကတ(နိုင်)၀၄၁၁၅၅နှင့် ဒေါ်မြတ်စန္ဒာစိုး ၁၂/သကတ(နိုင်)၁၅၁၆၀၄တို့မှ သဘောရိုးဖြင့် ယုံကြည်သောကြောင့် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တရားဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးအောင်မြင်သည်အထိ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**U Zaw Myint (Law Firm)**

**ဒေါ်ခင်ခက်ခက်နီလာခိုင်သဇင်မြင့်(LL.B)**
**(စဉ်-၁၂၉၈၆/၂၀၁၇)**
**တရားလွှတ်တော်ရှေ့နေ**

**ဒေါ်တင်မိုးနွယ်(LL.B, LL.M)**
**(စဉ်-၃၅၇၉၀/၂၀၁၀)**
**ဦးရဲမြင့်အောင်(LL.B)(စဉ်-၄၁၇၀၃/၂၀၁၃)**
**ဒေါ်တင်ဇာမျိုး(LL.B) (စဉ်-၄၅၂၆၅/၂၀၁၄)**
**အထက်တန်းရှေ့နေများ**

**အခန်းအမှတ်(၃)၊ သုမနလမ်းနှင့် မြင်တော်သာလမ်းထောင့်၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၀၈၀၅၁၂၊ ၀၉-၇၃၁၆၇၈၁၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ပုသိမ်မြေရပ်ကွက်၊ပုသိမ်မြေ(၅)လမ်း၊ အမှတ်(၁၃၅)နေ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းလဲ့နန္ဒာ ၁၂/ဗတထ(နိုင်)၀၃၉၆၄၁ ၏လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်(၅)၊ လူနေရပ်ကွက်အမှတ်(ကြည်စု)၊ မြေကွက်အမှတ်(၃၉)၊ (တစ်နည်းအားဖြင့်) ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ကျောင်းလမ်း(၂)၊ အမှတ်(၃၉) ၊ အကျယ်(၂၅ပေx၅၀ပေ) ၊ ဒေါ်အေးသီ ၁၂/ဒပန(နိုင်)၀၀၁၇၂၃ အမည်ပေါက် နှစ်(၆၀)ဂရန်မြေနှင့် မြေပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်ခင်အေးဝင်းသန်း ၁၂/ဒပန(နိုင်)၀၂၅၇၃၇ မှ စာချုပ်အဆက်ဆက်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ကြောင်း၊ ၎င်းတစ်ဦးတည်းသာလျှင် လိုအပ်သလို စီမံရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ဝန်ခံလျက်ရောင်းချရန် စကားကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူဒေါ်ဝင်းလဲ့နန္ဒာ ၁၂/ဗတထ(နိုင်)၀၃၉၆၄၁ မှ သဘောရိုးဖြင့် ယုံကြည်သောကြောင့် ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးအောင်မြင်သည်အထိ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**U Zaw Myint (Law Firm)**

**ဒေါ်ခင်ခက်ခက်နီလာခိုင်သဇင်မြင့်(LL.B)**
**(စဉ်-၁၂၉၈၆/၂၀၁၇)**
**တရားလွှတ်တော်ရှေ့နေ**

**ဒေါ်တင်မိုးနွယ်(LL.B, LL.M)**
**(စဉ်-၃၅၇၉၀/၂၀၁၀)**
**ဦးရဲမြင့်အောင်(LL.B)(စဉ်-၄၁၇၀၃/၂၀၁၃)**
**ဒေါ်တင်ဇာမျိုး(LL.B) (စဉ်-၄၅၂၆၅/၂၀၁၄)**
**အထက်တန်းရှေ့နေများ**

**အခန်းအမှတ်(၃)၊ သုမနလမ်းနှင့် မြင်တော်သာလမ်းထောင့်၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၀၈၀၅၁၂၊ ၀၉-၇၃၁၆၇၈၁၅**




## ကန့်ကွက်နိုင်ရန်အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၆)၊ မြေကွက်အမှတ်(၉၁၅)၊ မာဃလမ်း၊ အိမ်အမှတ်(၉၁၅) ဟုခေါ်တွင်သော ပေ(၂၀x၆၀) အကျယ်အဝန်းရှိ ဦးစန်းမောင် ၁၂/ကမရ(နိုင်)၀၂၈၅၉၁ အမည်ပေါက် ပါမစ်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို အရပ်စာချုပ်အဆက်ဆက်ဖြင့်ဝယ်ယူပိုင်ဆိုင်၍ လက်ရှိထားကာ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်လှလှဝင်း ၁၂/ဒပန(နိုင်)၀၇၀၃၁၃ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်မြတ်ဆွေဖြူ ၁၂/တမန(နိုင်)၁၂၁၆၂၁ မှ အပြီးအပိုင်ဝယ်ယူရန်အတွက်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ၆-၁-၂၀၂၃ရက်တွင် ပေးချေပြီးဖြစ်၍ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်မြတ်ဆွေဖြူ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဇာခြည်မောင် (LL.B, D.M.L)
အထက်တန်းရှေ့နေ(စဉ်-၅၂၄၀၈)
ဖုန်း-၀၉-၄၅၀၀၁၅၈၂၂

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

တောင်ကြီးခရိုင်တရားရုံး

၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄

ဦးမျိုးအောင် နှင့် ၁။ ဒေါ်ခင်မိုးအေး
၂။ ဒေါ်တင့်တင့်

(တရားလို) (တရားပြိုင်များ)

တောင်ကြီးမြို့၊ ရတနာသီရိရပ်ကွက်၊ နယ်မြေ(၆)၊ မြဝတ်ရည်လမ်း၊ အမှတ် ရ/၅၀၉နေ ဒေါ်ခင်မိုးအေး (ယခုနေရပ်လိပ်စာမသိသူ) အား သိစေရမည်။

သင့်အပေါ်၌တရားလိုက စာချုပ်စာတမ်း မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေ နှင့် ပါစေ၍ဖြစ်စေ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက် (၁၃၈၄ ခုနှစ် တပေါင်းလဆန်း ၂ရက်)မွန်းမတည့်မီ (၁၀)နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်စိုးညွှန့်)
ခရိုင်တရားသူကြီး
တောင်ကြီးခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန် သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)

ပုသိမ်မြို့နယ်တရားရုံးတော်

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၄၅

ဒေါ်သင်းသင်းလှိုင် နှင့် ဦးမျိုးဝင်းဇော်
တရားလို တရားပြိုင်

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ကိုးတောင်ကျေးရွာအုပ်စု၊ ကိုးတောင်ကျေးရွာနေ ဦးမျိုးဝင်းဇော်(ယခု နေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်သင်းသင်းလှိုင်က အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၀ရက် (၁၃၈၄ ခုနှစ် တပေါင်းလဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များ ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကိုသင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နေမျိုးအောင်)
တွဲဖက်မြို့နယ်တရားသူကြီး(၃)
ပုသိမ်မြို့နယ်တရားရုံး

## အများသိစေရန်ကြေညာခြင်း

ပဲခူးမြို့၊ ပန်းလှိုင်ရပ်ကွက်၊ (၂၃)လမ်း၊ အမှတ်(၉၆)တွင် နေထိုင်သူ ဒေါ်မြလွင် ၇/ပခန(နိုင်)၀၄၈၇၆၁နှင့် ၎င်း၏သားသမီးများဖြစ်ကြသော ဒေါ်နီနီလွင် ၇/ပခန(နိုင်)၁၉၁၀၅၅၊ ဒေါ်ချိုချိုလွင် ၇/ပခန(နိုင်)၀၄၉၀၈၅၊ ဒေါ်မို့မို့လွင် ၇/ပခန (နိုင်)၁၈၁၅၃၃၊ ဒေါ်စန်းစန်းလွင် ၇/ပခန(နိုင်)၀၄၈၉၅၈၊ ဦးထင်ကျော် ၇/ပခန(နိုင်)၁၇၄၇၇၄၊ ဦးသိန်းထိုက်လွင် ၇/ပခန(နိုင်) ၁၇၉၁၂၇၊ ဦးအောင်မင်း ၇/ပခန(နိုင်)၁၉၁၀၀၄တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

အောက်ဖော်ပြပါ ပစ္စည်းစာရင်းရှိ မြေကွက်+အဆောက်အအုံ၊ လယ်ယာမြေကွက်များသည် ဒေါ်မြလွင်၏ အမည်ပေါက်ပိုင်ဆိုင်လက်ရှိထားလုပ်ကိုင်သော မရွှေ့မပြောင်းနိုင်သော ပစ္စည်းများဖြစ်ပါသည်-

**ဒေါ်မြလွင်၏ ပိုင်ဆိုင်မှုပစ္စည်းစာရင်း**

၁။ ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်အမှတ် (၁)၊ ကွင်းအမှတ်-၆၊ ဦးပိုင်အမှတ်-၁၄ခ၊ ၁၅က၊ ၁၅ခ၊ ၁၆က၊ ၁၆ခ ရှိ ဧရိယာ ၀ ဒသမ ၁၃၇ဧကအကျယ်အဝန်းရှိခြံမြေကွက်(၁)ကွက်နှင့် အဆောက်အအုံများ။

၂။ ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၁)၊ မြေတိုင်းအမှတ်(၆)၊ ဦးပိုင်အမှတ်-၅ခ၊ ၆က၊ ၆ခ၊ ၇က ၊ ၇ခဟု ခေါ်တွင်သော ၀ ဒသမ ၁၃၇ ဧကရှိ ခြံမြေကွက်။

၃။ ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး (၁)၊ မြေတိုင်းအမှတ်(၆)၊ ဦးပိုင်အမှတ်-၈က၊ ၈ခ၊ ၉က၊ ၉ခ ဟု ခေါ်တွင်သော ၀ ဒသမ ၁၂၄ ဧကရှိ ခြံမြေကွက်။

၄။ ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး (၁)၊ မြေတိုင်း (၆)၊ (၁)လမ်း၊ အမှတ် (၆၇/ခ)ရှိ ပေ (၂၀x၆၀) ခြံမြေကွက် (၁)ကွက်။

၅။ ပဲခူးမြို့၊ ဇိုင်း/မြောက်ရပ်ကွက်၊ မြေကွက်အမှတ် (၅-ဘီ)၊ ဦးပိုင်အမှတ် (၁၂၁)ရှိ ပေ (၄၂၅၀)အကျယ်အဝန်းရှိ သော ခြံမြေကွက် (၁)ကွက်နှင့် အဆောက်အအုံများ။

၆။ ပဲခူးမြို့၊ ပန်းလှိုင်ရပ်ကွက်၊ (၂၃)လမ်း၊ အမှတ် (၉၆)ဟုခေါ်တွင်သော ပန်းလှိုင်အမှတ် (၁၂)၊ ပန်းလှိုင်ကမ်းနားရပ်၊ ဦးပိုင်အမှတ်-၆၀(ခ)ရှိ ၀ဒသမ၀၃၅ဧကရှိ မြေနှင့် အဆောက်အအုံ။

၇။ ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး (၅)၊ မြေကွက်အမှတ်(၂၆)ဟု ခေါ်တွင်သော ပေ (၄၀x၆၀)၊ ၀ ဒသမ ၀၅၅ ဧကရှိမြေကွက်။

၈။ ပဲခူးမြို့၊ ဥဿာမြို့သစ်၊ အနော်ရထာလမ်းမ၊ မြေကွက်အမှတ်(၆)၊ အမှတ် (၉၁)၊ (၉၂)ရှိ ပေ (၄၀x၆၀)ရှိ မြေကွက် (၂)ကွက်။

၉။ ပဲခူးမြို့၊ ကလျာဏီရပ်ကွက်၊ မြသပိတ် (၁)လမ်း၊ မြေကွက်အမှတ် (မ/၃)ရှိ ပေ (၄၀၀x၁၀၀)အကျယ်အဝန်းရှိ မြေကွက် (၁)ကွက်။

၁၀။ ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး (၈)၊ မြေကွက်အမှတ် (၄၈၆/၄၈၇)၊ စက်မှုဇုန်လမ်း၊ စာကလေးကွင်း ကျေးရွာ ပေ (၄၀x၆၀) ရှိ ခြံမြေကွက် (၂)ကွက်။

၁၁။ ပဲခူးမြို့၊ မုန်တိုင်းကျေးရွာ၊ (၂၃)လမ်းရှိ (၁၂၆x၆၂)ပေရှိ မြေကွက်။

၁၂။ ပဲခူးမြို့၊ မုန်တိုင်းကျေးရွာ၊ မုန်တိုင်းကွင်း၊ အကွက်အမှတ်(၆၂၉)၊ ဦးပိုင်အမှတ်-၄၇၊ ၈ ဒသမ ၅၇ ဧက၊ အကွက်အမှတ်တူ ဦးပိုင်အမှတ်(၄၆)၊ ၆ ဒသမ ၅၉ ဧက၊ ဦးပိုင်အမှတ်(၅၇)၊ ၂ ဒသမ ၂၀ဧက၊ ဦးပိုင်အမှတ်( ၅၈)၊ ၂ ဒသမ ၃၇ ဧက၊ ဦးပိုင်အမှတ်(၅၉)၊ ၆ ဒသမ ၄၄ ဧက၊ ဦးပိုင်အမှတ်(၆၂)၊ ၁ ဒသမ ၄၄ ဧက၊ ဦးပိုင်အမှတ်(၁၅/၂)၊ ၀ ဒသမ ၂၄ ဧက၊ ဦးပိုင်အမှတ်(၄၂/၂)၊ ၄ ဒသမ ၅၆ ဧကရှိ လယ်မြေကွက်များ၊

၁၃။ ပဲခူးမြို့၊ ကတွင်းခြံကျေးရွာရှိ အကွက်အမှတ်-၆၃၀၊ ဦးပိုင်အမှတ် (၈/၁)၊ ၇ ဒသမ ၅၇ ဧက နှင့် ဦးပိုင် အမှတ်(၉/၁)၊ ၅ ဒသမ ၁၇ ဧက ရှိ လယ်မြေကွက်များ၊

၁၄။ ပဲခူးမြို့၊ ဝါးမရမ်းကျေးရွာအုပ်စု၊ ကွင်းအကွက်အမှတ်နှင့်အမည်-၀ss-၇၅၊ ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ်-N-၂+N-၃ ၊ ဧရိယာ ၂၇ ဒသမ ၅၃ ဧကရှိ ဥယျာဉ်ခြံမြေ။

ယနေ့အချိန်အထိ ဒေါ်မြလွင်မှ အထက်ဖော်ပြပါ လယ်ယာမြေများ၊ မြေကွက်များနှင့် ၎င်းမြေပေါ်ရှိ အဆောက်အဦများ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်နှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်အား ပေးကမ်းထားခြင်း၊ ရောင်းချခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမရှိခဲ့ပါ။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပစ္စည်းများအား မိခင် ဒေါ်မြလွင်နှင့်အတူ အထက်ပါ သားသမီးများ၏ သဘောတူခွင့်ပြုချက်မရှိဘဲ ပိုင်ဆိုင်မှုကိစ္စအဝဝကို တစ်နည်းနည်းပြုလုပ်ဆောင်ရွက်ခြင်း၊ အမည်ပြောင်းလဲခြင်း၊ ကိုယ်စားလှယ်လွှဲပြောင်းခြင်းများအားလုံးဝ(လုံးဝ)ခွင့်မပြုပါကြောင်းနှင့် ပြုလုပ်ဆောင်ရွက်လာပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးကြည်ခိုင် (LL.B)
အထက်တန်းရှေ့နေ(စဉ်-၂၅၁၄၉/၃၁-၈-၂၀၀၆)
အမှတ်-၂၈၈၁၊ အင်းဝင်(၈)လမ်း၊ နန်းတော်ရာရပ်ကွက်၊ ပဲခူးမြို့
ဖုန်း- ၀၉- ၂၅၄၇၆၉၈၆၇

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဈေးမရပ်ကွက်၊ အလကလမ်းနေ ဦးညဏ်လင်း ၈/စလန(နိုင်) ၀၆၆၈၈၅၏ ဒုတိယမြောက်သား မောင်တည်ငြိမ်ခန့် ၈/စလန(နိုင်)၁၉၀၉၀၁သည် မိဘမောင်နှမများ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်အေးအေးသင်း (LL.B)အထက်တန်းရှေ့နေ (စဉ်- ၅၄၈၆၉)
ဖုန်း- ၀၉- ၄၀၃၂၁၀၉၀၅

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-၁၊ ကုန်းဖောက်/သင်္ဂမော်ကွင်း၊ ဦးပိုင်အမှတ်(၅၀၆)၊ မြေဧရိယာ ၀ ဒသမ ၀၂၇ ဧကရှိ မြေကွက်အား မြေငှားဂရန်အမှုတွဲအမှတ် ၁၁၈/၂၀၁၅-၂၀၁၆အရ ဒေါ်ဇင်မာအေးအမည်ဖြင့် ပိုင်ဆိုင်ခဲ့ပြီး ဒေါ်ဇင်မာအေး၏ အထွေထွေကိုယ်စားလှယ်ရရှိသူ ဒေါ်အင်ချိုထံမှ အရောင်းအဝယ်စာချုပ် အမှတ် (၁၉၈/၂၀၂၂)ဖြင့် ဒေါ်ယမင်းစိုးမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်ယမင်းစိုး ၆/ကစန(နိုင်)၀၇၀၄၇၂ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ကော်လိတ်တွော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြိတ်မြို့

## အရွယ်မရောက်သေးသူအတွက်

## အုပ်ထိန်းသူအဖြစ်ခန့်ထားရန်

## လျှောက်ထားကြောင်းအကြောင်းကြားစာ

( အုပ်ထိန်းသူနှင့်အုပ်ထိန်းခံရသူတို့အက်ဥပဒေပုဒ်မ-၁၁)

ကျိုက်ထိုခရိုင်တရားရုံးတော်

၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁

ဦးပန်းစိန် လျှောက်ထားသူ

အမှတ်(၂၁)၊ အနောက်မင်္ဂလာလမ်း၊ ဘိုးရာဇာရပ်ကွက်၊ ဘီးလင်းမြို့နေ အရွယ်မရောက်သေးသူ မောင်ပိုင်ဘုန်းပြည့်နှင့် ၎င်းပိုင်သော ပစ္စည်းအကြောင်း။

အုပ်စု(၂)၊ (၂)လမ်း၊ ဗိုလ်တေဇရပ်ကွက်၊ ဘီးလင်းမြို့နေ အဘိုးတော်စပ်သူ ဦးပန်းစိန် အထက်အမည်ပါရှိသော အရွယ်မရောက်သေးသူ မောင်ပိုင်ဘုန်းပြည့်သည် အသက်(၁၀)နှစ်ခန့်ရှိသူဖြစ်ပြီး ၎င်းက ကျွေးမွေးခေါ်ယူစောင့်ရှောက်ပေးထားကြောင်း မြေးအရင်းတော်စပ်ပြီး အနီးစပ်ဆုံးဆွေမျိုးဖြစ်သည်ဟူ၍ ၎င်းသူ၏ ကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းသူအဖြစ်ခန့်ထားပါမည့်အကြောင်း လျှောက်ထားသည်ဖြစ်၍ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ထားချက်ကို ၂၀၂၃ ခုနှစ်ဇန်နဝါရီလ ၃၀ ရက်(၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၁၀ ရက်)တွင် ဆိုင်ဆိုရန် ချိန်းဆိုသည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ လ ၁၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(စိုးလင်းအောင်)
ခရိုင်တရားသူကြီး
ကျိုက်ထိုခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀

ဘီးလင်းမြို့နယ်တရားရုံးတော်၌

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၆၁

ဦးဇော်ဦး နှင့် ဒေါ်မေဖြိုးသူသူဦး
တရားလို တရားပြိုင်

ဘီးလင်းမြို့၊ ကန်သာယာရပ်ကွက်(၈)၊ အင်းဝိုင်းကုန်းနေ ဒေါ်မေဖြိုးသူသူဦး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးဇော်ဦးက လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၇ ရက် (၁၃၈၄ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။၎င်းပြင် တရားလိုက ကြည့်ရှုလို သည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့် အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကေသီအောင်)
မြို့နယ်တရားသူကြီး
ဘီးလင်းမြို့နယ်တရားရုံး

## ဖခင်အမည်မှန်

ဖောင်းပြင်မြို့၊ အထက (G-11) မှ မနုနုဝင်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းလွင် ၅/ဖပန(နိုင်)၀၅၄၆၈၃ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8J /3849 Shwe Mandalar MPV Micro Bus ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဌေး၅/ဒပယ(နိုင်)၀၂၁၈၈၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာသည့် ရက်မှရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ (မုံရွာ)

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W /97866 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇာဇာမြင့် ၅/ဝလန(နိုင်)၁၀၈၆၅၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာသည့် ရက်မှရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

ကညန၊ (ရွှေဘို)

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 78W/ 45458 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးဖိုးသိန်း ၁၄/ဇလန(နိုင်)၁၃၉၇၅၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ဟင်္သာတ)

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5H/4422 Vauxchall Astra Station Wagon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးလင်းသီဟ ၁၂/အလန(ပြု)၀၀၀၂၃၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်မြောက်ပိုင်း)အင်းစိန်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

❖ **ကျွန်တော်တို့အစိုးရအနေနဲ့ တိုင်းပြည်တာဝန်များကို ထမ်းဆောင်နေရချိန်မှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ တာဝန်ထမ်းဆောင်နေခြင်းသာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း လိုက်နာဆောင်ရွက်ခြင်း၊ ရပ်တည်နေခြင်းတို့ဟာ ဒီမိုကရေစီနည်းလမ်းကျ ပေါ်ထွက်လာတဲ့ အခြေခံဥပဒေကို ထိန်းသိမ်းစောင့်ရှောက်နေတာ၊ တစ်နည်းအားဖြင့် ပြည်သူလူထု လိုလားတောင့်တတဲ့ ဒီမိုကရေစီစနစ်ကို ထိန်းသိမ်းစောင့်ရှောက်နေတာပဲဖြစ်တယ်လို့ ခိုင်ခိုင်မာမာပြောလိုပါတယ်။ ဒါ့ကြောင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအနေနဲ့လည်း အစိုးရနဲ့ လက်တွဲပြီး ဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ကြဖို့၊ ငြိမ်းချမ်းရေးလမ်းကို လျှောက်လှမ်းကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ချုပ်ဆိုခြင်း (၇)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# ဘားအံမြို့ရှောင်လမ်း ရာခိုင်နှုန်းပြည့် ပြီးစီးတော့မည်

**နေပြည်တော် ဇန်နဝါရီ ၂၁**

ကရင်ပြည်နယ် ဘားအံမြို့ရှိ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ ယာဉ်ကြောပိတ်ဆို့မှုနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်မတော်တဆမှု လျှော့ချရေး၊ အချိန်ကုန်သက်သာ၍ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ကောင်းမွန်စေရေးအတွက် ဘားအံမြို့ရှောင်လမ်းကို တည်ဆောက်လျက်ရှိရာ ယခုအခါ ရာခိုင်နှုန်းပြည့် ပြီးစီးတော့မည်ဖြစ်ကြောင်း လမ်းဦးစီးဌာနမှ သိရသည်။

"လာမယ့် မတ်လဆိုရင် ရာခိုင်နှုန်းပြည့် ပြီးစီးတော့မှာဖြစ်ပါတယ်။ အဓိကကတော့ ကျွန်တော်တို့အနေနဲ့ လမ်းအသုံးပြုသူ ပြည်သူတွေ မြန်မြန်ဆန်ဆန် အဆင်ပြေပြေ အသုံးပြုနိုင်အောင် ကြိုးပမ်းဆောင်ရွက်ရတာဖြစ်ပါတယ်။ မြို့ရှောင်လမ်းကို စတင်ဆောင်ရွက်ခဲ့တာက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှာဖြစ်ပါတယ်" ဟု လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ညိုက ပြောသည်။

*စာမျက်နှာ ၁၈ ကော်လံ ၁* ◆



ဘားအံမြို့ရှောင်လမ်း(ကြိုဂံလမ်းဆုံ-ရဲသာ-လှာကဒေါင်အပိုင်း) ကွန်ကရစ်လမ်းကို တွေ့ရစဉ်။

# လီဗာပူးနှင့် ချယ်ဆီး သရေကျပြီး ဝက်စ်ဟမ်းနှင့် ဗီလာအနိုင်ရ



ပရီမီယာလိဂ်ပွဲစဉ် (၂၁) မှ အကောင်းဆုံး ပွဲစဉ်ဖြစ်သည့် လီဗာပူးနှင့် ချယ်ဆီးအသင်းတို့ပွဲစဉ်ကို ဇန်နဝါရီ ၂၁ ရက် ည ၇ နာရီက ယှဉ်ပြိုင်ကစားခဲ့ရာ အပြန်အလှန် ထိုးဖောက်တိုက်စစ်ဆင်ကစားမှုနှင့် အကြိမ်ကြိမ် ဂိုးကန်သွင်းမှု ပြုလုပ်နိုင်ခဲ့သော်လည်း ဂိုးမရှိသရေဖြင့်သာ အဆုံးသတ်ခဲ့သည်။

လီဗာပူးအသင်းရော ချယ်ဆီးအသင်းပါ နိုင်ပွဲရရှိရေးကို ဦးတည်လာသည့်အတွက် ပြိုင်ပွဲမှာ ပွဲစသည်နှင့်တစ်ပြိုင်နက် ပြင်းထန်

*စာမျက်နှာ ၂၁ ကော်လံ ၅* ❐


**ယနေ့ သတင်းအညွှန်း**

**အမေရိကန်နိုင်ငံ၌ တုပ်ကွေးရောဂါကြောင့် ဖျားနာသူပေါင်း ၂၅ သန်းနှင့် သေဆုံးသူပေါင်း ၁၇၀၀၀ ရှိလာ** — နိုင်ငံတကာသတင်း စာ ၁၃

**ဂူဂဲလ်၏ မိခင်ကုမ္ပဏီ အယ်လ်ဖာဘက်က အလုပ်အကိုင်နေရာပေါင်း ၁၂၀၀၀ လျှော့ချ** — နိုင်ငံတကာသတင်း စာ ၁၄

**ကောက်ရိုးမှိုနှင့် ငွေနှင်းမှို စိုက်ပျိုးရေးကို မုံရွာမြို့မှတောင်သူများ စိတ်ပါဝင်စားလျက်ရှိ** — စိုက်၊ မွေး၊ စီးပွား စာ ၂၀

**အသင်းအပြောင်းအရွှေ့နှင့်ပတ်သက်ပြီး ဂျူဗင်တပ်စ်အသင်း ၁၅ မှတ်လျှော့ခံရ** — အားကစားသတင်း စာ ၂၁